## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၂ )

## ၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ( ၃ ) ရက်

## ( ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၀၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု နည်းဥပဒေများ ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေတွင် ပါရှိသော စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **ဥပဒေ** ဆိုသည်မှာ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကို ဆိုသည်။

( ခ) **သုံးဘီးတပ်ယာဉ်** ဆိုသည်မှာ ဘီးသုံးဘီးအား အချိုးညီ တပ်ဆင်ထားသော မူလစက်ရုံထုတ် မော်တော်ယာဉ်ကို ဆိုသည်။

( ဂ) **သုံးဘီးမော်တော်ဆိုင်ကယ်** ဆိုသည်မှာ ကုန်ပစ္စည်းတင်ဆောင်ရန် ရည်ရွယ်ထုတ်လုပ်ထားသော သုံးဘီးတပ်ယာဉ်ကို ဆိုသည်။

(ဃ) **လူစီးသုံးဘီးမော်တော်ယာဉ်** ဆိုသည်မှာ အမိုးနှင့် ဘေးကာများပါဝင်ပြီး လူစီးနင်းရန်အတွက် ရည်ရွယ်ထုတ်လုပ်ထားသော သုံးဘီးတပ်ယာဉ်ကို ဆိုသည်။

( င ) **ချိတ်ဆွဲယာဉ် (Tractor)** ဆိုသည်မှာ နောက်တွဲဆွဲရန် ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ကိရိယာများ တပ်ဆင်တည်ဆောက်ထားသော မော်တော်ယာဉ်ကို ဆိုသည်။

(စ) **ထရော်လာဂျီ (Trawlergi)** ဆိုသည်မှာ သမားရိုးကျ ကုန်တင်ဝန်ပေါ့ယာဉ်တွင် ပါဝင်သော အစိတ်အပိုင်းအချို့ ပါဝင်နိုင်ပြီး ယင်းတို့ထက် အရွယ်အစားသေးငယ်၍ အများဆုံး အင်ဂျင်ဆလင်ဒါ နှစ်လုံးတပ်ဆင်ထားပြီး အမြန်နှုန်း တစ်နာရီလျှင် ၅၀ ကီလိုမီတာ အောက်သာ မောင်းနှင်နိုင်သည့် မော်တော်ယာဉ်ကို ဆိုသည်။

(ဆ) **တက္ကစီယာဉ်** ဆိုသည်မှာ ယာဉ်မောင်းနှင်သူမှအပ စီးနင်းသူ ငါးဦးထက်ပို၍ တင်ဆောင်ခြင်းမပြုရသည့် အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားသော လူစီးမော်တော်ယာဉ်ကို ဆိုသည်။

( ဇ ) **စက်ယန္တရား** ဆိုသည်မှာ မော်တော်ယာဉ်တွင် တပ်ဆင်ထားသော ဘီးကိုအသုံးပြု၍ဖြစ်စေ၊ ချိန်းကြိုးကို အသုံးပြု၍ဖြစ်စေ၊ ဒလိမ့်ကို အသုံးပြု၍ဖြစ်စေ စက်စွမ်းအားဖြင့် လွတ်လပ်စွာ ရွေ့လျားမောင်းနှင်နိုင်သည့် မော်တော်ယာဉ်နှင့် အထူးပြုလုပ်ငန်းများ ဆောင်ရွက်ရန် အထူးပြုကိရိယာများနှင့် နည်းပညာမြင့်ပစ္စည်းများ ပေါင်းစပ်ထားသော မော်တော်ယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် မြေထိုးစက်၊ မြေတင်စက်၊ လမ်းကြိတ်စက်၊ ရွေ့လျားကျောက်ခွဲစက်၊ ဝန်ချီစက်၊ နိုင်လွန်ကတ္တရာဖျန်းယာဉ်နှင့် အခြားစက်ယန္တရားများလည်း ပါဝင်သည်။

(ဈ) **အထူးတည်ဆောက်ထားသော မော်တော်ယာဉ် (Special Motor Vehicle)** ဆိုသည်မှာ လူစီးယာဉ်၊ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်နှင့် သီးသန့်ကုန်တင်ယာဉ်များ မဟုတ်သော မော်တော်ယာဉ်ဖြစ်ပြီး အခြားယာဉ်များကို ဆွဲယူရန်၊ ကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်ရန်နှင့် အခြားအထူးလုပ်ငန်းများ ဆောင်ရွက်ရန် စီမံထုတ်လုပ်ထားသော မော်တော်ယာဉ်ကို ဆိုသည်။

( ည) **လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်(Electric Vehicle)** ဆိုသည်မှာ လျှပ်စစ်စွမ်းအင်ဖြင့် မောင်းနှင်သွားလာသော မော်တော်ယာဉ် ကို ဆိုသည်။

( ဋ ) **လျှပ်စစ်မျိုးစပ်စွမ်းအင်သုံး မော်တော်ယာဉ် (Electric-Hybrid Vehicle)** ဆိုသည်မှာ အတွင်းပေါက်လောင်အင်ဂျင်အားနှင့် လျှပ်စစ်စွမ်းအင် ပေါင်းစပ်မှုဖြင့် မောင်းနှင်သွားလာသော မော်တော်ယာဉ်ကို ဆိုသည်။

(ဌ) **သမားရိုးကျ လောင်စာစွမ်းအင်သုံး မော်တော်ယာဉ်** ဆိုသည်မှာ အတွင်းပေါက်လောင်အင်ဂျင်အားဖြင့် မောင်းနှင်သွားလာသော မော်တော်ယာဉ်ကို ဆိုသည်။

(ဍ) **အငှားယာဉ်** ဆိုသည်မှာ ကိုယ်ပိုင်မော်တော်ယာဉ်ကို စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်အဖြစ် ပြောင်းလဲမှတ်ပုံတင်ထားသည့် မော်တော်ယာဉ်ကို ဆိုသည်။

(ဎ) **ကုန်တင်ယာဉ်** ဆိုသည်မှာ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် ရည်ရွယ်၍ တည်ဆောက် တပ်ဆင်ထားသော မော်တော်ယာဉ်ကိုဆိုသည်။ ယင်းစကားရပ်တွင် ကုန်တင်ယာဉ်(ဝန်ပေါ့)နှင့် ကုန်တင်ယာဉ်(ဝန်လေး) တို့ပါဝင်သည်။

(ဏ) **ကုန်တင်ယာဉ်(ဝန်ပေါ့)** ဆိုသည်မှာ ဝန်တင်အား ကုန်အလေးချိန် သုံးတန် (၃၀၀၀ ကီလိုဂရမ်) အထိ တင်ဆောင်နိုင်သော မော်တော်ယာဉ်ကို ဆိုသည်။

(တ) **ကုန်တင်ယာဉ်(ဝန်လေး)** ဆိုသည်မှာ ဝန်တင်အားကုန်အလေးချိန် သုံးတန် (၃၀၀၀ ကီလိုဂရမ်) အထက် တင်ဆောင်နိုင်သော မော်တော်ယာဉ်ကို ဆိုသည်။

(ထ) **ခရီးသည်တင်ယာဉ်** ဆိုသည်မှာ ခရီးသည်များကို တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ပေးသော ယာဉ်မောင်းနှင်သူအပါအဝင် ခရီးသည်အရေအတွက် ၁၅ ဦး အထက် တင်ဆောင်နိုင်သော မော်တော်ယာဉ်ကိုဆိုသည်။ ယင်းစကားရပ်တွင် မြို့တွင်းခရီးသည်တင်ယာဉ်နှင့် အဝေးပြေး ခရီးသည်တင်ယာဉ်တို့ ပါဝင်သည်။

(ဒ) **မော်တော်ယာဉ်ငယ်** ဆိုသည်မှာ ဝန်တင်အား ကုန်အလေးချိန် သုံးတန် (၃၀၀၀ ကီလိုဂရမ်) အထိ သို့မဟုတ် ယာဉ်မောင်းနှင်သူ အပါအဝင် ခရီးသည်အရေအတွက် ၁၅ ဦး အထိ တင်ဆောင်နိုင်သော မော်တော်ယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် သုံးဘီးတပ်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ထရော်လာဂျီ တို့ပါဝင်သည်။

(ဓ) **မော်တော်ယာဉ်ကြီး** ဆိုသည်မှာ ဝန်တင်အား ကုန်အလေးချိန် သုံးတန် (၃၀၀၀ ကီလိုဂရမ်) အထက် သို့မဟုတ် ယာဉ်မောင်းနှင်သူ အပါအဝင် ခရီးသည်အရေအတွက် ၁၅ ဦး အထက် တင်ဆောင်နိုင်သော မော်တော်ယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် နောက်တွဲယာဉ်၊ ချိတ်ဆွဲယာဉ်နှင့် စက်ယန္တရား တို့ပါဝင်သည်။

(န) **ဝန်မပါအလေးချိန်** ဆိုသည်မှာ မော်တော်ယာဉ်မောင်းနှင်သူ၊ ယာဉ်အကူ၊ စီးနင်းလိုက်ပါသူများနှင့် ကုန်ပစ္စည်းများ မပါရှိသည့် မော်တော်ယာဉ်၏အလေးချိန်ကို ဆိုသည်။ ထိုအလေးချိန်တွင် ဆီတိုင်ကီတွင်ဆန့်သော လောင်စာဆီ၊ အရန်ဘီးနှင့် ကိရိယာတန်ဆာပလာများ၏ အလေးချိန်တို့လည်း ပါဝင်သည်။

(ပ) **ဝန်ပါအလေးချိန်စုစုပေါင်း (Gross Vehicle Weight–GVW)** ဆိုသည်မှာ မော်တော်ယာဉ်ဒီဇိုင်းနှင့် တည်ဆောက်ပုံအရ မူလယာဉ်ထုတ်လုပ်သူက သတ်မှတ်ဖော်ပြထားသော အများဆုံး တင်ဆောင်နိုင်သည့်ဝန်နှင့် မော်တော်ယာဉ်၏ အလေးချိန်စုစုပေါင်းကို ဆိုလိုသည်။

(ဖ) **မော်တော်ယာဉ်၏ရုပ်သဏ္ဌာန်** ဆိုသည်မှာ မော်တော်ယာဉ်၏ အမျိုးအမည် (Make and Model)နှင့် ထုတ်လုပ်ခုနှစ်(Model Year) တို့ကို ဖော်ညွှန်းသည့် မော်တော်ယာဉ် ရှေ့အဖုံး (Bonnet)၊ ဘေးအကာ (Side Fender)၊ ရှေ့ဘန်ပါ (Bumper)၊ ယာဉ်ရှေ့ အပြင်ပန်း (Front Grille/ Shell)၊ ရှေ့မီးကြီး (Head Lamp)၊ ရှေ့အချက်ပြမီးများ (Signal Lamps)၊ နောက်ကြည့်မှန် (Rear View Mirror)၊ မောင်းနှင်စနစ် (Driving System)၊ ရှေ့လေကာမှန် (Wind Shield)၊ ယာဉ်မောင်းနှင်သူအခန်း (Driver Cab Structure)နှင့် ရွှံ့ကာ (Mudguard)တို့ပါဝင်သော မော်တော်ယာဉ်၏ ဦးခေါင်းပိုင်းပုံစံ ကိုဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ယာဉ်၏ ဦးခေါင်းပိုင်းနှင့် ကိုယ်ထည် တစ်စပ်တည်း တည်ဆောက်ထားပါက အထက်ဖော်ပြပါ အချက်များအပြင် ကိုယ်ထည် (Body Coach)၊ နောက်ပိတ် (Back Door)၊ နောက်မီးများ(Rear Lamps)၊ နောက် အချက်ပြမီးများ (Rear Signal Lamps)၊ နောက်ဘန်ပါ (Rear Bumper) တို့ပါဝင် သည့် မော်တော်ယာဉ် တစ်စီးလုံး အကျုံးဝင်သည်။

(ဗ) **မော်တော်ယာဉ်စစ်ဆေးခြင်း** ဆိုသည်မှာ မော်တော်ယာဉ်များကို တရားဝင်မှတ်ပုံတင် ထားခြင်း ရှိ မရှိ၊ အများပြည်သူဆိုင်ရာနေရာတွင် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွား လာနိုင်ခြင်း ရှိ မရှိ၊ သတ်မှတ်ထားသည့် စံချိန်၊ စံညွှန်းနှင့်ညီညွတ်ခြင်း ရှိ မရှိနှင့် မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ထိခိုက်မှု ရှိ မရှိ စစ်ဆေးခြင်းကို ဆိုသည်။

(ဘ) **ယာဉ်စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ မော်တော်ယာဉ်စစ်ဆေးခြင်းကို ဆောင်ရွက်သော မော်တော်ယာဉ်စစ်ဆေးသူအင်ဂျင်နီယာ ပါဝင်သောအဖွဲ့ သို့မဟုတ် တာဝန်ခံအင်ဂျင် နီယာ ဦးဆောင်သည့် ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူများ ပါဝင်သောအဖွဲ့ကို ဆိုသည်။

(မ) **မော်တော်ယာဉ်စစ်ဆေးသူအင်ဂျင်နီယာ** ဆိုသည်မှာ မော်တော်ယာဉ် စစ်ဆေးခြင်းကို ဆောင်ရွက်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ထားသူကိုဆိုသည်။

**(ယ) မော်တော်ယာဉ်စစ်ဆေးမှုငြင်းပယ်ရခြင်းကြေညာလွှာ (Notice of Vehicle Inspection Refusal)** ဆိုသည်မှာ စစ်ဆေးခံသော မော်တော်ယာဉ်သည် သတ်မှတ်ထားသော မော်တော်ယာဉ်စစ်ဆေးမည့် အခြေခံအချက်များ သို့မဟုတ် အန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ စံသတ်မှတ်ချက်တို့ကို ပြည့်မီရန် ကျေနပ်ဖွယ်ရာမရှိခြင်း သို့မဟုတ် အန္တရာယ် ဖြစ်စေနိုင်သောချို့ယွင်းချက် တစ်ခုခုရှိခြင်းတို့ကြောင့် ပြန်လည်ပြုပြင်စေရန် မော်တော် ယာဉ်စစ်ဆေးသူ အင်ဂျင်နီယာ သို့မဟုတ် တာဝန်ခံအင်ဂျင်နီယာက ထုတ်ပေးသည့် ငြင်းပယ်လွှာကို ဆိုသည်။

(ရ) **မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံ** (Inspection Center) ဆိုသည်မှာ သတ်မှတ်ထားသော မော်တော်ယာဉ်စစ်ဆေးသည့် အခြေခံအချက်များအပြင် စက်ကိရိယာ (Vehicle Inspection Equipment)များဖြင့် မော်တော်ယာဉ်၏ ကြံ့ခိုင်ကောင်းမွန်မှုကို စစ်ဆေးပေးသည့် အလုပ်ရုံကို ဆိုသည်။

(လ) **မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူ** (Private Operator for Vehicle Inspection) ဆိုသည်မှာ မော်တော်ယာဉ် စစ်ဆေးခြင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းလိုင်စင်ရယူပြီး လုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။

(ဝ) **မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်းကြီးကြပ်သူ** ဆိုသည်မှာ မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံ (Inspection Center) တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အလုပ်ရုံများ လုပ်ငန်းလည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် မော်တော်ယာဉ်စစ်ဆေးခြင်း လုပ်ငန်းတွင် အရည်အသွေးထိန်းချုပ်ခြင်းအတွက် တာဝန်ရှိသူကို ဆိုသည်။

(သ) **တာဝန်ခံအင်ဂျင်နီယာ** ဆိုသည်မှာ ပုဂ္ဂလိကကစီမံခန့်ခွဲသည့် မော်တော်ယာဉ် စစ်ဆေးရေး အလုပ်ရုံ လုပ်ငန်းလည်ပတ်ခြင်းနှင့် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ နှင့်အညီ တာဝန်ခံ ဆောင်ရွက်ရသူကို ဆိုသည်။

(ဟ) **ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူ** ဆိုသည်မှာ ဦးစီးဌာနကိုယ်စား မော်တော်ယာဉ် စစ်ဆေးခြင်းဆောင်ရွက်ရန် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူက ခန့်အပ်ထားသူကို ဆိုသည်။

(ဠ) မော်တော်ယာဉ်စစ်ဆေးရေးလိုင်းငယ် (Small Test Lane) ဆိုသည်မှာ ဝန်တင်အားကုန်အလေးချိန် တစ်တန် (၁ဝဝဝ ကီလိုဂရမ်) အထိ တင်ဆောင်နိုင်သော ကုန်တင်ယာဉ်ကိုလည်းကောင်း၊ ယာဉ်မောင်းနှင့်သူ အပါအဝင် ခရီးသည်အရေအတွက် ၁၅ ဦး အထိတင်ဆောင်နိုင်သော မော်တော်ယာဉ်ကိုလည်းကောင်း စစ်ဆေးသည့် မော်တော်ယာဉ် စစ်ဆေးရေးလိုင်း ကိုဆိုသည်။

(အ) မော်တော်ယာဉ်စစ်ဆေးရေးလိုင်းကြီး (Large Test Lane) ဆိုသည်မှာ ဝန်တင်အားကုန်အလေးချိန် တစ်တန် (၁ဝဝဝ ကီလိုဂရမ်) အထက် တင်ဆောင်နိုင်သော ကုန်တင်ယာဉ်ကိုလည်းကောင်း၊ ယာဉ်မောင်းနှင့်သူအပါအဝင်ခရီးသည်အရေအတွက် ၁၅ ဦးအထက် တင်ဆောင်နိုင်သော ခရီးသည်တင်ယာဉ်ကိုလည်းကောင်း စစ်ဆေးသည့် မော်တော်ယာဉ် စစ်ဆေးရေးလိုင်း ကိုဆိုသည်။

(ကက)**အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်** (International Driving Permit – IDP) ဆိုသည်မှာ ၁၉၆၈ ခုနှစ်၊ ယာဉ်သွားလာမှုဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို လက်ခံကျင့်သုံးသည့်နိုင်ငံများက အဆိုပါကွန်ဗင်းရှင်းနှင့်အညီ ထုတ်ပေးထားသည့် မော်တော်ယာဉ် မောင်းနှင်ခွင့်ရှိကြောင်း အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည်။

(ခခ) **ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းသို့ တရားဝင် ခွင့်ပြုချက်ဖြင့် နယ်စပ်ဖြတ်ကျော်ပြီး ယာယီဝင်ရောက်လာသော ပြည်ပမှတ်ပုံတင် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ မောင်းနှင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ် သို့မဟုတ် နိုင်ငံအချင်းချင်းသဘောတူညီချက်ဖြင့် လက်မှတ် ရေးထိုးထားသော စာချုပ်ဝင်နိုင်ငံများက ထုတ်ပေးသည့် ယာဉ်မောင်းလိုင်စင် မဟုတ်သည့် အခြားသက်တမ်းရှိ ယာဉ်မောင်းလိုင်စင်တစ်ခုခုကို ကိုင်ဆောင်ထားသော ယာဉ်မောင်းနှင် သူများကို ထုတ်ပေးသည့် မော်တော်ယာဉ်မောင်းနှင်ခွင့်ရှိကြောင်း အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည်။

(ဂဂ) **ဒေသဆိုင်ရာသဘောတူစာချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံက စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင် သော ဒေသအတွင်း ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံနှင့် တစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်ပြီး သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်များနှင့် အခြေပြစာချုပ်ငယ်များ ပါဝင်သည်။

(ဃဃ)**စာချုပ်ဝင်နိုင်ငံ** ဆိုသည်မှာ ဒေသဆိုင်ရာသဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံကို ဆိုသည်။

(ငင) **မော်တော်ယာဉ်မောင်းသင်တန်းကျောင်း** ဆိုသည်မှာ အခကြေးငွေ သို့မဟုတ် အကျိုး ကျေးဇူးတစ်ခုခုကိုရယူ၍ မော်တော်ယာဉ်မောင်းခြင်းအတတ်ပညာနှင့် ယာဉ်မောင်း နှင်သူ တစ်ဦးလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ သင်ကြားပေးသောကျောင်းကို ဆို သည်။

(စစ) **မော်တော်ယာဉ်စစ်ဆေးအရေးယူရန်တာဝန်ရှိသူ** ဆိုသည်မှာ မော်တော်ယာဉ်၊ ယာဉ် မောင်းနှင်သူနှင့် ယာဉ်အကူတို့ကို စစ်ဆေးရန်နှင့် လိုအပ်လျှင် အရေးယူရန် အလို့ငှာ တာဝန်ပေးအပ်ခြင်းခံရသော ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်း ကိုယ်စား တာဝန် ပေးအပ်ထားသော ရဲတပ်ဖွဲ့ဝင် တစ်ဦးဦးကိုလည်းကောင်း၊ ဦးစီးဌာနက တာဝန်ပေးအပ် ခြင်းခံရသော အရာရှိ သို့မဟုတ် အဆိုပါ အရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ် ထားသော ဝန်ထမ်းတစ်ဦးဦးကို လည်းကောင်းဆိုသည်။

(ဆဆ)**ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူ** ဆိုသည်မှာ လမ်းပေါ်၌ ယာဉ်အသွားအလာနှင့် လမ်းအသုံးပြုသူများ အသွားအလာကို ကြီးကြပ်ထိန်းသိမ်းရန် သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ သို့မဟုတ် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ မရှိသည့်ဒေသများတွင် နယ်မြေခံရဲတပ်ဖွဲ့ ကိုဆိုသည်။

(ဇဇ) **အနေးယာဉ်** ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းပေါ်တွင် သွားလာခွင့်ရှိသည့် စက်ဘီး၊ တိရစ္ဆာန်ဆွဲလှည်း၊ လက်တွန်းလှည်း၊ လက်ဆွဲလှည်း၊ ဘေးတွဲ သို့မဟုတ် နောက်တွဲဆိုက်ကား အစရှိသည်တို့ကို ဆိုသည်။

(ဈဈ) **လမ်းအသုံးပြုသူ** ဆိုသည်မှာ လမ်းကိုအသုံးပြုသော မော်တော်ယာဉ်မောင်းနှင်သူနှင့် စီးနင်းသူ၊ အနေးယာဉ်မောင်းသူနှင့် စီးနင်းသူနှင့် ခြေကျင်လျှောက်သူတို့ကို ဆိုသည်။

(ညည) **နှစ်လမ်းမောင်းလမ်း** ဆိုသည်မှာ မော်တော်ယာဉ်များ သက်ဆိုင်ရာယာဉ်ကြောအလိုက် မျက်နှာချင်းဆိုင် သွားလာခွင့်ရှိသော လမ်းကိုဆိုသည်။

(ဋဋ) **တစ်လမ်းမောင်းလမ်း** ဆိုသည်မှာ မော်တော်ယာဉ်များ မျက်နှာချင်းဆိုင်သွားလာခွင့် မရှိဘဲ သတ်မှတ်ထားသည့်ဘက်သို့သာ ဦးတည်မောင်းနှင်ရသည့်လမ်းကို ဆိုသည်။

(ဌဌ) **ယာဉ်ကြော** ဆိုသည်မှာ လမ်းတစ်လျှောက် မော်တော်ယာဉ်တစ်စီးချင်း ရှေ့နောက် ဦးတည် မောင်းနှင်သွားရန် သတ်မှတ်ထားသည့် လမ်းကြောင်းကို ဆိုသည်။

(ဍဍ) **အမြန်နှုန်း** ဆိုသည်မှာ မော်တော်ယာဉ်မောင်းနှင်နေစဉ် မော်တော်ယာဉ်၏ တစ်နာရီ ရွေ့လျားနှုန်းကို ဆိုသည်။

(ဎဎ) **ရပ်ခြင်း** ဆိုသည်မှာ မော်တော်ယာဉ်သွားလာမှုစည်းကမ်းအရ ရပ်ရမည့်နေရာများ တွင် ယာဉ်မောင်းနှင်သူက ယာဉ်ကိုထိန်းသိမ်းလျက် ခေတ္တရပ်ခြင်းကို ဆိုသည်။

(ဏဏ)**ရပ်ဆိုင်းခြင်း** ဆိုသည်မှာ ခရီးသည် သို့မဟုတ် ကုန်ပစ္စည်း တင်ရန်၊ ချရန်အတွက်သာ ယာဉ်မောင်းနှင်သူက ယာဉ်ကိုထိန်းသိမ်းလျက် ခေတ္တရပ်ခြင်းကို ဆိုသည်။

(တတ)**ရပ်နားခြင်း** ဆိုသည်မှာ ယာဉ်ရပ်နားရန် သတ်မှတ်သည့်နေရာတွင် စက်သတ်၍ ယာဉ်ရပ်ခြင်းကို ဆိုသည်။

(ထထ)“ဂ” **ငယ်ကွေ့** ဆိုသည်မှာ နှစ်လမ်းမောင်းတွင် ဦးတည်မောင်းနှင်နေသည့်ဘက်မှ မျက်နှာချင်းဆိုင်မောင်းနှင်သည့် အခြားတစ်ဘက်သို့ ‘ဂ’ ပုံသဏ္ဍာန်ဖြင့် ကွေ့ဝင်ခြင်း ကို ဆိုသည်။

(ဒဒ) **လမ်းနယ်** ဆိုရာတွင် မော်တော်ယာဉ်များနှင့် လမ်းအသုံးပြုသူများ အသုံးပြုနိုင်သည့် လမ်းမြေတစ်ပြင်လုံးနှင့် အောက်ပါတို့ ပါဝင် သည်–

(၁) မော်တော်ယာဉ်သွားလာရေးအတွက် ဖောက်လုပ်ထားသောလမ်းများ၊

(၂) မော်တော်ယာဉ်လမ်းများပေါ်ရှိ လမ်းလယ်ကျွန်းများနှင့် ကျွန်းအမှတ်အသားများ၊

(၃) မော်တော်ယာဉ်လမ်းဘေးရှိ လူသွားစင်္ကြံ သို့မဟုတ် သတ်မှတ်ထားသော လူသွားလမ်းနှင့် စက်ဘီးလမ်းများ၊

(၄) လမ်းပခုံးသားများ၊

(၅) လမ်းနံဘေးတွင် တည်ဆောက်ထားသော သို့မဟုတ် သတ်မှတ်ထားသော ယာဉ်ရပ်နားရန် နေရာများနှင့် ခရီးသည်တင်ယာဉ်များအတွက် သတ်မှတ်ထားသည့် မှတ်တိုင်နေရာများ၊

(၆) လမ်းနံဘေးရှိ လမ်းညွှန်းဆိုင်းဘုတ်များ၊ ယာဉ်ထိန်းအချက်ပြမီးတိုင်များ၊ ဓါတ်မီးတိုင်များ၊ ဓါတ်အားပြောင်းစက်များ၊ စာတိုက်ပုံးများ၊ တယ်လီဖုန်းတိုင်များနှင့် တယ်လီဖုန်းအဆက်အသွယ်ပုံးများ၊ လျှပ်စစ်စွမ်းအင် အသုံးပြုသော မော်တော်ယာဉ်များကို လျှပ်စစ်စွမ်းအင် ဖြည့်သွင်းရန်အတွက် တည်ဆောက်ထားသည့် နေရာများ၊ လမ်းအသုံးပြုခ ကောက်ခံရေးစခန်း(Toll Gate)နှင့် အဆိုပါ စခန်းရှိ ဆိုင်းဘုတ်များ၊ Radio Frequency Identification (RFID)နှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် Reader ၊ Antennaများ၊ ကင်မရာများ၊ လျှပ်စစ်မီတာပုံးများ၊ ဆက်သွယ် ရေးကိရိယာများ တပ်ဆင်ထားသော Gantryများ၊ Shape Pole တိုင်များ စသည်တို့ရှိသည့် နေရာများ၊

(၇) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၏ လမ်းနယ်သတ်မှတ်ချက်များဖြစ်သည့် လက်ရှိနှင့် နောင်ကာလ ယာဉ်သွားလာမှုပမာဏအတွက် သင့်လျော်မည့် လမ်းနှင့် ရေမြောင်းများတည်ဆောက်နိုင်ရန် လျာထားသတ်မှတ်သော လမ်းနယ် အကျယ်။

## အခန်း(၂)
## မော်တော်ယာဉ်မှတ်ပုံတင်ခြင်း

၃။ ဦးစီးဌာနသည် မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်များကိုတာဝန်ယူရမည်။ ဦးစီးဌာနသည် မိမိ၏လုပ်ပိုင်ခွင့်များကို မှတ်ပုံတင်အရာရှိသို့ လွှဲအပ်နိုင်သည်။

၄။ အောက်ပါ မော်တော်ယာဉ်များမှအပ ကျန်မော်တော်ယာဉ်များသည် ဦးစီးဌာန၌ မှတ်ပုံတင်ရမည် –

(က) တပ်မတော် (ကြည်း/ ရေ/ လေ) တွင်အသုံးပြုသော မော်တော်ယာဉ်များ၊

( ခ) လယ်ယာလုပ်ငန်းအတွက်သာလျှင် သီးသန့်အသုံးပြုသောယာဉ်များ (လယ်ထွန်စက်၊ ခြွေလှေ့စက်၊ ရိတ်သိမ်းစက် စသည်များ)၊

( ဂ) အများပြည်သူဆိုင်ရာနေရာများတွင် အသုံးမပြုသော မော်တော်ယာဉ်များ (စက်ယန္တရားမပါ)၊

(ဃ) ကမ်းစပ်၊ ရွှံ့နွံ၊ တောတောင်များတွင်သာ အသုံးပြုရန် အထူးပြုထုတ်လုပ်ထားသော ဘက်စုံလမ်းကြမ်းသုံး (All-Terrain Vehicle) အုပ်စုဝင် ယာဉ်များ။

၅။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို မှတ်ပုံတင်ရန် သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံ ဦးစီးဌာနက သတ်မှတ်သည့်ပုံစံဖြင့် လျှောက်ထားရမည်။

၆။ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် မော်တော်ယာဉ်များကို ကနဦးမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ယာဉ်စစ်ဆေးရာတွင် သက်ဆိုင်ရာအထောက်အထား ဖော်ပြချက်များနှင့် ကွဲလွဲပြီး ဘောင်အမှတ် ဖောက်ထည့်သွင်းထားခြင်း၊ ဘောင်အမှတ် ပြန်လည်ရိုက်နှိပ်ထားခြင်း၊ ထုတ်လုပ်ခုနှစ်ပုံစံကွဲလွဲခြင်းနှင့် နည်းဥပဒေများ အခန်း(၃)ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိခြင်း တို့ကို စိစစ်တွေ့ရှိရပါက ကနဦးမှတ်ပုံတင်ခြင်းကို ငြင်းပယ်ရမည်။

၇။ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၅ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် သတ်မှတ်ထားသည့် စာရွက်စာတမ်းအထောက်အထားများ ပြည့်စုံစွာပူးတွဲတင်ပြခြင်း ရှိ မရှိ ကိုလည်းကောင်း၊ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရန် စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်တပ်ဆင်ထားသည့် မော်တော်ယာဉ် ဟုတ် မဟုတ်ကိုလည်းကောင်း၊ တင်ပြစာရွက်စာတမ်းအထောက်အထားများနှင့် ကိုက်ညီမှုရှိသည့် မော်တော်ယာဉ် ဟုတ် မဟုတ်ကိုလည်းကောင်း စိစစ်၍ မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်ပြု မပြု ဆုံးဖြတ်ရမည်။

၈။ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည် မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက မည်သည့်အကြောင်းကြောင့် ခွင့်မပြုခြင်းဖြစ်ကြောင်း ကျိုးကြောင်းဖော်ပြ၍ မော်တော်ယာဉ်ပိုင်ရှင်ထံ အသိပေး အကြောင်းကြားရမည်။

၉။ (က) တစ်ဦးထက်ပို၍ စုပေါင်းပိုင်ဆိုင်သော မော်တော်ယာဉ်ပိုင်ရှင်များ သို့မဟုတ် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးအသင်းအဖွဲ့များက မော်တော်ယာဉ်ပိုင်ရှင်အဖြစ် မှတ်ပုံတင်နိုင်သည်။ ထိုမော်တော်ယာဉ်နှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် မော်တော်ယာဉ်ပိုင်ရှင်များ သို့မဟုတ် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးအသင်းအဖွဲ့များ၏ သဘောတူညီချက်ဖြင့် တစ်ဦးတစ်ယောက်ကို တာဝန်ပေးနိုင်သည်။

( ခ) အရွယ်မရောက်သေးသူဖြစ်လျှင် ယင်းအတွက် တာဝန်ယူမည့် အုပ်ထိန်းသူက မှတ်ပုံတင်ရမည်။ အုပ်ထိန်းသူ၏အမည်နှင့် နေရပ်လိပ်စာကို မော်တော်ယာဉ်ပိုင်ရှင်နှင့်တွဲ၍

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်နှင့် မှတ်တမ်းများတွင်ရေးသွင်းထားရမည်။

၁၀။ မော်တော်ယာဉ်၏ မှတ်ပုံတင်သက်တမ်းကာလသည် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်သည်။ သက်တမ်းကာလ ကုန်ဆုံးရက်သည် ကုန်ဆုံးသည့်လ၏ နောက်ဆုံးရက် ဖြစ်သည်။

၁၁။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်ရက်မတိုင်မီ သုံးလအတွင်း သက်တမ်းတိုး မှတ်ပုံတင်ပေးရန် သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံ လျှောက်ထားဆောင်ရွက်နိုင်သည်။

၁၂။ မော်တော်ယာဉ် သက်တမ်းတိုးမှတ်ပုံတင်ခြင်းကို ပျက်ကွက်သည့်ကာလသည်တစ်ဆက်တည်း ငါးနှစ် ပြည့်မြောက်ပြီးဖြစ်လျှင် အဆိုပါမော်တော်ယာဉ်၏ မှတ်ပုံတင်ခြင်းသည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်။

၁၃။ သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၁၁ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ –

(က) လျှောက်ထားသော မော်တော်ယာဉ်ကို မော်တော်ယာဉ်စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ယာဉ်စစ်ဆေးရေးအဖွဲ့က စစ်ဆေးထားသည့် ယာဉ်စစ်ဆေးပြီးကြောင်း အထောက် အထားများကို စိစစ်ရမည်။

(ခ) ဦးစီးဌာနက သတ်မှတ်ထားသည့် စာရွက်စာတမ်း အထောက်အထားများပြည့်စုံစွာ ပူးတွဲ တင်ပြခြင်း ရှိ မရှိ နှင့် အခြားသတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

၁၄။ သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိသည် မော်တော်ယာဉ်သက်တမ်းတိုး မှတ်ပုံ တင်ခြင်းနှင့် စပ်လျဉ်း၍–

(က) နည်းဥပဒေ ၁၃ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်း စစ်ဆေးတွေ့ရှိလျှင်–

(၁) သတ်မှတ်သည့်ကာလအတွင်း လျှောက်ထားခြင်းဖြစ်ပါက သတ်မှတ်ထားသည့် အခကြေးငွေကောက်ခံ၍ မော်တော်ယာဉ် သက်တမ်းတိုးမှတ်ပုံတင်ခြင်း ဆောင်ရွက်ပေးရမည်။

(၂) သက်တမ်းကာလကုန်ဆုံးပြီးမှ လျှောက်ထားခြင်းဖြစ်ပါက သတ်မှတ်ထားသည့် အခကြေးငွေအပြင် ဒဏ်ကြေးငွေကိုပါ ပေးဆောင်ရမည်။

(ခ) နည်းဥပဒေ ၁၃ ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် မော်တော်ယာဉ် သက်တမ်းတိုးမှတ်ပုံတင်ခြင်းကို ငြင်းပယ်ရမည်။ ယင်းသို့ ငြင်းပယ်လျှင် မည်သည့်အကြောင်းကြောင့် ငြင်းပယ်ခြင်းဖြစ်ကြောင်း မော်တော်ယာဉ်ပိုင်ရှင်ထံ အသိပေး အကြောင်းကြားရမည်။

( ဂ) သက်တမ်းတိုးမှတ်ပုံတင်ခြင်း ဆောင်ရွက်သော မော်တော်ယာဉ်၏ အကြောင်းအရာများကို သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ အစီရင်ခံရမည်။

၁၅။ မော်တော်ယာဉ်ပိုင်ရှင်သည်-

(က) မှတ်ပုံတင်အရာရှိက ထုတ်ပေးသော မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ကို မော်တော်ယာဉ်နှင့် တစ်ပါတည်းထားရှိရမည်။

( ခ) မှတ်ပုံတင်အရာရှိက ထုတ်ပေးသော မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြားကို မော်တော်ယာဉ်၏ရှေ့နှင့် နောက်တို့တွင်လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်တွင်လည်းကောင်း၊ နောက်တွဲယာဉ်၏ နောက်တွင်လည်းကောင်း၊ စက်ယန္တရား၏ သတ်မှတ်ထားသောနေရာတွင်လည်းကောင်း ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ တပ်ဆင်ထားရမည်။

၁၆။ မော်တော်ယာဉ်ပိုင်ရှင်သည်-

(က) ဦးစီးဌာနက ဆောင်ရွက်သည့် အဆင့်မြင့်နည်းပညာသုံး မှတ်ပုံတင်အထောက်အထား (RFID Sticker or Tag) ကို ဦးစီးဌာနက သတ်မှတ်သည့် နေရာတွင် သတ်မှတ်သည့်အတိုင်း သတ်မှတ်ကာလအထိ မော်တော်ယာဉ်၌ တပ်ဆင်ထားရမည်။

( ခ) တပ်ဆင်သည့် အဆင့်မြင့်နည်းပညာသုံး မှတ်ပုံတင်အထောက်အထား (RFID Sticker or Tag) အတွက် သတ်မှတ်အခကြေးငွေကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၁၇။ မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြား၏ အရွယ်အစား၊ ပုံသဏ္ဍာန်၊ အက္ခရာ၊ ဂဏန်းအရွယ်အစား၊ ဆေးရောင်နှင့် လုံခြုံရေးဆိုင်ရာအချက်အလက်တို့သည် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်းသာ ဖြစ်ရမည်။

၁၈။ ဦးစီးဌာနသည် အောက်ဖော်ပြပါ မော်တော်ယာဉ် အမျိုးအစားများကို အငှားယာဉ်အဖြစ် မှတ်ပုံတင်ခွင့် ပြုနိုင်သည်-

(က) လူစီးယာဉ်၊

( ခ ) ကုန်တင်ယာဉ်၊

( ဂ ) ခရီးသည်တင်ယာဉ်၊

( ဃ) သုံးဘီးမော်တော်ဆိုင်ကယ်၊

( င ) လူစီးသုံးဘီးမော်တော်ယာဉ်၊

( စ ) ထရော်လာဂျီ၊

(ဆ) ဦးစီးဌာနက သီးခြားထုတ်ပြန်သတ်မှတ်သည့် မော်တော်ယာဉ်များ။

၁၉။ ကိုယ်ပိုင်မော်တော်ယာဉ်အဖြစ် မှတ်ပုံတင်ထားသော မော်တော်ယာဉ်ပိုင်ရှင်သည် ငှားရမ်းခ သို့မဟုတ် အကျိုးကျေးဇူး တစ်ခုခုအတွက် မိမိမော်တော်ယာဉ်ဖြင့် ခရီးသည် သို့မဟုတ် ကုန်စည်

သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်လိုပါက အငှားယာဉ်အဖြစ်သို့ မှတ်ပုံတင်ပြောင်းလဲရန် ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၀။ မော်တော်ဆိုင်ကယ်ကို အငှားယာဉ်အဖြစ်သို့ မှတ်ပုံတင်ပြောင်းလဲခွင့်မပြု။

၂၁။ ကိုယ်ပိုင်မော်တော်ယာဉ်မှ အငှားယာဉ်သို့ မှတ်ပုံတင်ပြောင်းလဲခြင်းပြုလိုသော မော်တော်ယာဉ်ပိုင်ရှင်သည် -

(က) နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ရမည်။

(ခ) ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေအရ သက်ဆိုင်သည့် လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ရေး ဦးစီးဌာနသို့ပေးပို့သည့် ညှိနှိုင်းအကြောင်းကြားစာ ပါရှိရမည်။

(ဂ) အငှားယာဉ်အဖြစ်သို့ ပြောင်းလဲလိုသော မော်တော်ယာဉ်အတွက် သတ်မှတ်ထားသောသူတစ်ပါးထိခိုက်မှုအာမခံ ခြားနားငွေကို ပေးဆောင်ရမည်။

၂၂။ အငှားယာဉ်၏ မှတ်ပုံတင်သက်တမ်းကာလသည် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

၂၃။ အငှားယာဉ်ကို ကိုယ်ပိုင်မော်တော်ယာဉ်နှင့် ခွဲခြားသိရှိနိုင်ရန် ဦးစီးဌာနက သတ်မှတ်ရမည်။

၂၄။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေအရ ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်ရရှိထားသော အငှားယာဉ်ပိုင်ရှင်သည် လုပ်ငန်းလိုင်စင် ထုတ်ပေးသည့်ဌာနသို့ ယင်းလုပ်ငန်းလိုင်စင်အား ပြန်လည်အပ်နှံပြီးကြောင်း အထောက်အထားတင်ပြနိုင်လျှင် အဆိုပါ အငှားယာဉ်ကို သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိက ကိုယ်ပိုင်ယာဉ်အဖြစ်သို့ ပြောင်းလဲမှတ်ပုံတင်ပေးရမည်။

၂၅။ သာသနာရေးယာဉ်၊ သူနာတင်မော်တော်ယာဉ်၊ မီးသတ်မော်တော်ယာဉ်၊ နိဗ္ဗာန်ယာဉ်နှင့် ဦးစီးဌာနက သီးခြားထုတ်ပြန်သတ်မှတ်သည့် အမျိုးအစား မော်တော်ယာဉ်တို့သည် မှတ်ပုံတင်သက်တမ်းတစ်လျှောက် မူလအမျိုးအစားအတိုင်း တည်ရှိစေရမည်။

၂၆။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

( က) မော်တော်ယာဉ်ကို ပေးကမ်းခြင်းကြောင့် လက်ဝယ်ရရှိခြင်းဖြစ်ပါက ပေးကမ်းသူနှင့် လက်ခံသူ နှစ်ဦးလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ပစ္စည်းပေးကမ်းစာချုပ် အပါအဝင် သတ်မှတ်ထားသည့် စာရွက်စာတမ်း အထောက်အထားများကို မော်တော်ယာဉ်နှင့် အတူတင်ပြ၍ ကိုယ်တိုင်လာရောက် လျှောက်ထားရမည်။ အကြောင်းတစ်စုံတစ်ရာကြောင့် ပေးကမ်းသူ လာရောက်နိုင်ခြင်း မရှိပါက သက်ဆိုင်သည့် ဒေသဆိုင်ရာ မှတ်ပုံတင် အရာရှိထံ ခိုင်လုံသောအထောက်အထား တင်ပြရမည်။

( ခ) မော်တော်ယာဉ်ကို ဝယ်ယူခြင်းဖြင့် လက်ဝယ်ရရှိခြင်းဖြစ်ပါက ဝယ်ယူသူက နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အရောင်းအဝယ်စာချုပ်အပါအဝင် သတ်မှတ်ထားသည့် စာရွက် စာတမ်းအထောက်အထားများကို မော်တော်ယာဉ်နှင့် အတူတင်ပြ၍ သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၇။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ကုမ္ပဏီနှင့် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး အသင်းအဖွဲ့ တစ်ခုခု၏ မှတ်ပုံတင်သူ အမည်ပြောင်းလဲမှုအတွက် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဆောင်ရွက် ရမည်။

၂၈။ သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၂၆နှင့် နည်းဥပဒေ ၂၇ အရ လျှောက်ထားချက်ကို ရရှိလျှင်-

(က) သတ်မှတ်ထားသည့် စာရွက်စာတမ်း အထောက်အထားများပြည့်စုံစွာ ပူးတွဲတင်ပြခြင်း ရှိ မရှိ စိစစ်ရမည်။

( ခ) လျှောက်ထားချက်နှင့် သက်ဆိုင်သည့် မော်တော်ယာဉ် မှန် မမှန် စစ်ဆေးရမည်။

( ဂ) မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တားမြစ်ချက် ရှိ မရှိ စိစစ်ရမည်။

၂၉။ (က) သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၂၈ နှင့် အညီစိစစ်၍ မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။ ငြင်းပယ်သည့်အခါ မည်သည့်အကြောင်းကြောင့် ငြင်းပယ်ခြင်း ဖြစ်ကြောင်း လျှောက်ထားသူထံ အသိပေး အကြောင်းကြားရမည်။

( ခ) သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပြီး ဦးစီးဌာနတွင် မှတ်တမ်းတင်ထားသည့် မော်တော်ယာဉ်ပိုင်ရှင်အမည် ပြောင်းလဲခြင်းသာ အတည် ဖြစ်သည်။

၃၀။ မော်တော်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူသည်-

(က) မော်တော်ယာဉ် မှတ်ပုံတင်ထားသူ၏ လက်ရှိအမည်ကို အခြားသူ၏ အမည်သို့ ပြောင်းလဲပေးခြင်းမပြုရန် လျှောက်ထားလိုပါက သက်ဆိုင်ရာရဲစခန်းတွင် တိုင်ကြား ထားကြောင်း သို့မဟုတ် တရားရုံးတွင် တရားစွဲဆိုထားကြောင်း ခိုင်လုံသော အထောက် အထားနှင့်အတူ သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံ လူကိုယ်တိုင် လာရောက်၍ မော်တော်ယာဉ် မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲခြင်း မပြုမီ တားမြစ်ပေးရန် လျှောက်ထားနိုင်သည်။

( ခ) အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းဖြစ်ပါက သက်ဆိုင်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိထံ တားမြစ်ပေးရန် တရားဝင်စာဖြင့် လျှောက်ထားနိုင်သည်။

(ဂ) ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်း ဖြစ်ပါက သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံ ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိက အဖွဲ့အစည်းက တာဝန်ရှိသူ ကိုယ်တိုင် သို့မဟုတ် တာဝန်ရှိသူက ကိုယ်စားလွှဲအပ်ခံရသူ ကိုယ်တိုင်လာရောက်၍ တားမြစ်ပေးရန် တရားဝင်စာဖြင့် လျှောက်ထားနိုင်သည်။

၃၁။ သက်ဆိုင်သည့်ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေ ၃၀ နည်းဥပဒေခွဲ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) အရ မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်း၍ တားမြစ်ထားစဉ်ကာလအတွင်း မှတ်ပုံတင်သက်တမ်း မကျော်လွန်စေရေးအတွက် သက်ဆိုင်သူတစ်ဦးဦးက ခိုင်လုံသောအထောက်အထားဖြင့် တင်ပြလျှောက်ထားလာပါက သက်တမ်းတိုးမှတ်ပုံတင်ခြင်းကိုသာ ခွင့်ပြုနိုင်သည်။

၃၂။ (က) မော်တော်ယာဉ်မှတ်ပုံတင်ထားသူသည် နေရပ်လိပ်စာပြောင်းလဲလိုလျှင် သက်ဆိုင်သည့်ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံဖြစ်စေ၊ ပြောင်းလဲလိုသည့် နေရပ်လိပ်စာအသစ်နှင့်သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံဖြစ်စေ သတ်မှတ်ထားသည့် စာရွက်စာတမ်း အထောက်အထားများ တင်ပြလျှောက်ထားရမည်။

(ခ) သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိသည် နည်းဥပဒေခွဲ (က) အရလျှောက်ထားချက်ကို လက်ခံရရှိလျှင် မော်တော်ယာဉ်နှင့် သက်ဆိုင်သည့် အချက်အလက်နှင့် မှတ်တမ်းများကို စိစစ်၍ နေရပ်လိပ်စာအသစ်နှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။

(ဂ) နေရပ်လိပ်စာအသစ်နှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင်ဖြစ်စေ၊ နည်းဥပဒေခွဲ (ခ)အရ အကြောင်းကြားချက်ကို လက်ခံရရှိလျှင်ဖြစ်စေ သတ်မှတ်ထားသော စာရွက်စာတမ်းအထောက်အထားများနှင့် မော်တော်ယာဉ်တို့ကို စစ်ဆေး၍ ယင်းစစ်ဆေးတွေ့ရှိချက်သည် မူလမှတ်ပုံတင်ရုံးရှိ မှတ်တမ်းပါ အချက်အလက်များနှင့် တူညီခြင်း ရှိမရှိ စိစစ်ပြန်ကြားပေးရန် သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။

(ဃ) နေရပ်လိပ်စာအသစ်နှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိသည်-

(၁) မူလမှတ်ပုံတင်ရုံးရှိ မှတ်တမ်းပါအချက်အလက်များနှင့် တူညီကြောင်း ပြန်ကြားချက်ကို ရရှိပါက သတ်မှတ်ထားသည့် အခကြေးငွေ ကောက်ခံ၍ နေရပ်လိပ်စာပြောင်းလဲမှတ်တမ်းတင်ပေးရမည်။

(၂) မူလမှတ်ပုံတင်ရုံးရှိ မှတ်တမ်းပါအချက်အလက်များနှင့် တူညီခြင်း မရှိကြောင်း ပြန်ကြားချက်ကို ရရှိပါက နေရပ်လိပ်စာ ပြောင်းလဲမှတ်တမ်းတင်ပေးရန် ငြင်းဆိုရမည်။

(၃) မော်တော်ယာဉ်မှတ်ပုံတင်ထားသူ နေရပ်လိပ်စာ ပြောင်းလဲပြီးပါက ဆောင်ရွက်ချက်ကို ဦးစီးဌာနသို့ တင်ပြရမည်။

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း နေရပ်လိပ်စာပြောင်းလဲခြင်းဖြစ်ပါက ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဆောင်ရွက်နိုင်သည်။

(စ) ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိသည် နိုင်ငံတော်ပိုင်မော်တော်ယာဉ်များ၊ သုံးဘီးတပ်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် ထရော်လာဂျီများ နေရပ်လိပ်စာ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

၃၃။ မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မော်တော်ယာဉ်မှတ်ပုံတင်ထားသူသည် မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများ ဆောင်ရွက်လိုလျှင် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ပြောင်းလဲလိုသည့်အချက်များနှင့် ကြာမြင့်မည့်ကာလကို ဖော်ပြလျက် ကြိုတင်လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုလျှင် ခွင့်ပြုကြောင်းနှင့် ခွင့်မပြုလျှင် မည်သည့်အကြောင်းကြောင့် ခွင့်မပြုကြောင်းကို လျှောက်ထားသူထံ စာဖြင့်ပြန်ကြားရမည်။

(ဂ) မော်တော်ယာဉ်မှတ်ပုံတင်ထားသူသည် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိ၏ စာဖြင့်ခွင့်ပြုချက်ရရှိမှသာ မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်း ပြုရမည်။

(ဃ) မော်တော်ယာဉ်မှတ်ပုံတင်ထားသူသည် မော်တော်ယာဉ်ကို ပြောင်းလဲပြင်ဆင်ပြီးလျှင် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ မော်တော်ယာဉ်နှင့်အတူ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်များတင်ပြ၍ ယာဉ်စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှု ခံယူရမည်။

(င) သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် ယာဉ်စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတင်ပြချက်အရ သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရလျှင် သတ်မှတ်ထားသည့် အခကြေးငွေပေးဆောင်စေ၍ ပြောင်းလဲမှတ်ပုံတင်ပေးရမည်။

( စ) သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည် ယာဉ်စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတင်ပြချက်အရ ပြောင်းလဲပြင်ဆင်ခြင်းသည် သတ်မှတ်ချက်များနှင့် ညီညွတ်မှု မရှိကြောင်းတွေ့ရှိရလျှင် မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်ပြုရန် ပြန်လည်ပြင်ဆင်စေခြင်း ပြုနိုင်သည်။

(ဆ) သက်ဆိုင်ရာမှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်မရယူဘဲ ပြောင်းလဲလာကြောင်း စစ်ဆေးတွေ့ရှိပါက ဦးစီးဌာနက ခွင့်ပြုနိုင်သည့် ပြောင်းလဲခြင်းများအတွက် သတ်မှတ်ထားသည့် အခကြေးငွေအပြင် ဒဏ်ကြေးငွေကိုပါ ပေးဆောင်စေရမည်။

၃၄။ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် မိတ္တူထုတ်ပေးရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံးလျှင် သက်ဆိုင်ရာ ရဲစခန်းသို့လည်းကောင်း၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် ပျောက်ဆုံးလျှင် သက်ဆိုင်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့သို့လည်းကောင်း သတင်းပေးတိုင်ကြားရမည်။ ထိုသို့ သတင်းပေးတိုင်ကြားပြီးဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား ရယူပြီး မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် မိတ္တူထုတ်ပေးရန် သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

( ခ) သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိသည် ဦးစီးဌာနက သတ်မှတ်ထားသော အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်၍ သတ်မှတ်ထားသည့် အခကြေးငွေ ကောက်ခံပြီး မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူ သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် မိတ္တူကို ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် မိတ္တူ ထုတ်ပေးချိန်မှစ၍ မူလထုတ်ပေးထားသည့် စာအုပ်နှင့် လက်မှတ်သည် အလိုအလျောက်ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

( ဂ) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် ပြန်လည်တွေ့ရှိလျှင် သက်ဆိုင်ရာရဲစခန်းသို့လည်းကောင်း သို့မဟုတ် သက်ဆိုင်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့သို့လည်းကောင်း ပြန်လည် သတင်းပေးရမည်ဖြစ်ပြီးသက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံ မပျက်မကွက် ပြန်လည် အပ်နှံရမည်။

(ဃ) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် ပျက်စီးလျှင် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် မိတ္တူထုတ်ပေးရန် သက်ဆိုင်

သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားသည့်အခါ ပျက်စီးနေသော မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ကို ပူးတွဲတင်ပြအပ်နှံရမည်။

( င) သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိသည် နည်းဥပဒေခွဲ (ဃ) အရ လျှောက်ထားချက်ကို သတ်မှတ်ထားသော အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး သတ်မှတ်ထားသည့် အခကြေးငွေကောက်ခံ၍ မိတ္တူ ထုတ်ပေးရမည်။

( စ) မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် သို့မဟုတ် မော်တော်ယာဉ် မှတ်ပုံတင်သက်သေခံလက်မှတ် မိတ္တူ ထုတ်ပေးရာတွင် မိတ္တူဖြစ်ကြောင်း ပေါ်လွင်စေရန်နှင့် တစ်ပြေးညီဖြစ်စေရန် ဦးစီးဌာနက သတ်မှတ်ပေးရမည်။

၃၅။ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား၊ မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်နှင့် အဆင့်မြင့်နည်းပညာသုံး မှတ်ပုံတင်အထောက်အထား ပျောက်ဆုံး၊ ပျက်စီးခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ပျောက်ဆုံးခြင်းဖြစ်လျှင် မော်တော်ယာဉ်ပိုင်ရှင်သည် သက်ဆိုင်ရာ ရဲစခန်းသို့ တိုင်ကြားရမည်။ ထိုသို့ တိုင်ကြားပြီးဖြစ်ကြောင်း အထောက်အထားရယူပြီး အသစ် သို့မဟုတ် မိတ္တူ ထုတ်ပေးရန် သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

( ခ) နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို လက်ခံရရှိသည့် သက်ဆိုင်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိသည် ဦးစီးဌာနက သတ်မှတ်သော အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ဆောင်ရွက်၍ သတ်မှတ်ထားသည့် အခကြေးငွေ ကောက်ခံ၍ အသစ် သို့မဟုတ် မိတ္တူ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြား၊ မော်တော်ယာဉ် စစ်ဆေးချက်သက်သေခံ လက်မှတ်နှင့် အဆင့်မြင့်နည်းပညာသုံး မှတ်ပုံတင်အထောက်အထား အသစ် သို့မဟုတ် မိတ္တူ ထုတ်ပေးချိန်မှစ၍ မူလထုတ်ပေးထားသည့် အထောက်အထားများ အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

( ဂ) မိတ္တူထုတ်ပြီးနောက် ပြန်လည်တွေ့ရှိလျှင် မော်တော်ယာဉ်ပိုင်ရှင်သည် သက်ဆိုင်ရာ ရဲစခန်းသို့ ပြန်လည်သတင်း ပေးရမည်ဖြစ်သည့်အပြင် သက်ဆိုင်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိထံ မပျက်မကွက် အပ်နှံရမည်။

(ဃ) ပျက်စီးခြင်းဖြစ်လျှင် မော်တော်ယာဉ်ပိုင်ရှင်သည် မိတ္တူထုတ်ပေးရန် သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားသည့် အခါ ပျက်စီးနေသော အထောက်အထားကို ပူးတွဲတင်ပြ အပ်နှံရမည်။

( င) သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိသည် နည်းဥပဒေခွဲ (ဃ)အရ လျှောက်ထား ချက်ကို စိစစ်ပြီး သတ်မှတ်ထားသည့် အခကြေးငွေ ကောက်ခံ၍ မိတ္တူ ထုတ်ပေးရမည်။

၃၆။ သံရုံး၊ သံတမန်၊ ကုလသမဂ္ဂအဖွဲ့အစည်း၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်း၊ ကုလသမဂ္ဂ အဖွဲ့အစည်းမဟုတ်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းပိုင်မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဦးစီးဌာနသည် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက် နိုင်သည်။

၃၇။ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် ယာယီမှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍-

(က) ဦးစီးဌာနကထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီစိစစ်၍ သတ်မှတ် အမျိုးအစားအလိုက် ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ) ယာယီမှတ်ပုံတင်ပေးခြင်းအတွက် သတ်မှတ်ထားသည့်အခကြေးငွေ ကောက်ခံရမည်။

( ဂ) ယင်းမော်တော်ယာဉ်တွင်တပ်ဆင်ရန် ယာယီမှတ်ပုံတင်အမှတ် သတ်မှတ်ထုတ်ပေး ရမည်။

၃၈။ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည် -

(က) ပြည်ပနိုင်ငံများတွင်မှတ်ပုံတင်ထားသော မော်တော်ယာဉ်များကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံအတွင်း နေ့ရက်၊ အချိန်နှင့် နေရာ ကန့်သတ် ချက်များဖြင့် ခေတ္တဝင်ရောက်နိုင်ရေးနှင့် ခေတ္တဖြတ်သန်းသွားလာနိုင် ရေးအတွက် ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်သည်။

( ခ) ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များနှင့် ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ် သော မော်တော်ယာဉ်များကို အရောင်းပြခန်း ၊ ယာဉ်သိုလှောင်ရာနေရာ၊ ယာဉ်ပြင် အလုပ်ရုံများမှ ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနသို့ ကနဦးမှတ်ပုံတင်ရန် မောင်းနှင်သွားလာနိုင်ရေးအတွက် ယာယီမှတ်ပုံ တင်လက်မှတ် ထုတ်ပေးနိုင်သည်။

( ဂ) အကောက်ခွန်ဦးစီးဌာန၏ ခွင့်ပြုချက်အရ ယာယီခွင့်ပြုချက် (Temporary Admission) ဖြင့်တင်သွင်းလာသော မော်တော်ယာဉ်များကို မြန်မာနိုင်ငံအတွင်း နေရာကန့်သတ်ချက် ဖြင့် မောင်းနှင်သွားလာနိုင်ရေးအတွက် တင်သွင်းခွင့်ပြုကာလအတိုင်း ယာယီမှတ်ပုံတင် လက်မှတ်ကို ထုတ်ပေးနိုင်သည်။

၃၉။ နည်းဥပဒေ ၃၈ အရ ယာယီမှတ်ပုံတင်လက်မှတ်ရရှိ၍ ပြည်ပမှ ခေတ္တဝင်ရောက်လာသော မော်တော်ယာဉ်၏ အတိုင်းအတာ၊ အလေးချိန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သတ်မှတ်ချက်များသည် ဤနည်းဥပဒေများ အခန်း(၃)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရမည်။

၄၀။ ဦးစီးဌာနသည် နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် လေလံတင်ရောင်းချသည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး လေလံယာဉ်များ ပြန်လည်မှတ်ပုံတင်ရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်မှတ်ပုံတင် ဆောင်ရွက်ပေးရမည်။

၄၁။ ကနဦးမှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးမှတ်ပုံတင်ခြင်း ဆောင်ရွက်သည့် မော်တော်ယာဉ်များသည် သူတစ်ပါးထိခိုက်မှုအာမခံ ပေးဆောင်ရမည်။

၄၂။ အောက်ပါမော်တော်ယာဉ်များကို မှတ်ပုံတင်ခြင်းအတွက် အခကြေးငွေပေးဆောင်ရန်မလိုအပ်ပါ-

(က) မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားသံရုံးပိုင်နှင့် သံတမန်မော်တော်ယာဉ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းပိုင် မော်တော်ယာဉ်များ၊

(ခ) မီးသတ်မော်တော်ယာဉ်နှင့် မီးသတ်အထောက်အကူပြု မော်တော်ယာဉ်များ၊

(ဂ) သူနာတင်မော်တော်ယာဉ်များ၊

(ဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်များ၊

(င) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနပိုင် မော်တော်ယာဉ်များ၊

(စ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုသည့် မော်တော်ယာဉ်များ။

## အခန်း (၃)

## မော်တော်ယာဉ်များ တည်ဆောက်ခြင်း၊ ကိရိယာတန်ဆာပလာများ တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း

၄၃။ ဤအခန်းအရ ပြဋ္ဌာန်းထားသော နည်းဥပဒေများနှင့်သော်လည်းကောင်း၊ နည်းဥပဒေများအရ ဦးစီးဌာနကထုတ်ပြန်သော ညွှန်ကြားချက်များနှင့်သော်လည်းကောင်း မညီညွတ်သော မော်တော်ယာဉ်ကို အများပြည်သူဆိုင်ရာနေရာတွင် မည်သူမျှအသုံးမပြုရ သို့မဟုတ် အသုံးမပြုစေရ။

၄၄။ (က) နောက်တွဲယာဉ်များနှင့် မော်တော်ဆိုင်ကယ်များမှအပ ကျန်မော်တော်ယာဉ်အားလုံးတွင် ခြေနင်းဘရိတ် (Service Brake)၊ ရပ်နားဘရိတ် (Parking Brake) နှင့် အရေးပေါ်ဘရိတ် (Emergency Brake) တို့ တပ်ဆင်ပါရှိ ရမည်ဖြစ်ပြီး ယင်းတို့သည် သတ်မှတ်ချက်များနှင့် ကိုက်ညီ၍ မော်တော်ယာဉ်ကို ကောင်းမွန်စွာ အရှိန်လျှော့ချခြင်းနှင့် ရပ်တန့်ခြင်း ပြုနိုင်ရမည်။ အရေးပေါ်ဘရိတ်နှင့် ရပ်နားဘရိတ်တို့သည် တစ်မျိုးတည်းဖြစ်ပါကလည်း အသုံးပြုနိုင်သည်။ မော်တော်ယာဉ် ဘရိတ်များသည် ယာဉ်မောင်းနှင်နေသူက လွယ်ကူစွာ အသုံးပြုနိုင်သည့် အနေအထားတွင်ရှိရမည်။

( ခ) မော်တော်ယာဉ်တွင် တပ်ဆင်ထားရှိရမည့် ခြေနင်းဘရိတ်ကို မော်တော်ယာဉ်ပေါ်တွင် ဝန်တင်ထားသည်ဖြစ်စေ၊ ဝန်တင်မထားသည်ဖြစ်စေ မြေညီလမ်းပေါ်၌ အသုံးပြုလျှင် စတင် အသုံးပြုသည့်နေရာမှ မော်တော်ယာဉ်ရပ်တန့်ရမည့် မော်တော်ယာဉ် အရှိန် သတ် အကွာအဝေးသည် ဦးစီးဌာန၏ သတ်မှတ်ချက်အတွင်း ဖြစ်ရမည်။

( ဂ) မော်တော်ယာဉ်တွင် တပ်ဆင်ထားရှိရမည့် ရပ်နားဘရိတ်ကို မော်တော်ယာဉ်ပေါ်တွင် ဝန်တင်ထားသည်ဖြစ်စေ၊ ဝန်မတင်ထားသည်ဖြစ်စေ ဆင်ခြေလျှော အတက် အဆင်းလမ်းပေါ်၌ အသုံးပြုလျှင် မော်တော်ယာဉ်သည် လုံးဝရွေ့လျားခြင်း မရှိစေရ။

(ဃ) မော်တော်ယာဉ်တွင် ချိတ်ဆွဲမည့် နောက်တွဲယာဉ်၌ ဘရိတ်တပ်ဆင် ထားရှိရမည်။ နောက်တွဲယာဉ်၏ ဝန်ပါအလေးချိန်စုစုပေါင်းအလိုက် တပ်ဆင်ရမည့် ဘရိတ်အမျိုးအစား များသည် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။ ၎င်းဘရိတ်ကို အသုံးပြုပုံ သည် မော်တော်ယာဉ်ထုတ်လုပ်သူ၏ သတ်မှတ်ချက်အတိုင်းဖြစ်ရမည်။

( င) မော်တော်ဆိုင်ကယ်တိုင်းတွင် နောက်ဘီးကိုဖမ်းသော ဘရိတ်နှင့် ရှေ့ဘီးကိုဖမ်းသော ဘရိတ် နှစ်မျိုး တပ်ဆင်ထားရှိရမည်ဖြစ်ပြီး ဘရိတ်မိအားသည် ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။

( စ) လေ သို့မဟုတ် လေဟာနယ်အားသုံး ဘရိတ်စနစ် အမျိုးအစားကို တပ်ဆင်ထားသည့် မော်တော်ယာဉ်တွင် လေ သို့မဟုတ် လေဟာနယ်ကို သိုလှောင်ထားသည့် လေအိုးများ ရှိရမည်။ ထိုစနစ်တွင် လေယိုစိမ့်မှု မရှိစေရ။ ယင်းစနစ် တစ်ခုလုံးသည် မော်တော်ယာဉ် ၏ ဘရိတ်စွမ်းဆောင်ရည်ကို အပြည့်အဝ ထောက်ပံ့နိုင်ရမည်။

၄၅။ မော်တော်ယာဉ်တွင် တပ်ဆင်ထားသည့် ဘရိတ်အမျိုးအစားများနှင့် စွမ်းဆောင်ရည်သည် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

၄၆။ (က) နေဝင်ပြီး အချိန်မှစ၍ နေမထွက်မီ အချိန်ထိတွင်လည်းကောင်း၊ ရာသီဥတုကြောင့် အလင်းရောင် အားနည်းသည့် နေ့အချိန်တွင်လည်းကောင်း အလင်းရောင် ရရှိစေရန်နှင့် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် မော်တော်ယာဉ်တွင် ရှေ့မီး၊ နောက်မီးများ အပြင် အခြားသတ်မှတ်ထားသည့်မီးများ ကောင်းမွန်စုံလင်စွာ တပ်ဆင်ထားရမည်။

( ခ) မော်တော်ယာဉ်တွင် မီးတပ်ဆင်ခြင်း၊ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍–

(၁) မော်တော်ယာဉ်၏ ရှေ့လက်ဝဲ၊ လက်ယာ အစွန်းတစ်ဖက် တစ်ချက်တွင် ရှေ့မီးကြီးတစ်လုံးစီ သို့မဟုတ် နှစ်လုံးစီ (ဘေးတိုက်ယှဉ်၍ သို့မဟုတ် အပေါ်အောက်) မီးလုံးအရေအတွက်နှင့် အကွာအဝေးညီမျှစွာ တပ်ဆင်ထားရှိရမည်။

(၂) မော်တော်ယာဉ် မီးလုံးများ၏ ပုံသဏ္ဌာန်၊ အရွယ်အစားနှင့် မီးအရောင်တို့သည် တူညီရမည်။

(၃) မြေပြင်မှ မီးလုံးများ၏ အမြင့်အနေအထား တူညီရမည်။

(၄) ရှေ့မီးကြီးများ၏ မီး အလင်းရောင်တန်းသည် အဖြူရောင်ဖြစ်ရမည်။

(၅) ရာသီဥတုကြည်လင်သော ညအချိန်တွင် လမ်းပေါ်၌ မော်တော်ယာဉ်၏ ရှေ့သို့ အနည်းဆုံး ၃၂၅ ပေ (မီတာ ၁၀၀) အထိ အလင်းရောင် ပေးနိုင်ရမည်။

(၆) မော်တော်ယာဉ် ရှေ့မီးကြီးများသည် မျက်နှာချင်းဆိုင်မှ လမ်းအသုံးပြုသူများကို မျက်စိမစူးစေရန် မီးအလင်းရောင်တန်းကို နှိမ့်ပေးနိုင်ရမည်။

(၇) မီးနှစ်လုံး ပူးတွဲတပ်ဆင်ထားသော ရှေ့မီးကြီးများ၏ အလင်းရောင်တန်းကို နှိမ့်ပေးသောအခါ လက်ဝဲ၊ လက်ယာအစွန်ဆုံးရှိ မီးလုံးများ သို့မဟုတ် အပေါ်မီးလုံးများ၏ မီးအလင်းရောင်တန်းများ အောက်စိုက်သွားပြီး ကျန်မီးလုံးများ ပိတ်သွားရမည် သို့မဟုတ် မီးလုံးများအားလုံး၏ မီးအလင်းရောင်တန်းများ တစ်ပြိုင်တည်း အောက်စိုက်သွား စေရမည်။

(၈) နှိမ့်ပေးသော မီးအလင်းရောင်တန်းသည် ယာဉ်၏ရှေ့ ၂၅ ပေ (၇.၆၁ မီတာ) အကွာအဝေးတွင် မျက်နှာချင်းဆိုင်မှ ရပ်နေသူ၏ မျက်စိကို မစူးစေရ။

(၉) ရှေ့မီးကြီးပေါ်တွင် မီး၏အလင်းရောင်ကို လျော့ပါးထိခိုက်စေနိုင်သည့် မည်သည့် အကာအရံ၊ အဖုံးအအုပ် ပစ္စည်းမျှ မတပ်ဆင်ရ။

(ဂ) မော်တော်ယာဉ်တွင် နေ့အချိန်မောင်းနှင်မီး (Daytime Running Lamp) တပ်ဆင်ပါရှိပါက မူလထုတ်လုပ်သူ၏ စက်ရုံထုတ်ပုံစံအတိုင်း ဖြစ်ရမည်။ မီးအရောင်သည် အဖြူရောင် သို့မဟုတ် အဝါရောင် ရှိရမည်ဖြစ်ပြီး မော်တော်ယာဉ်၏ အရှေ့ဘက်မှ မြင်နိုင်စွမ်းရှိရမည်။

(ဃ) မော်တော်ယာဉ်တွင် အသုံးပြုထားသော ရှေ့မီးကြီးများသည် မော်တော်ယာဉ် ထုတ်လုပ်သူ သို့မဟုတ် ဦးစီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

(င) မြင့်ပေးထားသော ရှေ့မီးကြီး၏အလင်းတန်း (High Beam) မှလွဲ၍ တပ်ဆင်ထားသော ကျန်မီးများသည် လိုအပ်သော အလင်းရောင်ရရှိစေရန်နှင့် အခြားယာဉ်မောင်းနှင်သူကို မျက်စိစူးခြင်း မရှိစေရန်အတွက် ချိန်ညှိနိုင်ရမည်။

(စ) မိုးသည်းထန်စွာရွာသည့်အချိန်နှင့် မြူနှင်းကျသည့် အချိန်များတွင် အသုံးပြုနိုင်ရန် မူလစက်ရုံထုတ် ရှေ့နှင်းခွဲမီး မပါရှိသော မော်တော်ယာဉ်များတွင် ရှေ့နှင်းခွဲမီးတစ်စုံ

တပ်ဆင်နိုင်သည်။ တပ်ဆင်ရမည့် အနေအထားသည် မော်တော်ယာဉ်၏ ရှေ့ဗဟိုမှ လက်ဝဲ၊ လက်ယာ တူညီသော အကွာအဝေးတွင် ရှိရမည်ဖြစ်ပြီး အမြင့်သည် ရှေ့မီးကြီး အမြင့်၏အောက်တွင် ရှိရမည်။ ရှေ့နှင်းခွဲမီး၏ အလင်းရောင်သည် အဖြူရောင် သို့မဟုတ် အဝါရောင် ရှိရမည်ဖြစ်ပြီး မျက်နှာချင်းဆိုင်မှလာသော မော်တော်ယာဉ်ကို မောင်းနှင်သူ၏ မျက်စိကို မစူးစေရန် နှိမ့်ပေးသောမီးအလင်းရောင်တန်း (Low Beam) သာ ဖြစ်ရမည်။ အခြားမီးများနှင့် ဆက်စပ်မှုမရှိဘဲ ဖွင့်နိုင်ရမည်။ မော်တော်ယာဉ်၏ ရှေ့မီးကြီးများ အစား အသုံးမပြုရ။

(ဆ) မော်တော်ယာဉ်အား အနောက်ဘက်မှ ထင်သာမြင်သာ ရှိစေရန်အတွက် ခုနစ်ဝပ်ထက် မပိုသည့် အနီရောင်ရှိသော အနောက်နှင်းခွဲမီးကို တပ်ဆင်အသုံးပြုနိုင်သည်။ အနောက် နှင်းခွဲမီး အသုံးပြုနေကြောင်း အချက်ပြသောစနစ် ပါရှိရမည်။

(ဇ) နောက်ဆုတ်မီးကို မော်တော်ယာဉ်၏ နောက်တွင် တပ်ဆင်ထားရှိရမည်။ ၎င်းမီး အရောင်သည် အဖြူ သို့မဟုတ် အဝါဖြစ်ရမည်။ မော်တော်ယာဉ်၏ နောက်ဆုတ်ဂီယာကို အသုံးပြုမှသာ လင်းရမည်။ နောက်တွဲယာဉ်တွင် ချိတ်ဆွဲယာဉ်နောက်ဆုတ်ဂီယာ အသုံး ပြုသည့်အခါမှသာ လင်းရမည်။ နောက်ဆုတ်မီး အလုပ်လုပ်နေချိန်တွင် ယာဉ်မောင်း နှင်သူက အလွယ်တကူသိနိုင်သော သတိပေးမှုစနစ် ပါရှိရမည်။ ၎င်းမီးသီးအားသည် ခုနစ်ဝပ် ထက်မပိုရ။ နောက်ဆုတ်မီး၏ အလင်းရောင်သည် အခြားလမ်းအသုံးပြု သူများ၏ မျက်စိစူးခြင်း မဖြစ်စေရ။

(ဈ) မော်တော်ယာဉ်၏ ရှေ့နှင့် နောက် လက်ဝဲ၊ လက်ယာဘက်များတွင် ယာဉ်သွားလာရာ ဘက်သို့ အချက်ပြရန်မီးများ တပ်ဆင်ထားရှိရမည်။ ၎င်းမီးအရောင်များသည် ရှေ့တွင် အဖြူ သို့မဟုတ် အဝါ၊ နောက်တွင် အဝါ သို့မဟုတ် အနီဖြစ်ရမည်။ မီးရောင်လျှပ်နှုန်း သည် တစ်မိနစ်လျှင် အနည်းဆုံး အကြိမ်ပေါင်း ၆၀ မှ အများဆုံး ၁၂၀ အထိရှိရမည်။

(ည) မော်တော်ယာဉ်၏ တစ်ဘက်တွင် တပ်ဆင်ထားသော အချက်ပြမီးနှင့် အခြားတစ်ဘက် တွင် တပ်ဆင်ထားသော အချက်ပြမီးတို့၏ မီးရောင်လျှပ်နှုန်းနှင့် အချက်ပြသည့် အချိန်တို့သည် ထပ်တူညီမှုရှိရမည်။

(ဋ) နောက်တွဲယာဉ်တွင် တပ်ဆင်ထားသော အချက်ပြမီးများ၏ အချက်ပြမှုသည် ချိတ်ဆွဲ ယာဉ်၏ အချက်ပြမှုနှင့် အတူတကွ အလုပ်လုပ်စေရန် တူညီသော အပိတ်အဖွင့် ခလုတ် တစ်ခုတည်းဖြင့် အသုံးပြုနိုင်ရမည်။ နောက်တွဲယာဉ်၏ တစ်ဘက်တွင် တပ်ဆင် ထားသော အချက်ပြမီး၏ မီးရောင်လျှပ်နှုန်းသည် ချိတ်ဆွဲယာဉ်၏ တူညီသောဘက် တွင် တပ်ဆင်ထားသော အချက်ပြမီး၏ မီးရောင်လျှပ်နှုန်းနှင့် တူညီရမည်။

( ၄) အရေးပေါ်အခြေအနေ၌ မော်တော်ယာဉ်တွင် အသုံးပြုသည့် အချက်ပြမီးများကို အခြားလမ်းအသုံးပြုသူများအား သိသာစေရန် အန္တရာယ်သတိပေးအချက်ပြမီး (Hazard Warning Lamp) အဖြစ် အသုံးပြုနိုင်ရမည်။

( ၃) မော်တော်ယာဉ်၏ ရှေ့နှင့်နောက် လက်ဝဲ၊ လက်ယာ အစွန်းတစ်ဖက်တစ်ချက်တွင် အနည်းဆုံး ဘေးမီးငယ်တစ်လုံးစီကို တပ်ဆင်ထားရှိရမည်။ ရှေ့ဘေးမီးငယ်များ၏ မီးအရောင်သည် အဖြူ သို့မဟုတ် အဝါဖြစ်ရမည်။ နောက်ဘေးမီးငယ်များ၏ မီးအရောင်သည် အနီဖြစ်ရမည်။ မီးသီးအားသည် ခုနစ်ဝပ်ထက်မပိုရ။ မှောင်မိုက်သော ညအချိန်တွင် မော်တော်ယာဉ် ရပ်နားထားကြောင်းသိရှိရန် ဘေးမီးငယ်များကို ဖွင့်ထားရမည်။ ဘေးမီးငယ်များကို ဖွင့်ထားချိန်တွင် ရှေ့မီးကြီးများ ပိတ်နိုင်သောမီးခလုတ် ရှိရမည်။

( ၁) မော်တော်ယာဉ်၏နောက်ရှိ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြားအမှတ်ကို ရာသီဥတု ကြည်လင်သော ညအချိန်တွင် ပေ ၅၀ (၁၅.၂၅ မီတာ) မှ မြင်နိုင်ရန် မီးတပ်ဆင် ထားရမည်။ မီးအရောင်သည် အဖြူဖြစ်ရမည်။ မော်တော်ယာဉ်၏ ရှေ့မီးကြီးများကို သော်လည်းကောင်း၊ ဘေးမီးငယ်များကိုသော်လည်းကောင်း ဖွင့်သည့်အခါတိုင်း နောက်ရှိ မှတ်ပုံတင်နံပါတ်ပြားမီးပါ တစ်ပြိုင်တည်း လင်းနေရမည်။ မှတ်ပုံတင်နံပါတ်ပြားမီး၏ အလင်းရောင်သည် အနောက်ဘက်သို့ အလင်းစူးထွက်နေခြင်း မရှိစေရ။

(ဏ) မော်တော်ယာဉ်၏ နောက်ဘက်၌ ရောင်ပြန်အနီနှင့် ဘေးချင်းယှဉ်၍သော်လည်းကောင်း၊ အထက်အောက်သော်လည်းကောင်း လက်ဝဲနှင့် လက်ယာဘက်တွင် အနီရောင်ထုတ်လွှတ်သော ဘရိတ်မီးများ တစ်လုံးစီ တပ်ဆင်ထားရှိရမည်။ ယင်းမီးသည် အရှိန်လျှော့ချနေကြောင်း သိသာစေရန် ခြေနင်းဘရိတ်ကို အသုံးပြုသည့်အခါမှသာ လင်းရမည်။ မော်တော်ယာဉ် မောင်းနှင်နေစဉ် တစ်လျှောက်လုံးတွင် ဘရိတ်အသုံးပြုချိန်တိုင်း ကောင်းမွန်စွာ အလုပ်လုပ်နိုင်ရမည်။ ယင်းမီးကို နေ့အချိန်တွင်သော်လည်းကောင်း၊ ညအချိန်တွင်သော်လည်းကောင်း သာမန်အားဖြင့် ပေ ၃၀၀ (၉၁.၅၅ မီတာ) မှ မြင်နိုင်ရမည်။

(တ) ဘရိတ်မီးများ၏ အလင်းစူးအားသည် နောက်မီး (Rear Lamp) များ၏ အလင်းစူးအားထက် သာလွန်ရမည်ဖြစ်ပြီး နေ့အချိန်တွင်လည်း ရှင်းလင်းစွာမြင်နိုင်ရမည်။

(ထ) နောက်တွဲယာဉ်တွင် ဘရိတ်မီးများ ပါရှိရမည်ဖြစ်ပြီး ချိတ်ဆွဲယာဉ်၏ ခြေနင်းဘရိတ်စနစ် အသုံးပြုသည့်အချိန်တွင် လင်းရမည်။

( ဒ) မော်တော်ယာဉ်တွင် ယာဉ်၏အတွင်းပိုင်းကို ကောင်းစွာမြင်နိုင်ရန် အတွင်းခန်းမီး (Interior Light) တပ်ဆင်ရမည်။

၄၇။ (က) မော်တော်ယာဉ်ကြီးများ၌ ညအချိန်တွင် မော်တော်ယာဉ်ကိုယ်ထည်၏ အမြင့်နှင့် အနံကို ဖော်ပြသည့်မီးငယ်များကို မော်တော်ယာဉ်၏အမိုးပေါ်၌ ရှေ့လက်ဝဲ၊ လက်ယာ အစွန်း တစ်ဖက်တစ်ချက်တွင် တစ်လုံးစီနှင့် နောက်လက်ဝဲ၊ လက်ယာအစွန်း တစ်ဖက် တစ်ချက်တွင် တစ်လုံးစီ တပ်ဆင်ထားရှိလျှင် သာမန်အားဖြင့် ရှေ့မီးအရောင်သည် အဝါနှင့် နောက်မီးအရောင်သည် အနီဖြစ်ရမည်။

(ခ) မော်တော်ယာဉ် ကိုယ်ထည်၏ အလျားသည် ၂၄ ပေ (၇.၃၁ မီတာ) ထက် ရှည်လျှင် မော်တော်ယာဉ်၏ လက်ဝဲဘက်ကိုယ်ထည် အရှေ့ပိုင်းနှင့် နောက်ပိုင်းတွင် လည်းကောင်း၊ လက်ယာဘက်ကိုယ်ထည် အရှေ့ပိုင်းနှင့် နောက်ပိုင်းတွင်လည်းကောင်း ညအချိန်၌ မော်တော်ယာဉ်၏အလျားကိုသိရှိရန် မီးငယ်တစ်လုံးစီ တပ်ဆင်ထားရမည်။ မီးသီးအား သည် ခုနစ်ဝပ်ထက် မပိုရ။ ရှေ့မီးအရောင်သည် အဝါနှင့် နောက်မီးအရောင်သည် အနီ ဖြစ်ရမည်။

(ဂ) မြို့တွင်းခရီးသည်တင်ယာဉ်နှင့် အဝေးပြေးခရီးသည်တင်ယာဉ်၌ ပြေးဆွဲသော ခရီး စဉ် သို့မဟုတ် လိုင်းအမှတ်အသားကို မော်တော်ယာဉ် ရှေ့လေကာမှန်ကြီး၏ အပေါ် ဘက်ထောင့်တွင် ဖော်ပြထားနိုင်သည်။ ညအချိန်တွင် ၎င်းအမှတ်အသားကို မြင်နိုင် စေရန် အဖြူရောင်မီးဖြင့် ဖော်ပြထားရမည်။ ထို့ပြင် ယင်းခရီးသည်တင်ယာဉ် အတွင်း၌ ခရီးသည်များအတွက် အဖြူရောင်မီးငယ်များ တပ်ဆင်ထားရမည်။ ထိုမီးငယ်သည် ယာဉ်မောင်းနှင်သူ၏ မျက်စိအာရုံကို အနှောင့်အယှက် မဖြစ်စေရ။

(ဃ) မော်တော်ယာဉ်တွင် တင်ဆောင်သော ပစ္စည်းများသည် ကိုယ်ထည်နောက်ဘက်သို့ လေးပေ (၁.၂၂ မီတာ) ထက်ပို၍ အစွန်းထွက်နေလျှင် ညအချိန်၌ အစွန်းထွက်မှုကို သိရှိရန် ပစ္စည်း၏အဖျားတွင် အနီရောင်မီးတစ်လုံး တပ်ဆင်ထားရမည်။ ၎င်းမီးကို မော်တော်ယာဉ်နောက် ပေ ၅၀၀ (မီတာ ၁၅၀) ခန့်အကွာအဝေးမှ မြင်နိုင်ရမည်။

(င) ညအချိန်၌ မော်တော်ယာဉ်ကို လမ်းပေါ်တွင် ရပ်ထားပါက ဘေးမီးငယ်များကို ဖွင့်ထား ရမည် သို့မဟုတ် သီးခြားတပ်ဆင်ထားသည့် ရပ်တန့်မီး ရှိပါက ဖွင့်ထားရမည်။

(စ) မော်တော်ယာဉ်၏ နောက်လက်ဝဲ၊ လက်ယာ အစွန်းတစ်ဖက် တစ်ချက်စီတွင် အရောင် ပြန်နိုင်သော ရောင်ပြန်အနီ တစ်ခုစီကို တပ်ဆင်ထားရှိရမည်။ ထိုရောင်ပြန် အနီသည် မြေပြင်မှ အနိမ့်အမြင့် တူညီရမည်။ ရာသီဥတုကြည်လင်သော ညအချိန်၌ နောက်တွင် ရှိသောမော်တော်ယာဉ်၏ ရှေ့မီးကြီး အလင်းရောင်ဖြင့် ရောင်ပြန်အနီကို ပေ ၅၀၀ (မီတာ ၁၅၀) မှ မြင်နိုင်ရမည်။ ရောင်ပြန်အနီကို ဘရိတ်မီးတွင် တပ်ဆင်ထားနိုင်သည်။

(ဆ) မော်တော်ယာဉ်၏နောက်၌ တပ်ဆင်ထားသော ရောင်ပြန်အနီသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ထားရမည်ဖြစ်ပြီး ရောင်ပြန်ခြင်းအား မော်တော်ယာဉ်၏ အနောက်မှ ရှင်းလင်းပြတ်သားစွာ တွေ့မြင်နိုင်ရမည်။

( ဇ) မော်တော်ယာဉ်၏ အနောက်ဘက်တွင် အပိုဆောင်းရောင်ပြန်ပြားများ တပ်ဆင်နိုင်သည်။ အပိုဆောင်းရောင်ပြန်ပြား၏ အမျိုးအစား၊ အရောင်၊ အရွယ်အစား၊ အရည်အသွေး၊ တပ်ဆင်ရမည့် မော်တော်ယာဉ် အမျိုးအစားနှင့် တပ်ဆင်ရမည့် နည်းလမ်းများသည် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

( ဈ) နောက်တွဲယာဉ်၏ နောက်မြီး လက်ဝဲနှင့် လက်ယာ တစ်ဖက်တစ်ချက်တွင် ရောင်ပြန်အနီ တစ်ခုစီ တပ်ဆင်ထားရှိရမည်။ နောက်တွဲယာဉ်၏ အလျားသည် ၂၄ ပေ (၇.၃၁ မီတာ) ထက်ပိုလျှင် မော်တော်ယာဉ်၏အလျားကို သိရှိစေရန် လက်ဝဲဘက် ကိုယ်ထည် ရှေ့ပိုင်းနှင့် နောက်ပိုင်းတွင်လည်းကောင်း၊ လက်ယာဘက်ကိုယ်ထည် ရှေ့ပိုင်းနှင့် နောက်ပိုင်းတွင်လည်းကောင်း မီးငယ်တစ်လုံးစီ တပ်ဆင်ထားရမည်။ သာမန်အားဖြင့် ရှေ့မီးအရောင်သည် အဝါနှင့် နောက်မီးအရောင်သည် အနီဖြစ်ရမည်။

(ည) ချိတ်ဆွဲယာဉ်တွင် တပ်ဆင်ထားရှိရမည့် မီးများသည် သာမန်မော်တော်ယာဉ်တွင် တပ်ဆင်ထားရှိသကဲ့သို့ ရှေ့မီး၊ နောက်မီး၊ မှတ်ပုံတင်နံပါတ်ပြားမီးနှင့် ဦးစီးဌာနက ခွင့်ပြုသည့် အခြားမီးများ ဖြစ်ရမည်။

( ဋ) ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသော မီးများထက်ပို၍ အခြားမီးများကို မော်တော်ယာဉ်တွင် တပ်ဆင်လိုပါက ဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်။

( ဌ) မော်တော်ယာဉ်တွင် အနည်းဆုံး တပ်ဆင်ရမည့် မီးများမှာ အောက်ပါတို့ဖြစ်သည်-

(၁) ရှေ့မီးကြီး ၊

(၂) ဘေးမီးငယ် ၊

(၃) နောက်ရောင်ပြန် မီးခြောက်အနီ ၊

(၄) ဘရိတ်မီး ၊

(၅) အချက်ပြမီး ၊

(၆) မှတ်ပုံတင်နံပါတ်ပြားမီး ၊

(၇) နောက်ဆုတ်မီး(မော်တော်ဆိုင်ကယ်မပါ)။

( ဍ) မော်တော်ယာဉ်တွင် တပ်ဆင်ပါရှိသော မီးများ၏ အရောင်၊ အလင်းထုတ်ဧရိယာနှင့် အလင်းရောင်တို့ကို လျော့ပါးမှေးမှိန်စေနိုင်သည့် အရာဝတ္ထုတစ်ခုခုဖြင့် ဖုံးကွယ်ခြင်း မပြုရ။

( ဎ) သူနာတင်မော်တော်ယာဉ်နှင့် မီးသတ်မော်တော်ယာဉ်တို့၏ အမိုးပေါ်တွင် ဦးစားပေးမီး တပ်ဆင်ထားရမည်။ လုပ်ငန်းဆောင်ရွက်မှု အပေါ်မူတည်၍ ဆယ်တင်ရေးယာဉ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ယာဉ်နှင့် အခြားအရေးကြီးယာဉ်အချို့၏ အမိုးပေါ်တွင် ဦးစားပေး မီး တပ်ဆင်ထားနိုင်သည်။ ၎င်းမီးသည် ဆုံလည်မီး သို့မဟုတ် အလိုအလျောက် လင်းသော၊ ပိတ်သောမီးဖြစ်ရမည်။ ၎င်းမီးရောင်သည် အနီ သို့မဟုတ် အဝါ သို့မဟုတ် ဦးစီးဌာနက ခွင့်ပြုသည့် အရောင်များ ဖြစ်ရမည်။ ဦးစားပေးမီးများကို အမှန်တကယ် လုပ်ငန်း လုပ်ဆောင် ချိန်များတွင်သာ အသုံးပြုရမည်။

(ဏ) သူနာတင်မော်တော်ယာဉ်၊ မီးသတ်မော်တော်ယာဉ်၊ ဆယ်တင်ရေးယာဉ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ယာဉ်နှင့် အရေးကြီးယာဉ်များမှအပ မည်သည့်မော်တော်ယာဉ်တွင်မျှ ဦးစားပေးမီး (ဆုံလည်မီး၊ မီးတန်း)များ တပ်ဆင်ခြင်း မပြုရ။

(တ) သုံးဘီးတပ်ယာဉ်၌ –

(၁) အနံသည် သုံးပေ ခြောက်လက်မ (၁.၀၇ မီတာ) ထက်မပိုလျှင် သုံးဘီးတပ်ယာဉ်၏ ရှေ့ဗဟိုတွင် မီးကြီးတစ်လုံး တပ်ဆင်ထားရှိရမည်။ အနံသည် သုံးပေ ခြောက်လက်မ (၁.၀၇ မီတာ) ထက်ကျော်လျှင် ရှေ့မီးကြီးနှစ်လုံး သို့မဟုတ် သုံးဘီးတပ်ယာဉ်၏ ရှေ့ဗဟိုတွင် မီးကြီး တစ်လုံး တပ်ဆင်ထားရှိရမည်။ ယင်းမီးမှာ အဖြူရောင် ဖြစ်ပြီး အလင်းရောင် ပေ ၁၆၀ (၄၉ မီတာ) အထိ ပေးနိုင်ရမည်။ ထို့ပြင် ဘေးမီးငယ်များပါ တပ်ဆင်ထားရမည်။

(၂) နောက်တွင် ရောင်ပြန်ပြားနှစ်ခု၊ နောက်မှတ်ပုံတင်နံပါတ်ပြားမီး အဖြူတစ်လုံး နှင့် ဘရိတ်မီးအနီနှစ်လုံး တပ်ဆင်ထားရမည်။

(၃) ရှေ့နှင့် နောက်တို့တွင် အဝါရောင်အချက်ပြမီးများ တပ်ဆင်ထားရမည်။

(ထ) မော်တော်ဆိုင်ကယ်၌–

(၁) ရှေ့ဗဟိုတွင် မီးကြီး တပ်ဆင်ထားရမည်။ ယင်းမီးမှာ အဖြူရောင်ဖြစ်ပြီး မော်တော်ဆိုင်ကယ်၏ ဆလင်ဒါ ကုဗ ၁၀၀ စီစီထက် မပိုပါက ရှေ့သို့ အနည်းဆုံး ပေ ၄၀ (၁၂.၂ မီတာ) အထိလည်းကောင်း၊ ဆလင်ဒါကုဗ ၁၀၀ စီစီ ကျော်၍ ၂၀၀ စီစီ ထက်မပိုပါက အနည်းဆုံး ပေ ၈၀ (၂၄.၄ မီတာ) အထိလည်းကောင်း၊

ဆလင်ဒါကုဗ ၂၀၀ စီစီထက်ပိုပါက အနည်းဆုံး ပေ ၁၆၀ (၄၉ မီတာ) အထိ လည်းကောင်း အလင်းရောင်ပေးနိုင်ရမည်။

(၂) နောက်ဗဟိုတွင် ရောင်ပြန်တစ်ခုနှင့် ဘရိတ်မီးအနီတစ်လုံး တပ်ဆင်ထားရှိရမည့် အပြင် နောက်မှတ်ပုံတင်နံပါတ်ပြား မီးအဖြူတစ်လုံးပါရှိရမည်။

(၃) ရှေ့နှင့်နောက်တွင် အဝါရောင်အချက်ပြမီးများ တပ်ဆင်ထားရမည်။

(၄) မော်တော်ဆိုင်ကယ်ဘေးတွဲ၏ ရှေ့အစွန်းတစ်ဘက်တွင် အဖြူရောင် သို့မဟုတ် အဝါရောင် ဘေးမီးငယ်တစ်လုံး တပ်ဆင်ထားရမည်။ ဘေးတွဲ၏ နောက်မြီး အစွန်းတွင်လည်း ရောင်ပြန်ပါရှိသည့် မီးအနီတစ်လုံး တပ်ဆင်ထားရမည်။

၄၈။ မော်တော်ယာဉ်၏အလျားကို မော်တော်ယာဉ်၏အရှေ့ဖျားမှ မော်တော်ယာဉ်၏ နောက်မြီး အစွန်းအထိ တိုင်းတာရမည်။ နောက်တွဲယာဉ်၏အလျားကို ချိတ်တွဲပင် (Coupling Pin) မှ နောက်တွဲယာဉ်၏ နောက်မြီးအစွန်းအထိ ရေပြင်ညီအကွာအဝေးအတိုင်း တိုင်းတာရမည်။

၄၉။ မော်တော်ယာဉ် သို့မဟုတ် နောက်တွဲယာဉ်တို့၏အနံကို မော်တော်ယာဉ်၏ကိုယ်ထည် တစ်လျှောက် အကျယ်ဆုံးနေရာတွင် တိုင်းတာရမည်။ တိုင်းတာရာတွင် ကိုယ်ထည်အပြင်၌ တပ်ဆင်ထားသည့် နောက်ကြည့်မှန်အရှင်များ မပါဝင်ရ။

၅၀။ မော်တော်ယာဉ် သို့မဟုတ် နောက်တွဲယာဉ်တို့၏အမြင့်ကို မြေညီလမ်းမှ မော်တော်ယာဉ်၏ အမိုးထိပ် သို့မဟုတ် ကုန်တင်ကိုယ်ထည်၏ အမြင့်ဆုံးထိပ်နေရာအထိ တိုင်းတာရမည်။

၅၁။ မော်တော်ယာဉ်၏ အတိုင်းအတာများ တိုင်းတာရာတွင် မော်တော်ယာဉ်သည် ရေပြင်ညီအတိုင်း ရှိရမည်ဖြစ်ပြီး မည်သည့်ကုန်ပစ္စည်းမျှ တင်ဆောင်ထားခြင်း မရှိရ။

၅၂။ ဦးစီးဌာနသည် မော်တော်ယာဉ်များ၏ အများဆုံးခွင့်ပြုနိုင်သည့် အတိုင်းအတာများကို သတ်မှတ် နိုင်သည်။ သတ်မှတ်အတိုင်းအတာထက် ကျော်လွန်သော မော်တော်ယာဉ်ကို မှတ်ပုံတင်ခြင်းအတွက် ဆက်စပ်ဌာနများနှင့် ညှိနှိုင်း၍ ငြင်းပယ်ခြင်း သို့မဟုတ် လိုအပ်သော စည်းကမ်းသတ်မှတ်ချက်များ ကန့်သတ်ပြီး ခွင့်ပြုခြင်း ပြုနိုင်သည်။

၅၃။ (က) မော်တော်ယာဉ်နောက်ဘက်သို့ ကိုယ်ထည်အစွန်းထွက်မှုသည် မော်တော်ယာဉ် ထုတ်လုပ်သူ (Manufacturer)၏ မူလတည်ဆောက်မှုအတိုင်း ရှိရမည်။ ဦးစီးဌာနက ခွင့်ပြုထားသည့် အမျိုးအစား ပြောင်းလဲခြင်းများအတွက် မော်တော်ယာဉ် နောက်ဘက် သို့ ကိုယ်ထည်အစွန်းထွက်မှုသည် ရှေ့ဘီးဗဟိုနှင့် နောက်ဘီးဗဟိုကြား အကွာအဝေး ၏ ၆၀ ရာခိုင်နှုန်းထက် မပိုရ။

( ခ) မော်တော်ဆိုင်ကယ်တွင်နောက်ဘက်သို့ အစွန်းထွက်နေသော ထိုင်ခုံရှိပါက မော်တော်ဆိုင်ကယ်၏နောက်ဘီး တာယာအစွန်းမှ တစ်ပေ (၃၁ စင်တီမီတာ) ထက် ပိုမထွက်စေရ။

( ဂ) မော်တော်ဆိုင်ကယ်တွင် ဘေးတွဲတပ်ဆင်ထားရှိပါက ဘေးတွဲ၏ အရှေ့ဖျားသည် မော်တော်ဆိုင်ကယ်၏ ရှေ့ဘီးတာယာအဖျားမှ ရှေ့သို့ တစ်ပေ (၃၁ စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ ဘေးတွဲ၏ နောက်အစွန်းသည် မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ နောက်သို့ နှစ်ပေ (၆၁ စင်တီမီတာ) ထက်ပို၍လည်းကောင်း အစွန်းထွက်ခြင်း မရှိစေရ။

၅၄။ မော်တော်ယာဉ် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက် မြေပြင်နှင့် ထိတွေ့ရသော အစိတ်အပိုင်းမှလွဲ၍ ကျန်မည်သည့် အစိတ်အပိုင်းမဆို မြေပြင်မှလုံလောက်သော ကင်းလွတ်အမြင့်တွင် ရှိရမည်။

၅၅။ မော်တော်ယာဉ်ကို မူလထုတ်လုပ်သူက သတ်မှတ်ထုတ်လုပ်ထားသည့် အတိုင်းအတာများ အတိုင်းသာ ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။ မည်သူမျှ မော်တော်ယာဉ်၏ မူလအတိုင်းအတာများကို ပြောင်းလဲခြင်း မပြုရ။

၅၆။ (က) မော်တော်ယာဉ် သို့မဟုတ် နောက်တွဲယာဉ်တို့၏ဝန်မပါ အလေးချိန်နှင့် ဝန်ပါအလေးချိန် စုစုပေါင်းသည် မူလထုတ်လုပ်သူက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။ ဝန်ပါအလေးချိန် စုစုပေါင်းသည် အမြင့်ဆုံးဝင်ရိုး ခံနိုင်ရည်စုစုပေါင်း (Axle Capacity) အောက်လျော့နည်းရမည် သို့မဟုတ် ညီမျှရမည်။

( ခ) ကုန်တင်ယာဉ်များ၏ ဝန်ပါအလေးချိန်စုစုပေါင်းသည် ပြည်တွင်းလမ်း၊ တံတား၊ အခြေခံ အဆောက်အအုံများ၏ ခံနိုင်ဝန်၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ သတ်မှတ်ချက်များ အရ ထည့်သွင်းစဉ်းစား၍ ဦးစီးဌာနက ထုတ်ပြန်သတ်မှတ်ချက်များအတိုင်း ဖြစ်ရမည်။ သတ်မှတ်ထားသော ဝန်ပါအလေးချိန်စုစုပေါင်းထက်ပိုလျှင် ဦးစီးဌာနသည် လမ်းအန္တရာယ် ကင်းရှင်းစေရန်ရှေးရှုပြီး နယ်မြေဒေသ၊ လမ်းကြောင်း၊ အမြန်နှုန်း၊ အချိန်စသည့် ကန့်သတ်ချက်တို့ဖြင့် ခွင့်ပြုနိုင်သည်။

( ဂ) ကုန်သေတ္တာတင်ဆောင်သည့် ကုန်တင်ယာဉ်များတွင် အနည်းဆုံး နောက်ဝင်ရိုး နှစ်ချောင်းတွဲ တစ်စုံ တပ်ဆင်ပါရှိရမည်။

(ဃ) မော်တော်ယာဉ်၏ မည်သည့်ဝင်ရိုးမဆို ဝင်ရိုးထမ်းအလေးချိန် (Axle Weight) ၁၀ တန်နှင့် အောက်သာ ရှိရမည်။

( င) ကုန်ပစ္စည်းအလေးချိန် နှစ်တန် (၂၀၀၀ကီလိုဂရမ်)နှင့် အထက် တင်ဆောင်နိုင်သော ကုန်တင်ယာဉ် သို့မဟုတ် နောက်တွဲယာဉ်တွင် အောက်ဖော်ပြပါ အလေးချိန်များကို အချင်း တစ်လက်မ (သုံး စင်တီမီတာ) အရွယ်ထက် မငယ်သောစာနှင့် ဂဏန်းများကို ကုန်တင်ယာဉ်၏ လက်ယာဘေး မြင်သာနိုင်သည့်နေရာတွင် ရေးသားထားရမည် –

(၁) မော်တော်ယာဉ်၏ ဝန်မပါအလေးချိန် (Vehicle Weight)၊

(၂) မော်တော်ယာဉ်တွင်တင်ဆောင်နိုင်သော ဝန်တင်အား (Pay Load)၊

(၃) ဝန်ပါအလေးချိန်စုစုပေါင်း(Gross Vehicle Weight–GVW)။

၅၇။ (က) မော်တော်ယာဉ် သို့မဟုတ် နောက်တွဲယာဉ်တို့တွင် တပ်ဆင်ထားရှိသည့် ဘီးခွေတို့၏ အရွယ်အစားနှင့် အရေအတွက်တို့သည် မော်တော်ယာဉ် ထုတ်လုပ်စဉ်ကအတိုင်း ရှိရမည်။ ဘီးခွေများသည် လိမ်ကောက်ခြင်း၊ အက်ကွဲခြင်းမရှိစေရ။ ထို့ပြင် ဘေးကင်းစွာ အသုံးပြုနိုင်သည့် အခြေအနေတွင်ရှိရမည်။

( ခ) မည်သည့်မော်တော်ယာဉ်မဆို မော်တော်ယာဉ်နှင့်သင့်လျော်ပြီး မူလထုတ်လုပ်သူက သတ်မှတ်ထားသော အရွယ်အစား၊ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် တာယာများကို အသုံးပြု တပ်ဆင်ရမည်။

( ဂ) တာယာများသည် လေသွင်းတာယာများဖြစ်ပြီး ထုတ်လုပ်သူက ထောက်ခံပေးသော အရွယ်အစားနှင့် လေဖိအားပမာဏကို ကျော်လွန်ခြင်းမရှိရ။ မော်တော်ယာဉ်ကို အန္တရာယ်ဖြစ်စေနိုင်မည့် သိသာထင်ရှားသော အနာအဆာ မရှိစေရ။ စိုစွတ်သော လမ်းပေါ်၌ပင် မြဲမြံစွာ အသုံးပြုနိုင်သည့် အခြေအနေ ရှိရမည်။

(ဃ) အသုံးပြုနေဆဲမော်တော်ယာဉ် (In–used Vehicle) များတွင် ရှိရမည့် တာယာပန်းအနက် (Depth of groove of tyre) သည် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

၅၈။ (က) မော်တော်ယာဉ်များတွင် နိုင်ငံ၏ ယာဉ်သွားလာမှုစနစ်နှင့် ကိုက်ညီသည့် လက်ဝဲ စတီယာရင်စနစ်( Steering System)ကို တပ်ဆင်အသုံးပြုရမည်။ ဤနည်းဥပဒေများ ထုတ်ပြန်ခြင်းမပြုမီက မှတ်ပုံတင်ထားသော မော်တော်ယာဉ်များနှင့် နှစ်စဉ်ထုတ်ပြန်သော နိုင်ငံတော်၏မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒအရ ချွင်းချက်ဖြင့်ခွင့်ပြုသည့် မော်တော်ယာဉ်များသည် ယင်းသတ်မှတ်ချက်နှင့် မသက်ဆိုင်စေရ။

( ခ) မော်တော်ယာဉ်တိုင်းတွင် စိတ်ချခိုင်ခံ့သော စတီယာရင်စနစ် ထားရှိရမည်။ ထိုစတီယာရင်စနစ်သည် မော်တော်ယာဉ်ကိုလိုရာဘက်သို့ သွားနိုင်ရန် လှည့်သောအခါ လွယ်ကူခြင်း၊ လျင်မြန်ခြင်းနှင့် တိကျခြင်းရှိရမည်။ စတီယာရင်စနစ်ကို မပြောင်းလဲရ။ ခွင့်ပြုနိုင်သည့် စတီယာရင် အလွတ်ကစားမှု ပမာဏသည် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

(ဂ) မော်တော်ယာဉ်တွင် စတီယာရင်စနစ် တစ်ခုတည်းသာရှိရမည်။

(ဃ) စတီယာရင်စနစ် (Steering System)အား ဝင်ရိုးတစ်ချောင်းထိန်းစနစ် (Single Axle Steering) မှ ဝင်ရိုးနှစ်ချောင်းထိန်းစနစ် (Twin Axle Steering) သို့လည်းကောင်း၊ ဝင်ရိုးနှစ်ချောင်းထိန်းစနစ် (Twin Axle Steering) မှ ဝင်ရိုးတစ်ချောင်း ထိန်းစနစ် (Single Axle Steering) သို့လည်းကောင်း ပြောင်းလဲခြင်း မပြုရ။

(င) လက်ဝဲစတီယာရင် (Left Hand Drive Steering) မှ လက်ယာစတီယာရင် (Right Hand Drive Steering) သို့လည်းကောင်း၊ လက်ယာစတီယာရင် (Right Hand Drive Steering) မှ လက်ဝဲစတီယာရင် (Left Hand Drive Steering) သို့ လည်းကောင်း ပြောင်းလဲခြင်း မပြုရ။

၅၉။ မော်တော်ယာဉ်တွင် ထုတ်လုပ်ခုနှစ်ပုံစံအလိုက် ယာဉ်မောင်းနှင်သူကို အကာအကွယ်ပေးသည့် စနစ်များ (Seat Belt၊ Air Bag၊ Head Restraint စသည်ဖြင့်) ပြည့်စုံစွာပါရှိရမည်။

၆၀။ မည်သည့်မော်တော်ယာဉ်မဆို ဝန်တင်ဆောင်ထားသည်ဖြစ်စေ၊ ဝန်တင်ဆောင်မထားသည်ဖြစ်စေ တည်ငြိမ်မှု (Stability) ကောင်းမွန်စွာ ထိန်းသိမ်းမောင်းနှင်နိုင်ရမည်။

၆၁။ မည်သည့်မော်တော်ယာဉ်မဆို စက်ဝိုင်းပုံအတိုင်း အနည်းဆုံး ကွေ့နိုင်သောအချင်းဝက် (Minimum turning radius) သည် ၁၂ မီတာနှင့် အောက်သာ ရှိရမည်။ အနည်းဆုံး ကွေ့နိုင်သောအချင်းဝက်သည် မြေပြင်ညီအနေအထားတွင် အပြင်ဘက်တာယာအစွန်းမှ တိုင်းတာခြင်းဖြစ်သည်။ ယင်းသို့ ကွေ့နိုင်ခြင်းသည် လက်ဝဲဘက်သို့လည်းကောင်း၊ လက်ယာဘက်သို့လည်းကောင်း ကွေ့နိုင်ရမည်။

၆၂။ (က) မော်တော်ယာဉ်တွင် အောက်ခံထည် သို့မဟုတ် ဘောင်သည် မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်းဖြစ်၍ ထင်ရှားသည့်ဘောင်အမှတ် (Chassis No.) ပါရှိရမည်။ ထိုဘောင်အမှတ်(Chassis No.)ကို မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်းတွင် မှတ်တမ်းတင်ထားရမည်။

(ခ) မော်တော်ယာဉ်ရှိ အောက်ခံဘောင်ကို အသစ်ပြောင်းလဲတပ်ဆင်လိုပါက သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရမည်။ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် မော်တော်ယာဉ် အမျိုးအစားအလိုက် ခွင့်ပြုနိုင်သည့် ဘောင်ပြောင်းလဲခြင်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ကို စာဖြင့်လက်ခံရရှိမှသာ အောက်ခံဘောင်ကို ပြောင်းလဲနိုင်သည်။ ပြောင်းလဲလိုသော အောက်ခံဘောင်သည် မူရင်းအတိုင်းအတာ ပုံသဏ္ဍာန်နှင့် ကြံ့ခိုင်မှုထက်မလျော့သော အောက်ခံဘောင်မျိုး ဖြစ်ရမည်။

( ဂ) လမ်းအန္တရာယ်ကင်းရှင်းစေရန် ရှေးရှုပြီး အောက်ခံထည် သို့မဟုတ် ဘောင် အခြေအနေ အမြဲကောင်းမွန်နေစေရန် ပြုပြင်ထိန်းသိမ်းထားရမည်။

၆၃။ မော်တော်ယာဉ်၏အောက်ခံထည် သို့မဟုတ် ဘောင်တစ်ခုသည် မော်တော်ယာဉ်၏ ကိုယ်ထည် (Body Coach) မှ သီးခြားခွဲထုတ်၍မရသော အစိတ်အပိုင်းဖြစ်ပါက ၎င်းအားအစားထိုးလဲလှယ်ခွင့်မပြု။ အစားထိုးလဲလှယ်ပါက မှတ်ပုံတင်ဖျက်သိမ်းခြင်း ခံရမည်။

၆၄။ မော်တော်ယာဉ် သို့မဟုတ် နောက်တွဲယာဉ်တို့တွင် ဝင်ရိုးများနှင့် အောက်ခံထည် သို့မဟုတ် ဘောင်အကြား၌ လွန်ကဲသော လှုပ်ရှားမှု၊ တုန်ခါမှုများ မဖြစ်စေရန် ကြံ့ခိုင်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝသော ပြီးပြည့်စုံသည့် ဒဏ်ခံစနစ် (Suspension System) တပ်ဆင်ထားရှိရမည်။ ယင်းစနစ်သည် ဝန်ပါအလေးချိန်စုစုပေါင်း၏ဒဏ်ကို ခံနိုင်ရမည်။

၆၅။ နောက်တွဲယာဉ်များ၏ ချိတ်တွဲဆက်ပစ္စည်း (Coupling Device) သည် မှန်ကန်သော အရွယ်အစား ဖြစ်ရမည်။ ခံနိုင်ရည်မြင့်မားသော သံမဏိဖြင့် ပြုလုပ်ထားပြီး ကောင်းမွန်စွာ အသုံးပြုနိုင်ရမည်။

၆၆။ (က) မော်တော်ယာဉ်၏ အင်ဂျင်တိုင်းတွင် အင်ဂျင်ထုတ်လုပ်သူက ရိုက်နှိပ်ပေးသည့် အင်ဂျင်အမှတ်ပါ ရှိရမည်။ ထိုအမှတ်ကို မော်တော်ယာဉ် မှတ်ပုံတင်မှတ်တမ်းတွင် မှတ်တမ်းတင်ထားရမည်။ အင်ဂျင် အမှတ်မပါရှိခြင်း သို့မဟုတ် မထင်ရှားခြင်း သို့မဟုတ် ဦးစီးဌာန၏ လိုအပ်ချက်ရှိခြင်းတို့အတွက် ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ယာဉ်စစ်ဆေးရေးအဖွဲ့က အင်ဂျင်အမှတ် ရိုက်နှိပ်ပေးရမည်။

( ခ) မော်တော်ယာဉ်အင်ဂျင်ကို ပြောင်းလဲတပ်ဆင်လိုပါက သက်ဆိုင်ရာမှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ကို စာဖြင့်လက်ခံရရှိမှသာ အင်ဂျင်ကို ပြောင်းလဲနိုင်သည်။

( ဂ) မော်တော်ယာဉ်၏ လောင်စာစနစ်ကို ပြောင်းလဲလိုပါက သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(ဃ) မည်သည့်မော်တော်ယာဉ်တွင်မဆို မူလထုတ်လုပ်သူက သတ်မှတ်ထားသည့် လောင်စာစနစ် သို့မဟုတ် အင်ဂျင်မှ သွေဖယ်၍ ပြောင်းလဲခြင်းများအတွက် ဦးစီးဌာနသည် ယာဉ်အန္တရာယ်လမ်း အန္တရာယ်ကင်းရှင်းရေး ကိုရှေးရှု၍ စိစစ်ကန့်သတ်နိုင်သည်။

၆၇။ မော်တော်ယာဉ်တွင် တပ်ဆင်ထားသော အင်ဂျင် အစဉ်အမြဲ ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းထားရမည်။

၆၈။ (က) မော်တော်ယာဉ်၏ အားပြောင်းစနစ်သည် မော်တော်ယာဉ်ထုတ်လုပ်သူက တပ်ဆင်ပေးထားသည့်အတိုင်း ဖြစ်ရမည်။ သို့ရာတွင် အင်ဂျင်နှင့် လိုက်လျောညီထွေသည့် အားပြောင်းအစိတ်အပိုင်း ပြောင်းလဲမှုများကိုသက်ဆိုင်ရာမှတ်ပုံတင်အရာရှိက ခွင့်ပြုနိုင်သည်။

(ခ) အားပြောင်းစနစ်တွင် ပါဝင်သော အစိတ်အပိုင်းများအားလုံး ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းထားရမည်။

၆၉။ (က) မော်တော်ယာဉ်၏ ဂီယာအုံ ပြောင်းလဲမှုသည် နည်းဥပဒေ ၆၈ နည်းဥပဒေခွဲ (က) ပါ အတိုင်း ဖြစ်ရမည်။

(ခ) မော်တော်ယာဉ်တိုင်းတွင် မော်တော်ယာဉ်နောက်သို့ဆုတ်ရန် ဂီယာအစီအစဉ် ပါရှိရမည်။ ထိုအစီအစဉ်မျိုးကို မော်တော်ဆိုင်ကယ်တွင် ပါရှိရန်မလိုပါ။

၇၀။ (က) မော်တော်ယာဉ်ကို မူလထုတ်လုပ်သူက ယင်းတို့၏ ထုတ်လုပ်ခုနှစ်ပုံစံ (Model) အလိုက် ထုတ်လုပ်ထားသည့် မော်တော်ယာဉ်၏ ရုပ်သဏ္ဍာန်အတိုင်းသာ ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။ မည်သူမျှ မော်တော်ယာဉ်၏ ရုပ်သဏ္ဍာန်ကို ပြောင်းလဲ၍ မှတ်ပုံတင်ခြင်းမပြုရ။ ကနဦးမှတ်ပုံတင် ခွင့်ပြုထားသည့် မော်တော်ယာဉ်၏ ရုပ်သဏ္ဍာန်အတိုင်း မော်တော်ယာဉ်၏ မှတ်ပုံတင်သက်တမ်းတစ်လျှောက် ထားရှိသုံးစွဲရမည်။

(ခ) ထုတ်လုပ်ခုနှစ်နှင့် သုံးစွဲသည့် သက်တမ်းကြာမြင့်သည့် မော်တော်ယာဉ်၏ ရုပ်သဏ္ဍာန်တွင်ပါဝင်သော အစိတ်အပိုင်းတစ်ခုခုကို ပြောင်းလဲလိုပါက ဦးစီးဌာနက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။ ပြောင်းလဲမှုသည် သတ်မှတ်ချက်အတိုင်း မဖြစ်လျှင် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းကို ဦးစီးဌာနက ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည်။

(ဂ) မည်သူမျှ မှတ်ပုံတင်ခွင့်ပြုထားသည့် မော်တော်ယာဉ်ကို အခြားမော်တော်ယာဉ် တစ်စီးဖြင့် အစားထိုး ပြောင်းလဲခြင်းမပြုရ။ ပြုလုပ်ပါက မှတ်ပုံတင် ဖျက်သိမ်းခြင်းခံရမည်။

၇၁။ မော်တော်ယာဉ်၏ ယာဉ်မောင်းနှင်သူအခန်းတွင် ပါရှိသော အောက်ပါ ထိန်းချုပ်ကိရိယာများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ယာဉ်မောင်းနှင်သူမှ အလွယ်တကူ အသုံးပြုနိုင်ရမည်-

(က) အင်ဂျင်နှင့် အားပြောင်းစနစ်၊

(ခ) ဘရိတ်စနစ်၊

(ဂ) ရှေ့မီးကြီး၊ ဟွန်း၊ အချက်ပြမီး၊ ရေသုတ်တံ၊ လေကာမှန်ဆေးကြောကိရိယာ (Windscreen Washer) နှင့် ရေငွေ့ သို့မဟုတ် ရေခဲ သို့မဟုတ် နှင်းခဲဖျော်ချကိရိယာ (Defroster) ။

၇၂။ (က) မော်တော်ယာဉ်တွင် မည်သည့်ကိုယ်ထည် အမျိုးအစားပုံစံ တည်ဆောက်ထားစေကာမူ ယင်းကိုယ်ထည်သည် မော်တော်ယာဉ်၏ အောက်ခံထည် သို့မဟုတ် ဘောင်နှင့် မြဲမြံစွာ တပ်ဆင်ထားရမည်။ ကိုယ်ထည်၊ ကြမ်းခင်း၊ ဘေးအကာနှင့် အမိုးသည် မော်တော်ယာဉ်

တွင် စီးနင်းသူနှင့် တင်ဆောင်သော ကုန်ပစ္စည်းများ ဘေးကင်းလုံခြုံမှု ရှိရမည်။ ကိုယ်ထည်တွင် ဘေးပြင်ပသို့ အစွန်းထွက်နေသည့် အရာဝတ္ထုများ လုံးဝမရှိစေရ။

( ခ) ယာဉ်တိုက်ခိုက်မှုဖြစ်ပွားပါက ယာဉ်မောင်းနှင်သူနှင့် စီးနင်းလိုက်ပါသူများကို ပြင်းထန်သော ထိခိုက်မှု လျော့နည်းစေရန် မော်တော်ယာဉ်၏ ကိုယ်ထည်ကို အထူးပြုလုပ်တည်ဆောက်ထားရမည်။ မတော်တဆဖြစ်ပွားပါက ခြေကျင်လျှောက်သူများကိုလည်း ထိခိုက်မှုလျော့နည်းစေရန် တည်ဆောက်ထားရမည်။

( ဂ) မော်တော်ယာဉ်၏ ကိုယ်ထည်ကို ပြင်ဆင်ပြောင်းလဲလိုပါက သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဃ) မည်သည့်မော်တော်ယာဉ်မဆို ကိုယ်ထည်၌ တပ်ဆင်ထားသော တံခါးများသည် ခိုင်ခံ့စွာရှိရမည့်အပြင် လုံခြုံစွာပိတ်နိုင်ရမည်။

( င) ယာဉ်မောင်းနှင်သူ၏ ထိုင်ခုံသည် မောင်းနှင်မှုမြင်ကွင်းအား ကောင်းမွန်စွာ ထောက်ပံ့ပေးနိုင်ရမည့်အပြင် လိုက်ပါစီးနင်းသူများ၊ ကုန်ပစ္စည်းများ၏ အနှောင့်အယှက်မှကင်းဝေးစေရန် တည်ဆောက်ထားရမည်။

( စ) မော်တော်ယာဉ်ပေါ်ရှိ ထိုင်ခုံများသည် ဘေးကင်းလုံခြုံမှုရှိစေရန် ထုတ်လုပ်ထားရမည်ဖြစ်ပြီး ၎င်းတို့၏ အရွယ်အစား၊ တပ်ဆင်မှုပုံစံ၊ မျက်နှာမူရာဘက် (တူရူအရပ်)သည် သတ်မှတ်ချက်အတိုင်း ဖြစ်ရမည်။ ယာဉ်တိုက်ခိုက်မှုဖြစ်ပွားပါက လုံလောက်သော ခိုင်မြဲမှုအတွက် ပြည့်ဝစွာထောက်ပံ့ပေးနိုင်ရမည်။

(ဆ) ထိုင်ခုံတစ်ခုနှင့် တစ်ခုကြားအကွာအဝေးသည် လိုက်ပါစီးနင်းသူများအတွက် လုံလောက်သော အကျယ်အဝန်း ရှိရမည်။

( ဇ) ထိုင်ခုံတိုင်း၏ကျောဘက်သည် ယာဉ်တိုက်ခိုက်မှု ဖြစ်ပွားပါက အနောက်ဘက်မှ လိုက်ပါစီးနင်းသူကို ထိခိုက်မှုမှ ကာကွယ်ပေးနိုင်ရမည်။

( ဈ) မူလထုတ်လုပ်သူက တပ်ဆင်ထားသည့် ထိုင်ခုံများမှအပ အပိုထိုင်ခုံတပ်ဆင်ခြင်း မပြုရ။

(ည) မော်တော်ယာဉ်တွင် လှေကားများ တပ်ဆင်ထားရှိလျှင် ခိုင်ခံ့စွာ တပ်ဆင်ထားရမည်။ ခြေနင်းများသည် အတက်အဆင်းပြုသူများကို အန္တရာယ်မဖြစ်စေရ။

၇၃။ မော်တော်ယာဉ်၏ ယာဉ်မောင်းနှင်သူထိုင်ခုံနှင့် အရှေ့ထိုင်ခုံများတွင် ဦးခေါင်းပိုင်း အကာအကွယ်များ (Head Restraints) ပါရှိရမည်။ ယာဉ်တိုက်ခိုက်မှု ဖြစ်ပွားပါက ဦးခေါင်းအနောက်ဘက်သို့ လန်မသွားစေရန်ဖြစ်ပြီး ဦးခေါင်းပိုင်း ထိခိုက်မှုအား လျှော့ချပေးနိုင်ရမည်။

၇၄။ (က) မော်တော်ယာဉ်တွင် အသက် ၁၀ နှစ်အောက် ကလေးငယ် တင်ဆောင်မည်ဆိုပါက ကလေးငယ်၏ အသက်အရွယ်နှင့် ခန္ဓာကိုယ်အချိုးအစားအလိုက် ထုတ်လုပ်ထားသည့် ကလေးအသက်ကယ်ထိုင်ခုံနှင့် ခါးပတ် (Child Restraint and Seat Belt) တပ်ဆင်ထားရှိရမည်။ ထိုသို့ မော်တော်ယာဉ်တွင် တပ်ဆင်နိုင်ရန် ကလေးအသက်ကယ်ထိုင်ခုံအထိုင်(Child Restraint Fixtures)များပါရှိရမည်။ သို့ရာတွင် ခရီးသည်တင်ယာဉ်၊ ယာဉ်မောင်းနှင်သူ၏ထိုင်ခုံနှင့် ၎င်း၏ဘေးဘက်ရှိ ထိုင်ခုံမှတစ်ပါး အခြားထိုင်ခုံများ မပါရှိသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးတပ်ယာဉ်၊ သီးခြားလမ်းကြောင်း(Tracks) အသုံးပြုသွားလာသော အရွယ်အစားသေးငယ်သည့် မော်တော်ယာဉ်၊ နောက်တွဲယာဉ်သည် ယင်းသတ်မှတ်ချက်များနှင့် မသက်ဆိုင်စေရ။

(ခ) တပ်ဆင်အသုံးပြုသော ကလေးအသက်ကယ်ထိုင်ခုံ (Child Restraint) သည် ယာဉ်တိုက်ခိုက်မှု ဖြစ်ပွားချိန်တွင် ကလေးငယ်ကို ထိခိုက်မှုမရှိအောင် တည်ဆောက်ထားရမည်။ မူရင်းထိုင်ခုံရှိ အသက်ကယ်ထိုင်ခုံခါးပတ်များကို ပျက်စီးခြင်းမရှိစေရ။ လွယ်ကူစွာ ဖြုတ်ခြင်း၊ တပ်ခြင်း ပြုလုပ်နိုင်ရမည်။

(ဂ) ကလေးအသက်ကယ်ထိုင်ခုံအထိုင် (Child Restraint Fixtures) များ၏ ကြံ့ခိုင်မှုနှင့် တပ်ဆင်မှု အနေအထားတို့သည် သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ကလေးအသက်ကယ်ထိုင်ခုံမှ သက်ရောက်သောဝန်အားကို ကောင်းမွန်စွာခံနိုင်ရမည်။ ထို့အပြင် ကလေးအသက်ကယ်ထိုင်ခုံအား မြဲမြံစွာတပ်ဆင်နိုင်ရမည်ဖြစ်ပြီး ကလေးငယ် နေရာချခြင်းနှင့် ထုတ်ယူခြင်းတို့အတွက် အဟန့်အတားမဖြစ်စေရ။

၇၅။ မော်တော်ယာဉ်ရှိ စီးနင်းမှုနေရာထိုင်ခင်း (Riding Accommodation) သည် မော်တော်ယာဉ်၏ တုန်ခါမှု၊ လမ်းဆောင့်မှုတို့ကြောင့် စီးနင်းသူများ ပြုတ်ကျသွားခြင်း မရှိစေရန်နှင့် အန္တရာယ်ကင်းရှင်းစွာ စီးနင်းနိုင်ရန် တည်ဆောက်ထားရမည်။ ယာဉ်မောင်းနှင်သူနှင့် စီးနင်းသူများ၏ နေရာထိုင်ခင်းသည် သင့်တင့်သော လေဝင်လေထွက် ရှိရမည်။ မော်တော်ယာဉ်၏ အတွင်းပိုင်းတွင် ထည့်သွင်းအသုံးပြုသောထိုင်ခုံ၊ ထိုင်ခုံခါးပတ်၊ ဦးခေါင်းအကာအကွယ်၊ ကလေးအသက်ကယ်ထိုင်ခုံ၊ ခေါင်မိုးလိုင်နာ၊ အတွင်းပိုင်း အပြင်အဆင်တို့သည် အလွယ်တကူ မီးမလောင်နိုင်သော သို့မဟုတ် မီးလောင်ဒဏ်ခံနိုင်ရည်ရှိသော ပစ္စည်းများဖြင့် တည်ဆောက်ထားရမည်။ မော်တော်ယာဉ်၏ ညွှန်ပြသင်္ကေတနှင့် ထိန်းချုပ်ကိရိယာများပါ အမာခံအကာ (Dashboard/Instrument Panel) သည် ယာဉ်တိုက်မှုဖြစ်ပွားသည့်အခါ လိုက်ပါစီးနင်းသူများအား ထိခိုက်မှုလျော့ကျစေရန် တည်ဆောက်ထားရပါမည်။

၇၆။ (က) မော်တော်ဆိုင်ကယ်ကို တုန်ခါခြင်း၊ လမ်းဆောင့်ခြင်းတို့ကြောင့် လိုက်ပါစီးနင်းသူအား ပြုတ်ကျခြင်းမရှိစေဘဲ အန္တရာယ်ကင်းရှင်းစွာ စီးနင်းနိုင်ရန် တည်ဆောက်ထားရမည်။

( ခ) ဘေးတွဲပါသော မော်တော်ဆိုင်ကယ်တွင် ယာဉ်မောင်းနှင်သူထိုင်ခုံမှအပ အခြားဘေးတွဲခုံ၏ အတိုင်းအတာသည် သတ်မှတ်ချက်အတိုင်း ဖြစ်ရမည်။ လိုက်ပါစီးနင်းသူသည် ဘေးကင်းစွာ ထိုင်နိုင်ရမည်။

၇၇။ (က) ယာဉ်မတော်တဆမှုကြောင့် အခြားလမ်းအသုံးပြုသူများ မော်တော်ယာဉ်အောက်သို့ ရောက်ရှိ ထိခိုက်မိခြင်းမှ ကာကွယ်နိုင်ရန် မော်တော်ယာဉ်၏ ရှေ့အကာအကွယ်တန်း (Front Underrun Protective Device) ၊ နောက်အကာအကွယ်တန်း(Rear Underrun Protective Device)နှင့် ဘေးအောက်ဘက် အကာအကွယ်တန်း(Side Guard) များသည် မူလစက်ရုံထုတ်ပုံစံအတိုင်း ပါရှိရမည်။ အဆိုပါ အကာအကွယ်တန်းများသည် အထူးကောင်းမွန်ခိုင်ခံ့သော သံမဏိ (Heavy Gauge Steel) ဖြင့် ပြုလုပ်ထားရမည်။

(ခ) မော်တော်ယာဉ်တွင် မူလစက်ရုံထုတ် အကာအကွယ်တန်းများ ပါရှိခြင်း မရှိပါက အောက်ပါ အကာအကွယ်တန်းများကို အထူးကောင်းမွန်ခိုင်ခံ့သော သံမဏိ (Heavy Gauge Steel) ဖြင့် ပြုလုပ် တပ်ဆင်ရမည်-

(၁) ဝန်တင်အား ကုန်အလေးချိန် နှစ်တန်နှင့်အထက် ကုန်တင်ယာဉ်တွင် ရှေ့အကာအကွယ်တန်း(Front Underrun Protective Device)နှင့် နောက်အကာအကွယ်တန်း (Rear Underrun Protective Device)၊

(၂) ဝန်တင်အား ကုန်အလေးချိန် သုံးတန်နှင့်အထက် ကုန်တင်ယာဉ်တွင် ရှေ့အကာအကွယ်တန်း(Front Underrun Protective Device)၊ နောက်အကာအကွယ်တန်း (Rear Underrun Protective Device)နှင့် ဘေးအောက်ဘက် အကာအကွယ်တန်း (Side Guard)၊

(၃) နောက်တွဲယာဉ်တွင် ဘေးအောက်ဘက်အကာအကွယ်တန်း (Side Guard)နှင့် နောက်အကာအကွယ်တန်း (Rear Underrun Protective Device) ။

၇၈။ ဘီး၏လည်ပတ်မှုကြောင့် လွင့်စဉ်ထွက်လာသောရွှံ့နှင့် ရေများကိုလုံလောက်စွာ ကာကွယ်မှုပေးနိုင်သော ရွှံ့ကာများ မော်တော်ယာဉ်တွင်တပ်ဆင်ရမည်။

၇၉။ (က) မော်တော်ယာဉ်၏ ဆေးအရောင်သည် မော်တော်ယာဉ် မှတ်ပုံတင်မှတ်တမ်းတွင် မှတ်တမ်းတင် ထားသည့်အတိုင်း ရှိနေရမည်။ မော်တော်ယာဉ်၏ ဆေးအရောင်ကို ပြောင်းလဲလိုပါက သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ ခွင့်ပြုချက်ရရှိမှသာ ဆေးအရောင် ပြောင်းလဲရမည်။

( ခ) အငှားယာဉ်များ၏ ဆေးအရောင်ကို အဖွဲ့အလိုက်၊ အသင်းစုအလိုက် တူညီစွာ သတ်မှတ်လိုပါက ဦးစီးဌာနက သတ်မှတ်ပေးသည့်အတိုင်းဖြစ်ရမည်။

( ဂ) မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ၏ ဆေးအရောင်သည် တပ်မတော်ပိုင် မော်တော်ယာဉ်များတွင် အသုံးပြုသည့် စစ်အစိမ်းရောင်နှင့် မတူစေရ။

၈၀။ မော်တော်ယာဉ်၏ ယာဉ်မောင်းနှင်သူအခန်းသည် မောင်းနှင်နေစဉ်တွင် ယာဉ်မောင်းနှင်သူက မော်တော်ယာဉ်၏ ရှေ့နှင့် ဝဲ၊ ယာအား ရှင်းလင်းပြတ်သားစွာမြင်နိုင်ရန် တည်ဆောက်ထားရမည်။

၈၁။ (က) မော်တော်ယာဉ်များတွင် နောက်ကြည့်မှန်များမှအပ လေကာမှန်များ၊ နေရောင်ကာ (Sun roof) များ၊ တံခါးမှန်များ၊ ပြတင်းပေါက်မှန်များနှင့် ယာဉ်အတွင်းခန်းတွင် ပါဝင်သော မှန်အားလုံးသည် ဘေးကင်းမှန် (Safety Glass) သာဖြစ်ရမည်။ လေကာမှန်သည် ယာဉ်မောင်းနှင်သူ၏ မျက်စိအာရုံကို အနှောင့်အယှက်ဖြစ်စေမည့် မှန်အမျိုးအစား မဖြစ်စေရ။

( ခ) မော်တော်ယာဉ်ရှိ ဘေးကင်းမှန် (Safety Glass) များ၏ မြင်နိုင်စွမ်းအား (Visible Light Transmission) သည် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

( ဂ) မော်တော်ယာဉ်၏ ရှေ့လေကာမှန်အား အဖုံးအကာတစ်ခု သို့မဟုတ် အခြားအရာဝတ္ထု တစ်ခုဖြင့် တပ်ဆင်ခြင်း သို့မဟုတ် ဖုံးအုပ်ခြင်း မပြုရ။

(ဃ) ရှေ့လေကာမှန်မျက်နှာပြင်၏ အပေါ်ဘက် ၁၀ ရာခိုင်နှုန်း သို့မဟုတ် ရေသုတ်ကိရိယာ (Wiper) ရောက်နိုင်သော အမြင့်ဆုံးအမှတ်၏ အပေါ်ဘက်ဧရိယာမှအပ ကျန်မျက်နှာပြင် တွင် အလင်းဖောက်ထွင်းဝင်ရောက်မှု လျော့ကျစေနိုင်သည့် အလွှာပါးထပ်အုပ်ခြင်း သို့မဟုတ် ဆေးရောင်တင်ခြင်း မပြုလုပ်ရ။

၈၂။ (က) နောက်မှလိုက်နေသောမော်တော်ယာဉ်နှင့် ကျော်တက်မော်တော်ယာဉ်များကို ယာဉ်မောင်း နှင်သူက နောက်သို့လှည့်မကြည့်ဘဲ မြင်နိုင်ရန် မော်တော်ယာဉ်တွင် နောက်ကြည့်မှန် များကို လုံလောက်သော အရေအတွက်၊ သင့်လျော်သောအရွယ်အစားနှင့် သင့်လျော် သည့်နေရာတွင် တပ်ဆင်ထားရှိရမည်။ နောက်ကြည့်မှန်သည် မော်တော်ယာဉ် တုန်ခါမှုကြောင့် မရွေ့လျားစေရ။

( ခ) မော်တော်ဆိုင်ကယ်၏ ဝဲ၊ ယာ တွင် နောက်ကြည့်မှန် တစ်ချပ်စီ တပ်ဆင်ပါရှိရမည်။

( ဂ) မော်တော်ဆိုင်ကယ်နှင့် သုံးဘီးမော်တော်ဆိုင်ကယ်မှအပ မော်တော်ယာဉ် အားလုံးတွင် မော်တော်ယာဉ်၏ နောက်မြင်ကွင်းကို ရှင်းလင်းစွာမြင်နိုင်ရန် မှန်အပြား (Flat Glass)

ဖြင့် ပြုလုပ်ထားသော နောက်ကြည့်မှန်ကို ယာဉ်မောင်းနှင်သူအခန်း အပေါ်ဘက်ခြမ်း အလယ်တွင် တပ်ဆင်ထားရမည်။

၈၃။ (က) မော်တော်ဆိုင်ကယ်နှင့် သုံးဘီးမော်တော်ဆိုင်ကယ်မှအပ မော်တော်ယာဉ်များတွင် မိုးရေနှင့် စိုထိုင်းမှုများကို ဖယ်ရှားရန်နှင့် ယာဉ်မောင်းနှင်သူ အမြင်ကြည်လင်စေရန် ရေသုတ်ကိရိယာ (Wiper)များကို မော်တော်ယာဉ်၏ရှေ့လေကာမှန်တွင် တပ်ဆင်ထားရှိရမည်။ ရေသုတ်ကိရိယာသည် လိုသလိုထိန်းညှိနိုင်ပြီး ယာဉ်မောင်းနှင်သူက အလွယ်တကူ အသုံးပြုနိုင်ရမည်။

( ခ) ရေသုတ်ကိရိယာ (Wiper) ရောက်ရှိနိုင်သော နေရာအား ရေဖျန်းသန့်စင်ပေးနိုင်ရန် ရှေ့လေကာမှန် ဆေးကြောကိရိယာ (Windscreen Washer) တပ်ဆင်ပါရှိရမည်ဖြစ်ပြီး မော်တော်ယာဉ်မောင်းနှင်နေစဉ်တွင် အလွယ်တကူအသုံးပြုနိုင်ရမည်။

၈၄။ မော်တော်ယာဉ်တွင် သတိပေးရန် ဟွန်းတပ်ဆင်ထားရမည်။ ယင်းမော်တော်ယာဉ်၏ ဟွန်းသံသည် အနည်းဆုံး ပေ ၂၀၀ (၆၁ မီတာ) အကွာအဝေးမှ ကြားနိုင်ပြီး တစ်သံတည်း (One Tone) ဖြစ်ရမည်။ ယင်းဟွန်းသံသည် လွန်ကဲစွာ ကျယ်လောင်စူးရှခြင်း မဖြစ်စေရမည့်အပြင် ဦးစီးဌာနက ခွင့်ပြုထားသော မော်တော်ယာဉ်များမှအပ ကျန်မည်သည့် မော်တော်ယာဉ်မျှ လေချွန်သံ၊ ဥသြသံ၊ ခေါင်းလောင်းသံ၊ မောင်းသံ (Gong)နှင့် တစ်မျိုးထက်ပိုသောအသံ (Multi-tone) စသည့်အသံမျိုး မဖြစ်စေရ။ ဟွန်းသံ၏ အသံကျယ်လောင်မှုသည် ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။

၈၅။ (က) သူနာတင်မော်တော်ယာဉ်၊ မီးသတ်မော်တော်ယာဉ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ယာဉ်နှင့် အခြားအရေးကြီးယာဉ်များတွင် ယာဉ်သွားလာမှုဦးစားပေး ရရှိရေးအတွက် အချက်ပေးသံများဖြစ်သည့် ဥသြသံ၊ ခေါင်းလောင်းသံ၊ လေချွန်သံ စသည့်အသံမျိုးကို အသုံးပြုနိုင်သည်။

( ခ) မော်တော်ယာဉ်တွင် မော်တော်ယာဉ်နောက်ဆုတ်ခြင်းကို သိရှိရေးအတွက် အသံဖြင့် အချက်ပေးသော အစီအစဉ်ရှိလျှင် အချက်ပေးသံသည် ရှင်းလင်းမှုရှိရမည်။ တေးသံကဲ့သို့သော အချက်ပေးသံမျိုး မဖြစ်စေရ။

၈၆။ (က) မော်တော်ယာဉ်၏ အင်ဂျင်နှင့် ကိုယ်ထည်ကြောင့် ဖြစ်ပေါ်လာသော ဆူညံသံသည် ပတ်ဝန်းကျင်ကို အနှောင့်အယှက်မရှိစေရ။ အသံဆူညံမှုသည် ဦးစီးဌာနက မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ထားသည့်အတိုင်း ဖြစ်ရမည်။

( ခ) အတွင်းပေါက်လောင်အင်ဂျင်သုံး မော်တော်ယာဉ်တွင် စက်သံထိန်းသောကိရိယာ (Exhaust Silencer) ပါရှိရမည့်အပြင် ထိရောက်ကောင်းမွန်စွာ အလုပ်လုပ်နိုင်ရမည်။

စက်သံကို ကောင်းစွာထိန်းသိမ်းနိုင်ခြင်း မရှိလျှင် ဦးစီးဌာနသည် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းကို ငြင်းဆိုခြင်း သို့မဟုတ် ယာယီရပ်ဆိုင်းခြင်း ပြုနိုင်သည်။

( ဂ) အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာအား ပြောင်းလဲတပ်ဆင်ခြင်း၊ မီးခိုး (Exhaust Gases) ပိုမိုထုတ်လွှတ်နိုင်ရန် မီးခိုးစွန့်ထုတ်ပိုက် (Exhaust Pipe) အား ပြုပြင်ခြင်းများ မပြုရ။

၈၇။ (က) ပတ်ဝန်းကျင်လေထုကို ညစ်ညမ်းစေသည့် မီးခိုးအလွန်အကျွံထွက်သော၊ ကျန်းမာရေး ထိခိုက်စေနိုင်သော အနံ့အသက်ဆိုးဝါးသည့် ဓါတ်ငွေ့များထုတ်လွှတ်သော မော်တော်ယာဉ်နှင့် စပ်လျဉ်း၍ မှတ်ပုံတင်ခြင်းကို ဦးစီးဌာနမှတ်ပုံတင်အရာရှိသည် ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ဖျက်သိမ်းခြင်းပြုနိုင်သည်။

( ခ) မော်တော်ယာဉ်တွင် ပတ်ဝန်းကျင်လေထုကို ညစ်ညမ်းစေသည့်မီးခိုးများ ထွက်ရှိမှုမှ ကာကွယ်နိုင်ရန် မီးခိုးထုတ်လွှတ်မှုထိန်းချုပ်ကိရိယာ (Emission control device) ကို တပ်ဆင်ထားရမည်ဖြစ်ပြီး အမြဲတစေကောင်းမွန်စွာ လုပ်ဆောင်နိုင်ရမည်။

( ဂ) မော်တော်ယာဉ်တွင် တပ်ဆင်ထားသောမီးခိုးထုတ်လွှတ်မှုစနစ် (Exhaust system) ၏ မီးခိုးထုတ်လွှတ်ပေါက် (Exhaust outlet) သည် မော်တော်ယာဉ်၏ အပြင်ဘက်သို့ အစွန်းထွက်နေခြင်း မရှိရ။ မော်တော်ယာဉ်၏ အနောက်ဘက် သို့မဟုတ် ညာဘက်သို့ မျက်နှာမူထားရမည်။

(ဃ) ကုန်တင်ယာဉ် (ဝန်လေး)မှ ထုတ်လွှတ်သောမီးခိုး(Exhaust Gases)များကို ကုန်တင်ယာဉ်၏ အပေါ်ဘက် ထိပ်ပိုင်းအနီးမှ လေထုထဲသို့ စွန့်ထုတ်နိုင်ရန် ဒေါင်လိုက်မီးခိုးထုတ်လွှတ်မှုစနစ် တပ်ဆင်နိုင်သည်။ ဒေါင်လိုက်မီးခိုးထုတ်လွှတ်မှုစနစ် အသုံးပြုထားပါက မော်တော်ယာဉ်ခေါင်းခန်းထက် အနည်းဆုံး ၁၅၀ မီလီမီတာမြင့်၍ တပ်ဆင်ရမည်ဖြစ်ပြီး အခြားလမ်းအသုံးပြုသူများ ထိခိုက်မှုမရှိစေရန် လုံခြုံသောအကာအရံထားရှိရမည်။ ခရီးသည်တင်ယာဉ်တွင် ဒေါင်လိုက်မီးခိုးထုတ်လွှတ်မှုစနစ် အသုံးပြုထားပါက ခရီးသည်အသုံးပြုနေရာ၏ အနောက်ဘက်သို့ ရောက်နိုင်သမျှ ရောက်အောင် တပ်ဆင်ထားရမည်။

၈၈။ မော်တော်ယာဉ်၏ မီးခိုးထုတ်လွှတ်မှုစံနှုန်း(Emission Standard)သည် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

၈၉။ ပတ်ဝန်းကျင် ရေထု၊ လေထု၊ မြေထု၊ လမ်းများ ညစ်ညမ်းစေသည့် စက်သုံးဆီများ ယိုစိမ့်ခြင်း မရှိစေရ။

၉၀။ (က) တစ်နာရီလျှင် ၂၀ ကီလိုမီတာထက်ကျော်၍ မောင်းနှင်သွားလာနိုင်သော မော်တော်ယာဉ်တွင် ယာဉ်မောင်းနှင်သူက ကောင်းမွန်စွာ မြင်တွေ့နိုင်သော နေရာ၌ အမြန်နှုန်းပြကိရိယာတပ်ဆင်ထားရှိရမည်။ ၎င်းကိရိယာသည် မည်သည့်အချိန်တွင်မဆို ယာဉ်မောင်းနှင်သူအား မော်တော်ယာဉ်သွားလာနေသည့် အမြန်နှုန်းကို တိကျစွာသိစေနိုင်ရမည်။

(ခ) အမြန်နှုန်းပြကိရိယာတွင်ပြသသော မော်တော်ယာဉ်၏အမြန်နှုန်းနှင့် ယာဉ်မောင်းနှင်နေသည့် အမှန်တကယ်ရှိသည့် အမြန်နှုန်းအကြား ခြားနားချက် သို့မဟုတ် ကွာခြားချက်ပမာဏမှာ ဦးစီးဌာနက သတ်မှတ်ချက်အတိုင်းဖြစ်ရမည်။

၉၁။ (က) မော်တော်ယာဉ်တွင် တပ်ဆင်ထားသော မောင်းနှင်ပြီး ခရီးအကွာအဝေးပြကိရိယာ (Odometer) သည် ကောင်းမွန်စွာ အလုပ်လုပ်နိုင်ရမည်။

(ခ) မည်သူမျှ မောင်းနှင်ပြီး ခရီးအကွာအဝေးပြ ကိန်းဂဏန်းများကို ပြင်ဆင်ပြောင်းလဲခြင်း မပြုရ။

၉၂။ မော်တော်ယာဉ်တွင်ရှိသော လျှပ်စစ်ကြိုးများ၊ လျှပ်စစ်ပိုင်းဆိုင်ရာ အသုံးအဆောင်ပစ္စည်းများနှင့် လျှပ်စီးပတ်လမ်းများအားလုံး လျှပ်စစ်ရှော့ဖြစ်ခြင်း သို့မဟုတ် မီးတောက်လောင်ခြင်း ဘေးအန္တရာယ်များမှ လုံလောက်စွာ ကာကွယ်နိုင်ရန် တည်ဆောက်တပ်ဆင်ထားရမည်။ လျှပ်စစ်ကြိုးများကို ကျစ်လျစ်စွာ စုစည်းထားပြီး ဓါတ်လိုက်ခြင်း၊ ရေဒီယိုလှိုင်းများ သက်ရောက်စေခြင်း မရှိရ။ လျှပ်စစ်စွမ်းအင်အသုံးပြုသော မော်တော်ယာဉ်များတွင် မြင့်မားသောဗို့အားကြောင့် ထိခိုက်မှု တစ်စုံတစ်ရာ မဖြစ်စေရန် ကာကွယ်မှုများ ပါဝင်တည်ဆောက်ထားရမည်။

၉၃။ ခရီးသည်တင်ယာဉ်တွင် ဝင်ပေါက်၊ ထွက်ပေါက်နှင့် လျှောက်လမ်း အတိုင်းအတာ၊ ကိုယ်ထည်အတွင်း၏ အမြင့်၊ လှေကား၊ အတက်အဆင်း လက်ကိုင်၊ ခရီးသည်များအတွက် ထိုင်ခုံအရေအတွက်နှင့် ထိုင်ခုံများ၏ အတိုင်းအတာများ၊ ဘေးအကာများ၊ မတ်တပ်စီး ခရီးသည်များအတွက် လုံလောက်သော လက်ကိုင်ကွင်းနှင့် လက်ကိုင်တန်း၊ လေဝင်လေထွက်၊ အရန်ဘီး၊ မီးသတ်ဆေးဘူး၊ အရေးပေါ်သုံးတူ၊ ရှေးဦးသူနာပြုစုရေး ဆေးသေတ္တာ၊ အရေးပေါ် ထွက်ပေါက်နှင့် ဝန်စည်စလယ် တင်ဆောင်သည့်နေရာတို့နှင့် သက်ဆိုင်သည့် စည်းကမ်းချက်များကို ဦးစီးဌာနက ထုတ်ပြန်သတ်မှတ်ရမည်။

၉၄။ ခရီးသည်တင်ယာဉ်နှင့်ကလေးငယ်များသယ်ယူပို့ဆောင်သောမော်တော်ယာဉ်တွင် ဝင်ပေါက်မှ ထိုင်ခုံဆီသို့ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် အလွယ်တကူ ဖြတ်သန်းသွားလာနိုင်သော အလယ်လျှောက်လမ်း (Aisle) တစ်ခု ပါရှိရမည်။

၉၅။ မော်တော်ယာဉ်တွင် လှေကားများ တပ်ဆင်ထားရှိလျှင် ခိုင်ခံ့စွာ တပ်ဆင်ထားရှိရမည်။ ခြေနင်းပြားသည် အတက်အဆင်းပြုသူများအတွက် အန္တရာယ်မဖြစ်စေရ။ လှေကားအကျယ်သည် ၁၈ လက်မ (၄၆ စင်တီမီတာ) ထက်လျော့၍လည်းကောင်း၊ ခြေနင်းပြားသည် ကိုးလက်မ (၂၃ စင်တီမီတာ) ထက်လျော့၍လည်းကောင်း မရှိစေရ။ ဝန်တင်မထားသော မော်တော်ယာဉ်တွင် အောက်ဆုံးခြေနင်းသည် မြေပြင်မှ ၁၀ လက်မ (၂၅ စင်တီမီတာ) ထက်နိမ့်၍လည်းကောင်း ၊ ၁၆ လက်မ (၄၀ စင်တီမီတာ) ထက်မြင့်၍လည်းကောင်း မရှိစေရ။ မော်တော်ယာဉ်ရှိ လှေကားထစ်များသည် မချော်သောလှေကားထစ်များ ဖြစ်ရမည်။ တပ်ဆင်ထားသော လှေကားထစ်များသည် မော်တော်ယာဉ်၏ အနံအား ကျော်လွန်ခြင်းမရှိရ။

၉၆။ ခရီးသည် ၃၀ ဦးနှင့်အထက် စီးနင်းနိုင်သော ခရီးသည်တင်ယာဉ်များတွင် အရေးပေါ် ထွက်ပေါက် တပ်ဆင်ပါရှိရမည်။ အရေးပေါ်ထွက်ပေါက်နေရာနှင့် ဖွင့်ရမည့်နည်းလမ်းအား သိသာစေရန် ဖော်ပြရမည်။ အရေးပေါ်ထွက်ပေါက်နေရာအား အစိမ်းရောင်မီးဖြင့် ဖော်ပြရမည်။ အရေးပေါ်ထွက်ပေါက် ပွင့်နေပါက ယာဉ်မောင်းနှင်သူအား သတိပေးသောအချက်ပြစနစ် ပါရှိရမည်။

၉၇။ ကုန်တင်ယာဉ်များ၏ ကုန်တင်ကိုယ်ထည်ကို ပြုပြင်ပြောင်းလဲ အသုံးပြုခြင်းနှင့် ပတ်သက်၍ ဦးစီးဌာန၏ သတ်မှတ်ချက်အတိုင်း ဖြစ်ရမည်။

၉၈။ မည်သည့်ကုန်တင်ယာဉ်ကိုမျှ အထူးတည်ဆောက်ထားသော မော်တော်ယာဉ်အဖြစ် ပြုပြင်ပြောင်းလဲ အသုံးမပြုရ။

၉၉။ အထူးတည်ဆောက်ထားသော မော်တော်ယာဉ်ကို တည်ဆောက်ထားသည့် အမျိုးအစား တစ်ခုမှ အခြားအထူးတည်ဆောက်ထားသော အမျိုးအစား တစ်ခုသို့ ပြောင်းလဲခြင်းမပြုရ။

၁၀၀။ အထူးတည်ဆောက်ထားသော မော်တော်ယာဉ်အမျိုးအစားမှ ကုန်တင်ယာဉ် အမျိုးအစားသို့ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ဦးစီးဌာနက လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀၁။ မော်တော်ယာဉ်၏ လောင်စာဆီစနစ်သည် မီးလောင်လွယ်ခြင်းမရှိဘဲ ကြံ့ခိုင်သော တည်ဆောက် တပ်ဆင်မှု ပုံစံဖြစ်ရမည်။ လောင်စာဆီစနစ်၏ လောင်စာဆီသိုလှောင်ကန်၊ ဆီပို့စနစ် တို့သည် ယိုစိမ့်မှု တစ်စုံတစ်ရာ မရှိရ။

၁၀၂။ မော်တော်ယာဉ်၏ ဆီသိုလှောင်ကန်အတွင်းရှိ ဆီပမာဏကို တိုင်းတာညွှန်ပြသည့်ကိရိယာသည် မော်တော်ယာဉ်ကို အသုံးပြုနေစဉ်အချိန်တွင် ကောင်းမွန်စွာအလုပ်လုပ်နိုင်ရမည်။

၁၀၃။ ဖိနှိပ်သဘာဝဓာတ်ငွေ့ (Compressed Natural Gas) သို့မဟုတ် သဘာဝဓာတ်ငွေ့ရည် လောင်စာ (Liquified Natural Gas) သို့မဟုတ် ရေနံဓာတ်ငွေ့ရည်လောင်စာ (Liquified Petroleum Gas) အသုံးပြုမောင်းနှင်သည့် သဘာဝဓာတ်ငွေ့သုံးမော်တော်ယာဉ်သည် ဦးစီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ထုတ်ပြန်ထားသောစည်းကမ်းများနှင့် ကိုက်ညီရ

မည်။ တပ်ဆင်အသုံးပြုသည့် ခေတ်ငွေ့ဆလင်ဒါအိုးနှင့် ပူးတွဲအသုံးပြုသည့် အစိတ်အပိုင်းအားလုံး ဘေးကင်းလုံခြုံရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက သတ်မှတ်ထားရှိသည့် စည်းကမ်းများနှင့် ကိုက်ညီရမည်။

၁၀၄။ လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်မျိုးစပ်စွမ်းအင်သုံးမော်တော်ယာဉ်များတွင် ပါဝင်သော လျှပ်စစ်ကြိုးများ၊ လျှပ်စစ်ပိုင်းဆိုင်ရာ အသုံးအဆောင်ပစ္စည်းများနှင့် လျှပ်စီးပတ်လမ်းများအားလုံး လျှပ်စစ်ရှော့ဖြစ်ခြင်း သို့မဟုတ် မီးတောက်လောင်ခြင်း ဘေးအန္တရာယ်များမှ လုံလောက်စွာ ကာကွယ်နိုင်ရန် တည်ဆောက်ထားရမည်။

၁၀၅။ မည်သည့်လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်မျိုးစပ်စွမ်းအင်သုံး မော်တော်ယာဉ်ကိုမျှ သမားရိုးကျလောင်စာစွမ်းအင်သုံးမော်တော်ယာဉ်သို့ ပြောင်းလဲခြင်းမပြုရ။

၁၀၆။ မည်သည့်လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်ကိုမျှ လျှပ်စစ်မျိုးစပ်စွမ်းအင်သုံး မော်တော်ယာဉ်သို့ ပြောင်းလဲခြင်းမပြုရ။

၁၀၇။ ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများတင်ဆောင်သည့်မော်တော်ယာဉ်(Dangerous Goods Vehicle)သည်–

(က) ဘေးအန္တရာယ် မဖြစ်ပေါ်စေရန် အထူးပြုထုတ်လုပ်ထားပြီး သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီရမည်။

(ခ) မူလထုတ်လုပ်သူ၏ စံချိန်စံညွှန်းအတိုင်း အမြဲကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းထားရမည်။

၁၀၈။ မော်တော်ယာဉ်တွင် သက်တမ်းရှိသော မီးသတ်ဆေးဘူး ထားရှိရမည်ဖြစ်ပြီး အစဉ်အမြဲကောင်းမွန်စွာ အသုံးပြုနိုင်ရမည်။ မော်တော်ယာဉ် အမျိုးအစားအလိုက် ထားရှိရမည့် မီးသတ်ဆေးဘူး၏ အမျိုးအစား၊ အရွယ်အစားနှင့် အရေအတွက်တို့သည် ဦးစီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။ မီးသတ်ဆေးဘူးများတွင် ထုတ်လုပ်သူ၏ စံနှုန်းသတ်မှတ်ချက်များ ထင်ရှားစွာဖော်ပြထားပြီး အလွယ်တကူ အသုံးပြုနိုင်သောနေရာတွင် ထားရှိရမည်။

၁၀၉။ မော်တော်ယာဉ်တွင် မူလစက်ရုံထုတ်ပုံစံတွင် ပါရှိသည့်အတိုင်း ကောင်းမွန်သည့် အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) ပြည့်စုံစွာပါရှိရမည်။ သာမန်အားဖြင့် ပခုံးနှင့်ခါးကို သိုင်းပတ်ထားသည့် ထိုင်ခုံခါးပတ် (3 Points for Outboard Seat) ဖြစ်ရမည်။ နောက်ထိုင်ခုံခါးပတ် (Rear Seat Belt) အဖြစ် ခါးကိုသိုင်းပတ်ထားသည့် ထိုင်ခုံခါးပတ် (2 Points for Outboard Seat and Center seat) တပ်ဆင်ထားပါက ခွင့်ပြုနိုင်သည်။

၁၁၀။ မော်တော်ယာဉ်တွင် မူလစက်ရုံထုတ်ပုံစံတွင် ပါရှိသည့်အတိုင်း ကောင်းမွန်သည့် အသက်ကယ်လေအိတ် ပါရှိရမည်။

၁၁၁။ မော်တော်ယာဉ်၏ အစိတ်အပိုင်းများ ပြုပြင်ပြောင်းလဲလိုပါက သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံ ကြိုတင်လျှောက်ထား၍ ခွင့်ပြုချက်ရရှိမှသာလျှင် ဆောင်ရွက်ရမည်။

၁၁၂။ မော်တော်ယာဉ်နှင့် စပ်လျဉ်း၍ အမျိုးအစားခွဲခြား သတ်မှတ်ခြင်း၊ အများဆုံးခွင့်ပြုနိုင်သည့် အတိုင်းအတာ၊ အင်ဂျင်စွမ်းအား၊ တာယာအရွယ်အစား၊ အများဆုံးတင်ဆောင်နိုင်သည့်ဝန်တင်အား စသည့် လိုအပ်သောကန့်သတ်ချက်များကို ဦးစီးဌာနက ထုတ်ပြန်နိုင်သည်။

၁၁၃။ စက်ယန္တရားနှင့် စပ်လျဉ်း၍ အမျိုးအစားခွဲခြားမှုသည် ဦးစီးဌာန၏ သတ်မှတ်ချက်အတိုင်း ဖြစ်ရမည်။

၁၁၄။ မည်သူမျှ ဤအခန်းပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသော မော်တော်ယာဉ် တည်ဆောက်ခြင်း၊ ကိရိယာတန်ဆာပလာများ တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် တင်သွင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရ။

၁၁၅။ ဦးစီးဌာနသည် ဤအခန်းပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသောမော်တော်ယာဉ်အား မှတ်ပုံတင်ခြင်းကိုငြင်းဆိုနိုင်သည်။

## အခန်း(၄)

## မော်တော်ယာဉ်စစ်ဆေးခြင်း

၁၁၆။ မော်တော်ယာဉ်ကို ကနဦးမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးမှတ်ပုံတင်ခြင်းနှင့် အခြားမှတ်ပုံတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ထားခြင်းနှင့် ပြုပြင်ထိန်းသိမ်းထားရှိခြင်း သေချာစေရန် ယာဉ်စစ်ဆေးရေးအဖွဲ့ဖြင့် ဦးစွာ စစ်ဆေးရမည်။

၁၁၇။ မော်တော်ယာဉ်စစ်ဆေးသူအင်ဂျင်နီယာ သို့မဟုတ် ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူသည် မည်သည့်မော်တော်ယာဉ်ကိုမဆို မှတ်ပုံတင်ခွင့် ရရှိနိုင်ရေးအတွက် ဤနည်းဥပဒေများ အခန်း (၃) ပါ မော်တော်ယာဉ်များ တည်ဆောက်ခြင်း၊ ကိရိယာတန်ဆာပလာများ တပ်ဆင်ခြင်းနှင့် ပြုပြင် ထိန်းသိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးရမည်။

၁၁၈။ ဦးစီးဌာနသည် မော်တော်ယာဉ် အမျိုးအစားအလိုက် စစ်ဆေးရမည့် လုပ်ငန်းအမျိုးအစားများ၊ အစိတ်အပိုင်းနှင့် စနစ်များ၊ နည်းလမ်းများ၊ မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၁၉။ ဦးစီးဌာနသည် မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများနှင့် ဆက်စပ်အသုံးပြုရန် အထောက်အကူပြု ပစ္စည်းကိရိယာများ တပ်ဆင်ခြင်း၊ မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများအတွက် စံနှုန်းသတ်မှတ်ခြင်း၊ စံကိုက်ချိန်ညှိခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၂၀။ ဦးစီးဌာနသည် မော်တော်ယာဉ်နည်းပညာဖွံ့ဖြိုးမှုအခြေအနေအရ မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများ၏ အရည်အသွေးမြှင့်တင်ခြင်းနှင့် စက်ကိရိယာ ထပ်မံဖြည့်စွက်ခြင်းကို ဆောင်ရွက်နိုင်သည်။

၁၂၁။ မော်တော်ယာဉ်စစ်ဆေးသူအင်ဂျင်နီယာ သို့မဟုတ် ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူသည် အောက်ဖော်ပြပါ မော်တော်ယာဉ်၏ အခြေခံအချက်များကို သေချာစွာစစ်ဆေးရမည် -

(က) မူလမော်တော်ယာဉ် မှန်ကန်မှု (Identification of the vehicle)၊

(ခ) ရပ်တန့်မှုစနစ် (Braking System)၊

(ဂ) စတီယာရင်စနစ် (Steering System)၊

(ဃ) မြင်ကွင်းအနေအထား (Visibility)၊

(င) အလင်းပြစနစ်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုများ (Lamps, reflectors and electrical connections)၊

(စ) ဝင်ရိုး၊ ဘီး၊ တာယာနှင့် ဒဏ်ခံစနစ် (Axles, wheels, tyres and suspension system)၊

(ဆ) ဘောင်နှင့် ဘောင်ဖြင့် ချိတ်ဆက်မှုများ (Chassis and chassis attachments)

(ဇ) အခြားကိရိယာများ (Other equipment)၊

(ဈ) ညစ်ညမ်းစေသည့်ဒြပ်များ (မီးခိုး၊ လျှပ်စစ်သံလိုက်ထုတ်လွှင့်မှု၊ အရည်ယိုစိမ့်မှု) (Nuisance)။

၁၂၂။ ဦးစီးဌာနသည် မော်တော်ယာဉ်များစစ်ဆေးရာတွင် နည်းဥပဒေ ၁၂၁ ပါ ပြဋ္ဌာန်းချက်များအပြင် မော်တော်ယာဉ် အမျိုးအစားအလိုက် ထပ်မံဖြည့်စွက်စစ်ဆေးရမည့် အချက်များကို ထုတ်ပြန်နိုင်သည်။

၁၂၃။ မော်တော်ယာဉ်စစ်ဆေးသူအင်ဂျင်နီယာ သို့မဟုတ် ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် မော်တော်ယာဉ် စစ်ဆေးခြင်းကို ငြင်းဆိုနိုင်သည် -

(က) စစ်ဆေးရန် လုံခြုံစိတ်ချရမှု မရှိခြင်း (ဥပမာ- ဝါယာစနစ်၊ စက်ဆီ၊ ချောဆီ ယိုစိမ့်မှုများမှ မီးထလောင်နိုင်သည့် အခြေအနေ၊ တာယာများ စုတ်ထွက်နေခြင်း၊ တာယာနှင့် ဘီးခွေများ လိမ်နေခြင်း)၊

( ခ) စစ်ဆေးပါက မော်တော်ယာဉ်ကိုဖြစ်စေ၊ ပတ်ဝန်းကျင်ကိုဖြစ်စေ ထိခိုက်ပျက်စီးမှု ဖြစ်စေနိုင်ခြင်း၊

( ဂ) ခရီးသည်နှင့် ကုန်ပစ္စည်းများ တင်ဆောင်ထားခြင်း။

၁၂၄။ ဦးစီးဌာနသည် မော်တော်ယာဉ် စစ်ဆေးရာတွင် အောက်ပါအခြေအနေ တစ်ရပ်ရပ် တွေ့ရှိပါက အင်ဂျင် သို့မဟုတ် ဘောင်အမှတ် သတ်မှတ်ရိုက်နှိပ်ပေးရန် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည် -

(က) အင်ဂျင် သို့မဟုတ် ဘောင်အမှတ် မထင်ရှားခြင်း၊ မပြည့်စုံခြင်း၊

( ခ) အင်ဂျင် သို့မဟုတ် ဘောင်အမှတ်သစ်များ သတ်မှတ်ပေးရန် လိုအပ်ခြင်း။

၁၂၅။ မော်တော်ယာဉ်များကို ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ စစ်ဆေးပြီး မော်တော်ယာဉ် စစ်ဆေးချက်သက်သေခံလက်မှတ်ကို တာဝန်ပေးအပ်ထားသည့် မော်တော်ယာဉ်စစ်ဆေးသူ အင်ဂျင်နီယာ သို့မဟုတ် တာဝန်ခံအင်ဂျင်နီယာက လက်မှတ်ရေးထိုး ထုတ်ပေးရမည်။ အဆိုပါ သက်သေခံလက်မှတ်ကို မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်ဟု မှတ်ယူခြင်း မပြုရ။

၁၂၆။ မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်၏ သက်တမ်း၊ ထုတ်ပေးရမည့် မော်တော်ယာဉ် အမျိုးအစားတို့သည် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

၁၂၇။ ဦးစီးဌာနသည် မော်တော်ယာဉ် အမျိုးအစားအလိုက် မော်တော်ယာဉ်စစ်ဆေးခြင်းကာလ သတ်မှတ်ချက်ကို အများပြည်သူ အန္တရာယ်ကင်းရှင်းရန်အလို့ငှာ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ် နိုင်သည်။

၁၂၈။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်စစ်ဆေးမှု ခံယူသည့်အခါ မော်တော်ယာဉ် အမျိုး အစားအလိုက် သတ်မှတ်ထားသော မော်တော်ယာဉ်စစ်ဆေးခကို ပေးသွင်းရမည်။

၁၂၉။ မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်းနှင့် စပ်လျဉ်း၍ ပုဂ္ဂလိကမော်တော်ယာဉ် စစ်ဆေးသူသည် မော်တော်ယာဉ် စစ်ဆေးရာတွင် ဤအခန်းပါ ပြဋ္ဌာန်းချက်များအနက် သက်တမ်းတိုး မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် မော်တော်ယာဉ် စစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ ကိုသာ ဆောင်ရွက်ခွင့်ရှိသည်။

၁၃၀။ ဦးစီးဌာနသည် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ အောက်ပါကိစ္စရပ်များကို ဆောင်ရွက် နိုင်သည်-

(က) မော်တော်ယာဉ်စစ်ဆေးခြင်းလုပ်ငန်းနှင့် ပတ်သက်သည့် အသိပညာတိုးပွားရေး၊ စွမ်းဆောင်ရည် မြင့်မားစေရေး၊

( ခ) မော်တော်ယာဉ်များကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး၊

( ဂ) မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် ဆက်စပ်ဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး။

## အခန်း (၅)

## မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း

၁၃၁။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်သောပုံစံဖြင့် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၃၂။ မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်းလိုင်စင် လျှောက်ထားသူသည် –

(က) နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ရမည်။

( ခ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံသားပိုင် ကုမ္ပဏီ ဖြစ်ရမည်။ နိုင်ငံခြားကုမ္ပဏီ မဖြစ်ရ။

၁၃၃။ အောက်ဖော်ပြပါ မည်သူမျှ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလိုင်စင်ကို လျှောက်ထားခြင်း မပြုရ –

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်သဖြင့်အရေးယူခြင်း ခံထားရသူ၊

( ခ) ဦးစီးဌာနနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်း၊ စည်းကမ်းများ ဖောက်ဖျက်မှုအတွက် နာမည်ပျက်စာရင်း ထည့်သွင်းခံထားရသူ၊

( ဂ) သက်ဆိုင်ရာတရားရုံးက လူမွဲအဖြစ် ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူ၊

(ဃ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလိုင်စင် ဖျက်သိမ်းခံရမှု နှစ် နှစ် မပြည့်သေးသူ။

၁၃၄။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည် –

(က) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင် အထောက်အထား၊

( ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အားနှင့် ရင်းနှီးမြှုပ်နှံမှု၊

( ဂ) လုပ်ငန်းဆိုင်ရာအတွေ့အကြုံ၊ ဆောင်ရွက်ထားရှိမည့် အစီအမံများ၊ စီမံကိန်းအဆို ပြုလွှာနှင့် အနာဂတ်အစီအစဉ်များ၊

(ဃ) လုပ်ငန်းဆောင်ရွက်လိုသည့် မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံများ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် အကွက်ချပုံစံ (Layout Plan)၊

( င) မော်တော်ယာဉ်စစ်ဆေးရေးလိုင်း (Test Lane) တွင်ပါဝင်သော မော်တော်ယာဉ် စစ်ဆေးသည့်စက်ကိရိယာ၏ အမျိုးအမည်၊ စံချိန်စံညွှန်း၊ အရေအတွက်နှင့် နည်းပညာဆိုင်ရာ အချက်အလက်များ (Technical Manual)၊

( စ) မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်း ကြီးကြပ်သူ၊ တာဝန်ခံအင်ဂျင်နီယာ၊ ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူ အရေအတွက်နှင့် ၄င်းတို့၏အရည်အချင်း အထောက်အထားများ။

၁၃၅။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်လိုသူသည် အောက်ပါသတ်မှတ်ချက်များကို လိုက်နာရမည် –

(က) ဦးစီးဌာနက ဖွင့်လှစ်ထားသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများအလိုက် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များကို စစ်ဆေးရန် အဆိုပါ မှတ်ပုံတင်နယ်မြေအတွင်း၌သာ မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံကို တည်ထောင်ရမည်။

( ခ) မော်တော်ယာဉ်စစ်ဆေးရေးလိုင်းကြီး (Large Test Lane) အတွက်ဖြစ်စေ၊ မော်တော်ယာဉ်စစ်ဆေးရေးလိုင်းငယ် (Small Test Lane) အတွက်ဖြစ်စေ၊ မော်တော်ဆိုင်ကယ်စစ်ဆေးရေးလိုင်း (Motorcycle Test Lane) အတွက်ဖြစ်စေ ခွဲခြား၍သော်လည်းကောင်း၊ တစ်ပေါင်းတည်းသော်လည်းကောင်း လျှောက်ထားနိုင်သည်။

( ဂ) မော်တော်ဆိုင်ကယ် တစ်မျိုးတည်းကိုသာ ဆောင်ရွက်မည့် လုပ်ငန်းလုပ်ကိုင်သူ အနေဖြင့် မော်တော်ယာဉ် စစ်ဆေးရေးအလုပ်ရုံ တစ်ခုလျှင် အနည်းဆုံး မော်တော်ဆိုင်ကယ် စစ်ဆေးရေးလိုင်း (Motorcycle Test Lane) လေးလိုင်း တပ်ဆင်ရမည်။

(ဃ) မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံ အနည်းဆုံး သုံးခု တည်ထောင် လုပ်ကိုင်ရမည်။

( င) မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံနှင့် တွဲဖက်လျက် ယာဉ်ပြင်အလုပ်ရုံ (Workshop) ကို ဆောင်ရွက်လိုပါက သက်ဆိုင်ရာဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုချက် သို့မဟုတ် လုပ်ငန်းလိုင်စင် ရယူပြီး ပူးတွဲလုပ်ကိုင်နိုင်သည်။

( စ) မော်တော်ယာဉ် အမျိုးအစားအလိုက် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မည့် အဆောက်အအုံနှင့် နေရာအကျယ်အဝန်းကို အောက်ပါစံနှုန်းများအတိုင်း တည်ဆောက်ရမည် –

(၁) မော်တော်ယာဉ်စစ်ဆေးရေးလိုင်းကြီး (Large Test Lane) တစ်လိုင်း တပ်ဆင်ထားရှိမည့် အဆောက်အအုံ၏ အနည်းဆုံး အတိုင်းအတာသည် အလျား ၈၅

ပေ (၂၅.၉ မီတာ) ၊ အနံ ၁၈ ပေ (၅.၄၈ မီတာ) နှင့် အမြင့် ၁၆ ပေ (၅ မီတာ) ဖြစ်ရမည်။

(၂) မော်တော်ယာဉ်စစ်ဆေးရေးလိုင်းငယ် (Small Test Lane)တစ်လိုင်း တပ်ဆင်ထားရှိမည့် အဆောက်အအုံ၏ အနည်းဆုံး အတိုင်းအတာသည် အလျား ၆၅ ပေ (၁၉.၈ မီတာ) ၊ အနံ ၁၅ ပေ (၄.၅၇ မီတာ) နှင့် အမြင့် ၁၆ ပေ (၅ မီတာ) ဖြစ်ရမည်။

(၃) မော်တော်ဆိုင်ကယ်စစ်ဆေးရေးလိုင်း (Motorcycle Test Lane) တစ်လိုင်း တပ်ဆင်ထားရှိမည့် အဆောက်အအုံ၏ အနည်းဆုံးအတိုင်းအတာသည် အလျား ပေ ၂၀ (၆.၀၉ မီတာ) ၊ အနံ ၁၀ ပေ (၃.၀၄မီတာ) ရှိရမည်ဖြစ်ပြီး အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်စေရန် သင့်လျော်သည့် အမြင့် ဖြစ်ရမည်။

(၄) မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံများတွင် မော်တော်ယာဉ်စစ်ဆေးသည့် အမျိုးအစားတူ မော်တော်ယာဉ်စစ်ဆေးရေးလိုင်း (Test Lane) အရေအတွက် တစ်လိုင်းထက် ပိုမိုတပ်ဆင်ဆောင်ရွက်ပါက နည်းဥပဒေခွဲငယ် (၁)၊ (၂) နှင့် (၃)ပါ သတ်မှတ်ချက်များအရ အနည်းဆုံးရှိရမည့် အတိုင်းအတာများတွင် မိမိတပ်ဆင်မည့် မော်တော်ယာဉ်စစ်ဆေးရေးလိုင်း (Test Lane) အရေအတွက် အလိုက် အနံကိုအဆတိုး ဆောင်ရွက်သွားရန် ဖြစ်ပါ သည်။

(၅) မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံများတွင် မော်တော်ယာဉ်စစ်ဆေးသည့် အမျိုးအစား မတူသည့် မော်တော်ယာဉ်စစ်ဆေးရေးလိုင်း (Test Lane) အရေအတွက် တစ်လိုင်းထက် ပိုမိုတပ်ဆင် ဆောင်ရွက်ပါကနည်းဥပဒေခွဲငယ် (၁)၊ (၂) နှင့် (၃)ပါ သတ်မှတ်ချက်များကို အခြေခံလျက် လုံလောက်သည့် အကျယ်အဝန်း ရှိရမည်။

(၆) လုံလောက်သော မြေနေရာ အကျယ်အဝန်း၊ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်၍ ခိုင်မာတောင့်တင်းသည့် အမိုး၊ နံရံများဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံဖြစ်ရမည်။ လုံလောက်သော မော်တော်ယာဉ် ရပ်နားရန် နေရာနှင့် ကောင်းမွန်သော မော်တော်ယာဉ်အဝင်လမ်း၊ အထွက်လမ်း ရှိရမည်။ အဆောက်အအုံ၏ ကြမ်းခင်းတစ်ခုလုံးသည် မာကျောသည့်မျက်နှာပြင် ရေပြင်ညီ ဖြစ်ရမည်ဖြစ်ပြီး ကွန်ကရစ် ခင်းထားရမည်။

(၇) မော်တော်ယာဉ်စစ်ဆေးရေးလိုင်းကြီး (Large Test Lane) နှင့် မော်တော်ယာဉ်စစ်ဆေးရေးလိုင်းငယ် (Small Test Lane) တို့တွင် မော်တော်ယာဉ်အောက်ပိုင်းကြွခိုင်မှု စစ်ဆေးခြင်း (Pit Inspection) အတွက် ကျင်း (Pit) ပါရှိရမည်။

(ဆ) မော်တော်ယာဉ်စစ်ဆေးသည့်စက်ကိရိယာများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(၁) မော်တော်ယာဉ်စစ်ဆေးသည့်စက်ကိရိယာများသည် နိုင်ငံတကာ စံချိန်စံညွှန်းပြည့်မီရမည့်အပြင် ဝန်ကြီးဌာနက အတည်ပြုသတ်မှတ်သည့် ပင်ရင်းထုတ်လုပ်သည့်နိုင်ငံ (Country of Origin) ဖြစ်ရမည်။

(၂) မော်တော်ယာဉ်စစ်ဆေးသည့် မော်တော်ယာဉ်စစ်ဆေးရေးလိုင်း (Test Lane) တစ်လိုင်းတွင် အောက်ပါစက်ကိရိယာများ အနည်းဆုံးပါဝင်ရမည်–

(ကက)ဘေးချော်ထွက်မှုတိုင်းတာသည့်ကိရိယာ (Side Slip Tester)၊

( ခခ ) ရပ်တန့်နိုင်မှုတိုင်းတာသည့်ကိရိယာ (Brake Tester)၊

( ဂဂ ) အမြန်နှုန်း တိုင်းတာသည့်ကိရိယာ (Speedometer Tester)၊

(ဃဃ)မီးခိုးထုတ်လွှတ်မှုတိုင်းတာသည့်ကိရိယာ(Exhaust Emission Tester) ၊

( ငင ) မီးကြီးတိုင်းတာသည့်ကိရိယာ (Head Lamp Tester)၊

( စစ ) ဆူညံမှုတိုင်းတာသည့်ကိရိယာ (Noise Tester)၊

(ဆဆ)ဝင်ရိုးအလွတ်ကစားမှု တိုင်းတာသည့်ကိရိယာနှင့် မော်တော်ယာဉ်အောက်ပိုင်းရှိ အစိတ်အပိုင်းများ ဝင်ရောက်စစ်ဆေးသည့် Pit ကျင်း (Axle Play Tester & Pit Inspection) ။

(၃) မော်တော်ဆိုင်ကယ်စစ်ဆေးသည့် မော်တော်ဆိုင်ကယ်စစ်ဆေးရေးလိုင်း (Motorcycle Test Lane) တစ်လိုင်းတွင် အောက်ပါစက်ကိရိယာများ အနည်းဆုံး ပါဝင်ရမည် –

(ကက)ရပ်တန့်နိုင်မှုတိုင်းတာသည့်ကိရိယာ (Brake Tester)၊

( ခခ ) မီးခိုးထုတ်လွှတ်မှုတိုင်းတာသည့်ကိရိယာ(Exhaust Emission Tester)၊

( ဂဂ ) မီးကြီးတိုင်းတာသည့်ကိရိယာ (Head Lamp Tester)၊

(ဃဃ)ဆူညံမှုတိုင်းတာသည့်ကိရိယာ (Noise Tester)၊

( ငင ) ဖြောင့်တန်းစွာသွားလာမှုကိုစစ်ဆေးသည့်ကိရိယာ (Alignment Tester)။

(၄) ဦးစီးဌာနက အခါအားလျော်စွာ ထပ်တိုးသတ်မှတ်သည့် မော်တော်ယာဉ် စစ်ဆေးသည့် စက်ကိရိယာနှင့် အထောက်အကူပြု ပစ္စည်းများကို တပ်ဆင်ရမည်။

(၅) တပ်ဆင်ထားမည့် မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများကို ဦးစီးဌာနက သတ်မှတ်သည့် စံနှုန်းများအတိုင်း စံကိုက်ချိန်ညှိပြီး အသုံးပြုရမည်။ မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများကို တရားမဝင် စံကိုက်ချိန်ညှိခြင်း မပြုရ။

(၆) မော်တော်ယာဉ်စစ်ဆေးသည့်စက်ကိရိယာ စံကိုက်ချိန်ညှိခြင်းကို မူလထုတ်လုပ်သူ၏ သတ်မှတ်အချိန်ကာလအလိုက် သို့မဟုတ် အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ် ဆောင်ရွက်ရမည်။ စံကိုက်ချိန်ညှိခြင်းကို မူလထုတ်လုပ်သူကုမ္ပဏီ သို့မဟုတ် ၎င်းကုမ္ပဏီက သတ်မှတ်တာဝန်ပေးအပ်ထားသည့် အသိအမှတ်ပြု ကျွမ်းကျင်သူကိုသာ ဆောင်ရွက်စေရမည်။

(၇) ပြုပြင်ထိန်းသိမ်းခြင်းနှင့် စံချိန်စံညွှန်းစိစစ်ခြင်းတို့ကို မူလထုတ်လုပ်သူ၏ ပြုပြင်ထိန်းသိမ်းမှုဇယားအတိုင်း ဆောင်ရွက်ရမည်။ ဆောင်ရွက်ချက်ကို သတ်မှတ်မှတ်တမ်းတွင် ဖြည့်သွင်းထားရှိပြီး မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့၏ စစ်ဆေးမှုကို ခံယူရမည်။

(၈) စံကိုက်ချိန်ညှိခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ချိန်တွင် ပြုပြင်ခြင်း၊ အသစ်လဲလှယ်ခြင်းပြုရမည့် မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာ တွေ့ရှိပါက မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်းကြီးကြပ်သူသည် လုပ်ငန်းလုပ်ဆောင်ခြင်းကို ချက်ချင်းရပ်ဆိုင်းစေလျက် ဦးစီးဌာနသို့ သတင်းပို့ရမည်။ ပြုပြင်ခြင်း၊ အသစ်လဲလှယ်ခြင်းများ ဆောင်ရွက်ပြီးပါက ဦးစီးဌာနသို့ အကြောင်းကြားရမည်။ ဦးစီးဌာနက ပြန်လည်စစ်ဆေး၍ ကောင်းမွန်ကြောင်း အတည်ပြုမှသာ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်။

( ဓ) အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသည့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း ကြီးကြပ်သူ၊ တာဝန်ခံအင်ဂျင်နီယာ၊ ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူများကို ခန့်ထားရမည်-

(၁) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကြီးကြပ်သူသည် အနိမ့်ဆုံး မဟာအင်ဂျင်နီယာဘွဲ့(စက်မှု) သို့မဟုတ် မဟာအင်ဂျင်နီယာဘွဲ့(မော်တော်ယာဉ်) ရရှိသူဖြစ်ရမည်။

(၂) တာဝန်ခံအင်ဂျင်နီယာသည် အနိမ့်ဆုံး အင်ဂျင်နီယာဘွဲ့(စက်မှု) သို့မဟုတ် အင်ဂျင်နီယာဘွဲ့(မော်တော်ယာဉ်)ကို ရရှိသူဖြစ်ရမည်။

(၃) ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူသည် အနိမ့်ဆုံး AGTI ( စက်မှု သို့မဟုတ် မော်တော်ယာဉ်)ရရှိသူ သို့မဟုတ် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု စံသတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (National Skill Standard Authority – NSSA)၏ မော်တော်ယာဉ်ကျွမ်းကျင်မှုဆိုင်ရာ အဆင့် ၂ (Level 2 Certificate ) လက်မှတ် ရရှိသူ ဖြစ်ရမည်။

(၄) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကြီးကြပ်သူ၊ တာဝန်ခံအင်ဂျင်နီယာ၊ ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူများသည် ဦးစီးဌာနက ဖွင့်လှစ်သည့် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း တက်ရောက် အောင်မြင်ပြီးသူ ဖြစ်ရမည့်အပြင် “ခ” ယာဉ်မောင်းလိုင်စင်နှင့် အထက် ရရှိသူ ဖြစ်ရမည်။

( ဈ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများတွင် အနည်းဆုံးလိုအပ်သည့် ဝန်ထမ်းအင်အားကို အောက်ပါအတိုင်းသတ်မှတ်ပါသည် –

(၁) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးသည် လုပ်ငန်းလိုင်စင်၌ ခွင့်ပြုထားသည့် မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံများ အားလုံး၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ရန်အတွက် အနည်းဆုံး မော်တော်ယာဉ် စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကြီးကြပ်သူ တစ်ဦးခန့်အပ်ရမည်။

(၂) မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံ တစ်ခုစီတွင် မော်တော်ယာဉ် စစ်ဆေးရေး လိုင်း (Test Lane) များ၏ လုပ်ငန်းဆောင်ရွက်မှုကို စစ်ဆေးနိုင်ရန် အနည်းဆုံး တာဝန်ခံအင်ဂျင်နီယာ တစ်ဦးစီ ခန့်အပ်ရမည်။

(၃) မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံ တစ်ခုရှိ မော်တော်ယာဉ်စစ်ဆေးသည့် မော်တော်ယာဉ်စစ်ဆေးရေးလိုင်း (Test Lane) တစ်လိုင်းစီတွင် အနည်းဆုံး လိုအပ်သည့် အမြဲတမ်းဝန်ထမ်းအင်အားကို အောက်ပါအတိုင်း ခန့်အပ်ရမည်–

(ကက) ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူ (၃) ဦး

( ခခ ) ကွန်ပျူတာကျွမ်းကျင်သူရုံးဝန်ထမ်း (၁) ဦး

(၄) မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံ တစ်ခုရှိ မော်တော်ဆိုင်ကယ်စစ်ဆေးရေးလိုင်း (Motorcycle Test Lane) တစ်ခုစီတွင် အနည်းဆုံး လိုအပ်သည့် အမြဲတမ်းဝန်ထမ်းအင်အားကို အောက်ပါအတိုင်း ခန့်အပ်ရမည်-

(ကက) ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူ (၁) ဦး

( ခခ ) ကွန်ပျူတာကျွမ်းကျင်သူရုံးဝန်ထမ်း (၁) ဦး

၁၃၆။ ဦးစီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးများအလိုက် မှတ်ပုံတင်နယ်မြေအတွင်း ထူထောင်ဖွင့်လှစ်ခွင့်ရှိသော မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်းတွင်ပါရှိသည့် မော်တော်ယာဉ်စစ်ဆေးရေးလိုင်း (Test Lane) အရေအတွက်ကို အဆိုပါနယ်မြေအတွင်း မှတ်ပုံတင်ထားသည့် မော်တော်ယာဉ် အရေအတွက်အပေါ် မူတည်၍ သတ်မှတ်ပေးရမည်။

၁၃၇။ ဦးစီးဌာနသည် မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံများက မော်တော်ယာဉ်များကို စစ်ဆေးရာတွင် ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာမှု၊ မော်တော်ယာဉ် စစ်ဆေးပုံနည်းစနစ်၊ ပုံမှန်စစ်ဆေးပြီးစီးမှုစီးရေနှင့် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများအပေါ် လွှမ်းခြုံသုံးသပ်၍ လိုအပ်ပါက မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံ တစ်ခု၏ တစ်နေ့တာ အလုပ်ချိန်အတွင်း စစ်ဆေးခွင့်ရှိသည့် မော်တော်ယာဉ် အရေအတွက်ကို သတ်မှတ်နိုင်သည်။

၁၃၈။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင် လျှောက်ထားချက်များကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ စိစစ်ဆောင်ရွက်ရမည်-

(က) လျှောက်ထားချက်သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စာရွက်စာတမ်းစစ်ဆေးခြင်းနှင့် ဦးစီးဌာနက ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့ဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊

(ခ) နည်းဥပဒေခွဲ (က) အရ စစ်ဆေးတွေ့ရှိချက်များကို စစ်ဆေးရေးအဖွဲ့က သဘောထားမှတ်ချက် တင်ပြစေခြင်း၊

(ဂ) နည်းဥပဒေခွဲ (ခ)အရ တင်ပြချက်ကို စိစစ်၍ ဦးစီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနက ဖွဲ့စည်းထားသော ပဏာမ စိစစ်ရွေးချယ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) နည်းဥပဒေခွဲ(ဂ)အရ တင်ပြချက်အပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးများအလိုက် မှတ်ပုံတင်နယ်မြေအတွင်း ဦးစီးဌာနက ခွင့်ပြုနိုင်သည့် ယာဉ်စစ်ဆေး ရေးလိုင်း(Test Lane) အရေအတွက်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက အဆိုပြု လျှောက်ထား လာသည့် ယာဉ်စစ်ဆေးရေးလိုင်း (Test Lane) အရေအတွက်တို့အပေါ်မူတည်လျက် ကြိုတင်သတ်မှတ်ထုတ်ပြန်ထားသည့် ရွေးချယ်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက် များနှင့်အညီ စစ်ဆေးပြီးချမှတ်သည့် ပဏာမစိစစ်ရွေးချယ်ရေးအဖွဲ့၏ ပဏာမဆုံးဖြတ် ချက်ကို တောင်းခံရယူခြင်း၊

(င) နည်းဥပဒေခွဲ (ဃ) အရ ပဏာမ ဆုံးဖြတ်ရွေးချယ်ခံရသည့် လျှောက်ထားသူကို အကြောင်းကြားခြင်းနှင့် မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံများကို သတ်မှတ်ချက် များနှင့်အညီ တည်ဆောက်စေခြင်း၊

(စ) တည်ဆောက်ထားသော မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံများ သတ်မှတ်ချက် များနှင့် ကိုက်ညီခြင်း ရှိ မရှိ စစ်ဆေးရေးအဖွဲ့က စစ်ဆေးတင်ပြစေခြင်း၊

(ဆ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ဆုံးဖြတ်ခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း မရှိပါက လုပ်ငန်းလိုင်စင် ထုတ်ပေး ရန် ငြင်းပယ်ခြင်း၊

၁၃၉။ (က) နည်းဥပဒေ ၁၃၈ နည်းဥပဒေခွဲ (င) အရ ပဏာမ ဆုံးဖြတ်ရွေးချယ်ခံရကြောင်း အကြောင်းကြားခံရသူသည် အကြောင်းကြားခံရသည့်နေ့မှစ၍ လိုအပ်သည့် မော်တော်ယာဉ်စစ်ဆေးရေး အလုပ်ရုံကို တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ခ) ဦးစီးဌာနက ဖွဲ့စည်းထားသော စစ်ဆေးရေးအဖွဲ့သည် ပုဂ္ဂလိကမော်တော်ယာဉ် စစ်ဆေးရေးအလုပ်ရုံ အဆင့်အလိုက် တည်ဆောက်မှု၊ ပြီးစီးမှု၊ သတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံမှု ရှိ မရှိ ပုံမှန် စစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် ပြန်လည်ပြုပြင် စေရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ပြန်လည်ပြုပြင်စေသည့် လိုအပ်ချက်များကို သတ်မှတ်ကာလအတွင်း အချိန်မီ မပြုပြင်ပါက ဦးစီးဌာနသည် ပဏာမရွေးချယ်ခြင်းကို ပယ်ဖျက်ရမည်။

(ဃ) ပဏာမ ဆုံးဖြတ်ရွေးချယ်ခံရသော လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် နည်းဥပဒေခွဲ (က)အရ တည်ဆောက်ပြီးစီးပါက ဦးစီးဌာနသို့ အစီရင်ခံတင်ပြရမည်။ ဦးစီးဌာနသည် စစ်ဆေးရေးအဖွဲ့၏ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးမြောက်ကြောင်း ထောက်ခံတင်ပြချက်ကို ရယူစိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်လျှင် သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ကြေး ပေးသွင်းရန် လုပ်ငန်းလိုင်စင်လျှောက်ထားသူကို အကြောင်းကြားရမည်။

(င) ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်လျှောက်ထားသူက လုပ်ငန်းလိုင်စင်ကြေး ပေးသွင်းပြီးကြောင်း အထောက်အထား တင်ပြလျှင် လိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များပါရှိသည့် လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၁၄၀။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူသည် လုပ်ငန်းလိုင်စင်ကို အခြားသူတစ်ဦးတစ်ယောက်ထံသို့ လွှဲပြောင်းပေးခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ငှားရမ်းခြင်း မပြုရ။

၁၄၁။ လုပ်ငန်းလိုင်စင်သည် သက်တမ်းတိုးမှတ်ပုံတင်ရန် မော်တော်ယာဉ်စစ်ဆေးခြင်းနှင့်သာ သက်ဆိုင်စေရမည်။

၁၄၂။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလိုင်စင်၏ သက်တမ်းသည် ပြက္ခဒိန်နှစ်အတိုင်း တစ်နှစ်ဖြစ်သည်။ သက်တမ်းကုန်ဆုံးရက်သည် ဒီဇင်ဘာလ ၃၁ ရက်ဖြစ်သည်။

၁၄၃။ မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူသည် လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးရက်မတိုင်မီ သုံးလအတွင်း သက်တမ်းတိုးမြှင့်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။ လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးမှ လျှောက်ထားပါက ဦးစီးဌာနက သတ်မှတ်ထားသည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၁၄၄။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်၍ ညီညွတ်ပါက သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင် သက်တမ်းတိုးကြေး ပေးသွင်းစေပြီး သက်တမ်းတိုးပေးနိုင်သည်။

၁၄၅။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင် ပျောက်ဆုံးကြောင်း သတ်မှတ်အထောက်အထားများဖြင့် တင်ပြလျှောက်ထားမှုအပေါ် စိစစ်ပြီးမှန်ကန်ပါက သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ ကောက်ခံ၍ မိတ္တူ ထုတ်ပေးရမည်။

၁၄၆။ ဦးစီးဌာနသည် မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူက လုပ်ငန်းလိုင်စင်တွင် ခွင့်ပြုထားသည့် လုပ်ငန်းလုပ်ကိုင်သူအမည်ပြောင်း လျှောက်ထားလာလျှင် စိစစ်ပြီးခွင့်ပြုပါက သတ်မှတ်ထားသည့် အခကြေးငွေကောက်ခံ၍ အမည်ပြောင်း ဆောင်ရွက်ပေးရမည်။

၁၄၇။ ဝန်ကြီးဌာနသည် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူများ၏ မော်တော်ယာဉ်စစ်ဆေးသည့်စက်ကိရိယာများ အရည်အသွေးနှင့် တိကျမှု၊ နည်းစနစ်များမှန်ကန်မှုနှင့် လုပ်ထုံးလုပ်နည်းလုပ်ငန်းစဉ်များ မှန်ကန်မှုတို့အတွက် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်မှုတို့ကို ဆောင်ရွက်ရန်အတွက် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ကို သဘောတူစာချုပ် ချုပ်ဆို၍ စည်းကမ်းများသတ်မှတ်ပြီး တာဝန်ပေးအပ်နိုင်သည်။

၁၄၈။ မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဦးစီးဌာနက သတ်မှတ်အတည်ပြု ပေးထားသည့် မော်တော်ယာဉ်စစ်ဆေးရေးလိုင်း (Test Lane) တစ်လိုင်းပါ အဆောက်အအုံ၏ အတိုင်းအတာများ၊ မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများ၏ အမျိုးအမည်၊ အရေအတွက်များ မှန်ကန်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများကို တရားမဝင် စံကိုက်ချိန်ညှိခြင်း မရှိစေရေး စစ်ဆေးခြင်း၊

(ဂ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူများသည် စံချိန်စံညွှန်း မပြည့်မီသော မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများ အသုံးပြုခြင်း၊ မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများကို တရားမဝင် စံကိုက်ချိန်ညှိခြင်း စသည်တို့အပေါ် စစ်ဆေး၍ ဦးစီးဌာနသို့ တင်ပြခြင်း၊

(ဃ) အဆောက်အအုံနှင့် မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများ အသုံးချမှု၊ လုပ်ဆောင်နိုင်မှုနှင့် ကြံ့ခိုင်မှုအခြေအနေ စစ်ဆေးခြင်း၊

(င) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို စောင့်ကြည့်လေ့လာခြင်းနှင့် လိုအပ်သည်များကို ကြပ်မတ်ထိန်းသိမ်းခြင်း၊

(စ) မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံများနှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာများကို စစ်ဆေးပြီးစီးသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ဦးစီးဌာနသို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

၁၄၉။ မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာကျွမ်းကျင်သူအဖွဲ့သည် မော်တော်ယာဉ်စစ်ဆေးရေး အလုပ်ရုံများကို ဦးစီးဌာနက သတ်မှတ်သည့် အချိန်ဇယားအတိုင်း မပျက်မကွက် စစ်ဆေးရမည်။

၁၅၀။ မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့သည် ယင်းအဖွဲ့၏ ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အားစာရင်းတို့ကို ဦးစီးဌာနသို့ တင်ပြရမည်။

၁၅၁။ မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့၏ကြီးကြပ်သူတာဝန်ခံ သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(က) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အသိအမှတ်ပြု မော်တော်ယာဉ်နည်းပညာနှင့် ဆက်စပ်သော မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် (Professional Engineer – P.E) လက်မှတ်ရရှိသူ ဖြစ်ရမည်။

(ခ) မော်တော်ယာဉ်ထုတ်လုပ်ခြင်း သို့မဟုတ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆိုင်ရာ အတွေ့အကြုံ ရှိရမည်။

၁၅၂။ မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့၏ အဖွဲ့ဝင်သည်အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်–

(က) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အသိအမှတ်ပြု မော်တော်ယာဉ်နည်းပညာနှင့် ဆက်စပ်သော မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ (Registered Senior Engineer –R.S.E) လက်မှတ်ရရှိသူဖြစ်ရမည်။

(ခ) မော်တော်ယာဉ် ထုတ်လုပ်ခြင်း သို့မဟုတ် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိရမည်။

၁၅၃။ မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့သည် မော်တော်ယာဉ် စစ်ဆေးရေးအလုပ်ရုံများကို စစ်ဆေးရာတွင် အသုံးပြုမည့် စစ်ဆေးရေးကိရိယာများနှင့် အခြား လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရမည်။

၁၅၄။ မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့သည် ၎င်း၏တာဝန်နှင့် ဝတ္တရားများကို အပြည့်အဝ ဆောင်ရွက်ရာတွင် လွတ်လပ်စွာ၊ အကျိုးအကြောင်းဆီလျော်စွာ၊ မျှတ စွာနှင့် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ရမည်။

၁၅၅။ ဝန်ကြီးဌာနသည် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာ ကျွမ်းကျင်သူအဖွဲ့အား တစ်ကြိမ်လျှင် ငါးနှစ် သက်တမ်းကာလအထိ တာဝန်ပေး ဆောင်ရွက်နိုင်သည်။

၁၅၆။ မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့သည် မော်တော်ယာဉ် စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူများထံသို့ ညွှန်ကြားလိုသည့် ကိစ္စရပ်များရှိပါက ဦးစီးဌာနက ညွှန်ကြားချက်များ ထုတ်ပြန်ညွှန်ကြားနိုင်ရေးအတွက် ဦးစီးဌာနသို့ တင်ပြရမည်။

၁၅၇။ မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့သည် ဦးစီးဌာနက သတ်မှတ်သည့် အချိန်ဇယားအတိုင်း မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံများကို စစ်ဆေးပြီး မော်တော်ယာဉ် စစ်ဆေးရေးလိုင်း (Test Lane) အမျိုးအစား၊ အရေအတွက်နှင့် ကြိမ်ရေအလိုက် ဝန်ဆောင်ခကို ဦးစီးဌာနသို့ တောင်းခံရမည်။

၁၅၈။ ဦးစီးဌာနသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဝန်ဆောင်ခကို မော်တော်ယာဉ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့သို့ ပေးချေရမည်။

၁၅၉။ ဦးစီးဌာနသည် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာကျွမ်းကျင်သူအဖွဲ့၏ လုပ်ငန်းတာဝန်များ မကျေပွန်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပုံ ကျေနပ်ဖွယ်မရှိခြင်းများကို စိစစ်တွေ့ရှိ ရပါက သတိပေးခြင်း သို့မဟုတ် အရေးယူဆောင်ရွက်ခြင်း ပြုလုပ်နိုင်ရေးအတွက် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၆၀။ မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိက လုပ်ငန်းလုပ်ကိုင်သူသည် မော်တော်ယာဉ်စစ်ဆေးရေး အလုပ်ရုံများကို မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့က သတ်မှတ်ချက်များနှင့်အညီ ကွင်းဆင်းစစ်ဆေးခြင်းကို ခံယူရမည်။

၁၆၁။ မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိက လုပ်ငန်းလုပ်ကိုင်သူသည်-

(က) မော်တော်ယာဉ်အမျိုးအစားအလိုက် ဝန်ကြီးဌာနက သတ်မှတ်ထားသည့်မော်တော်ယာဉ် စစ်ဆေးခထက် ပိုမို၍ကောက်ခံခြင်း မပြုရ။

(ခ) ကောက်ခံရရှိသော မော်တော်ယာဉ်စစ်ဆေးခ၏ သတ်မှတ်ရာခိုင်နှုန်းကို ဦးစီးဌာနသို့ ပေးသွင်းရမည်။

၁၆၂။ မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူသည် ဆက်လက် လုပ်ကိုင်လိုခြင်း မရှိပါက လုပ်ငန်းရပ်စဲမည်ဖြစ်ကြောင်း ရက်ပေါင်း ၉၀ ကြိုတင်၍ ဦးစီးဌာနသို့ တင်ပြရမည်။

၁၆၃။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူသည် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းတည်နေရာ ပြောင်းရွှေ့လိုပါက ဦးစီးဌာနသို့ လျှောက်ထားပြီး ခွင့်ပြုချက်ရရှိမှသာ ပြောင်းရွှေ့ရမည်။

၁၆၄။ မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိက လုပ်ငန်းကြီးကြပ်သူသည် မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်နှင့် မော်တော်ယာဉ်စစ်ဆေးမှုငြင်းပယ်ရခြင်းကြေညာလွှာများ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ဦးစီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၆၅။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူသည် အဆင့်မြင့်နည်းပညာသုံး မှတ်ပုံတင်အထောက်အထား (RFID Sticker or Tag) တပ်ဆင်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်သည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အင်တာနက်ကွန်ရက်စနစ် (ICT Accessories and Network)၊ ရုံးခန်းနေရာများ စီမံဆောင်ရွက်ထားရှိပြီး ဦးစီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ အတိုင်း ပူးပေါင်းဆောင်ရွက်ရမည်။

၁၆၆။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူသည်-

(က) လုပ်ငန်းလိုင်စင်သက်တမ်း ကျော်လွန်၍ လုပ်ကိုင်ခြင်းမပြုရ။

(ခ) လုပ်ငန်းလိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းအတိုင်းသာ မော်တော်ယာဉ်ကို စစ်ဆေးရမည်။

(ဃ) မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်းနှင့် စပ်လျဉ်း၍ ဦးစီးဌာနက အခါအား လျော်စွာ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များနှင့် စံချိန်စံညွှန်းများကို လိုက်နာ ရမည်။

(င) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ လမ်းပေါ်တွင် အန္တရာယ်ကင်းစွာ မောင်းနှင် သွားလာနိုင်ခြင်း (Road Worthiness) ကို တိကျစွာစစ်ဆေးရမည်။

(စ) မော်တော်ယာဉ်စစ်ဆေးခြင်းကို ဦးစီးဌာနကိုယ်စား ဆောင်ရွက်ရခြင်း ဖြစ်သဖြင့် စစ်ဆေးသည့်မော်တော်ယာဉ်သည် တရားဝင်မှတ်ပုံတင်ထားသည့်မော်တော်ယာဉ် ဖြစ်ကြောင်းသေချာစေရန် မော်တော်ယာဉ်၏ ရုပ်သဏ္ဍာန်ပြောင်းလဲခြင်း၊ အမျိုး အစား ပြောင်းလဲခြင်း၊ အတိုင်းအတာများပြောင်းလဲခြင်း၊ အစိတ်အပိုင်း မမှန်မကန် ပြောင်းလဲခြင်း၊ မော်တော်ယာဉ်၏ကိုယ်ထည် (Body coach) ပြောင်းလဲခြင်း၊ ထုတ် လုပ်ခုနှစ်ပုံစံ(Model) ပြောင်းလဲထားခြင်းများ ရှိ မရှိ စသည်တို့အပါအဝင် ယာဉ်စစ် ဆေးရေးလုပ်ငန်းများကို ဦးစီးဌာနက အသေးစိတ် စစ်ဆေးဆောင်ရွက်နေသော နည်း လမ်းများအတိုင်း တိကျစွာ လိုက်နာ၍ တာဝန်ခံစစ်ဆေးရမည်။

(ဆ) ပြောင်းလဲခြင်းများအလိုက် နိုင်ငံတော်က အခကြေးငွေများ ကောက်ခံရခြင်းဖြစ်သဖြင့် နိုင်ငံ့ဘဏ္ဍာငွေများ လျော့နည်းဆုံးရှုံးမှု မရှိစေရန် ဦးစီးဌာနက ခွင့်ပြုရန် သတ်မှတ်ထားသည့် မော်တော်ယာဉ်တွင် ပြောင်းလဲခြင်းများ စစ်ဆေးတွေ့ရှိပါက မော်တော်ယာဉ် စစ်ဆေးချက်ပုံစံပေါ်တွင် တိကျစွာဖော်ပြပေးရမည်။

(ဇ) စစ်ဆေးသည့် မော်တော်ယာဉ်တွင် အစိတ်အပိုင်းမမှန်မကန် ပြောင်းလဲထားခြင်း မရှိကြောင်းနှင့် တရားဝင်မှတ်ပုံတင်ထားသည့် မော်တော်ယာဉ် အမှန်ဖြစ်ကြောင်း တာဝန်ခံရမည်။ ထိုသို့ တာဝန်မခံနိုင်သည့် မော်တော်ယာဉ်များ၊ ခွင့်မပြုနိုင်သော ပြုပြင်ပြောင်းလဲခြင်းများနှင့် သံသယဖြစ်ဖွယ် မော်တော်ယာဉ်များ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးသို့ အကြောင်းကြား၍ လွှဲပြောင်းစစ်ဆေးစေရမည်။

(ဈ) လုပ်ငန်းလိုင်စင်တွင် ခွင့်ပြုထားသော မော်တော်ယာဉ်အမျိုးအစားကိုသာ စစ်ဆေးရမည်။

(ည) ဦးစီးဌာနက ဖွင့်လှစ်ထားသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများအလိုက် မှတ်ပုံတင်နယ်မြေအတွင်း မှတ်ပုံတင်ထားသော မော်တော်ယာဉ်များကိုသာ စစ်ဆေးရမည်။

(ဋ) မှတ်ပုံတင်သက်တမ်း ကုန်ဆုံးကျော်လွန်နေသည့် မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ ဦးစီးဌာနက သတ်မှတ်ထားသည့် ကျော်လွန်ကာလအတွင်းရှိ မော်တော်ယာဉ်များကိုသာ စစ်ဆေးခွင့်ရှိသည်။

(ဌ) မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အောက်ဖော်ပြပါ စံနှုန်းများနှင့်အညီ ဆောင်ရွက်ထားရှိရမည် -

(၁) ဦးစီးဌာနက သတ်မှတ်ထားသောအဆောက်အအုံနှင့် နေရာအကျယ်အဝန်း ရှိရမည့်အပြင် စစ်ဆေးခံရန် မော်တော်ယာဉ်များတန်းစီခြင်း၊ ခါတ်ပုံမှတ်တမ်း ရယူခြင်း၊ စောင့်ဆိုင်းရပ်နားခြင်းများသည် အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် မကျရောက်စေရန် အစီအမံများ ပြုလုပ်ထားရှိရမည်။

(၂) လေဝင်လေထွက်နှင့် အပူထုတ်လွှတ်ခြင်းတို့အတွက် လုံလောက်သော အခြေအနေ ရှိရမည်။

(၃) မော်တော်ယာဉ်စစ်ဆေးရေးလိုင်း (Test Lane) အတွင်းသို့ ယာဉ်မောင်းနှင်သူမှအပ အခြားမသက်ဆိုင်သူများ မဝင်ရောက်နိုင်စေရန် စီမံထားရှိရမည်။

(၄) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းမှုကို အစဉ်အမြဲ ဂရုပြုအလေးထား ဆောင်ရွက်ရမည်။

(၅) ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သော လုပ်ငန်းခွင်သုံး ဝတ်စုံများ အသုံးပြုစေရမည်။

(၆) မီးခိုးထုတ်လွှတ်မှု တိုင်းတာသည့်ကိရိယာ(Exhaust Emission Tester) နှင့် ဆူညံမှုတိုင်းတာသည့်ကိရိယာ(Overall Noise Tester) တို့ဖြင့် စစ်ဆေးရာမှ ထွက်ရှိလာသော မီးခိုးငွေ့နှင့် ဆူညံသံများအတွက် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်အစီအမံများ ထားရှိရမည်။

(၇) အရေးပေါ်မီးငြိမ်းသတ်ရန် လုံလောက်သောအစီအမံများ ထားရှိရမည်။

(ဍ) မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများကို ထုတ်လုပ်သူ၏ ပြုပြင်ထိန်းသိမ်းခြင်း လမ်းညွှန်မှုအတိုင်း ထိန်းသိမ်းထားရှိရမည်။

(ဎ) မိမိ၏ ပေါ့လျော့မှု၊ ချို့ယွင်းအားနည်းမှု တစ်ခုခုကြောင့် မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံအတွင်း လုပ်ငန်းလာရောက်ဆောင်ရွက်သူကို ထိခိုက်မှု သို့မဟုတ် မော်တော်ယာဉ် ပျက်စီးဆုံးရှုံးမှုရှိလျှင် တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးရမည်။

(ဏ) မော်တော်ယာဉ်စစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရန် အင်တာနက်ကွန်ရက်ချိတ်ဆက်ဆောင်ရွက်သည့်စနစ် (Online Networking System) ဆောင်ရွက်ထားရမည်။

(တ) မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများအကြား အချက်အလက်များ အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်ရန်၊ အချက်အလက်များ သိမ်းဆည်းရန်နှင့် နေ့စဉ်စာရင်းအချက်အလက်များ ပေးပို့နိုင်ရန်တို့အတွက် မော်တော်ယာဉ်စစ်ဆေးရေး အလုပ်ရုံတိုင်းတွင် သတင်းအချက်အလက် နည်းပညာပိုင်းဆိုင်ရာ အောက်ပါအပျော့ထည် (Software)နှင့် အမာထည် (Hardware) များထားရှိရမည်-

(၁) တရားဝင်မှတ်ပုံတင်ထားသည့် ပင်မအချက်အလက်သိုလှောင်သည့် ဆာဗာ (Licenced Version Main Database Server) တစ်ခုစီထားရှိရမည်။

(၂) ပင်မအချက်အလက်သိုလှောင်သည့် ဆာဗာ (Main Database Server) တွင် အလိုအလျောက်သိမ်းဆည်းနိုင်သည့်စနစ် (Mirror System) ပါရှိရမည်ဖြစ်ပြီး မော်တော်ယာဉ် အချက်အလက်များနှင့် ဓါတ်ပုံများကို အနည်းဆုံး သုံးနှစ် အတွက် အချက်အလက်များ သိမ်းဆည်းထားနိုင်ရမည်။

(၃) ပင်မအချက်အလက်သိုလှောင်သည့် ဆာဗာ (Main Database Server) နှင့် လုပ်ငန်းဆောင်ရွက်သည့် ကွန်ပျူတာ (Work Station) များတွင် မော်တော်ယာဉ် အချက်အလက်များ မပေါက်ကြားစေရန်နှင့် မသမာသူများ ဝင်ရောက်ကြည့်ရှု ပြင်ဆင်ခြင်းများ မပြုလုပ်နိုင်ရန် နည်းပညာအကာအကွယ် (Firewall) ၊ လိုအပ်သောအသုံးချစနစ် (Application) နှင့် နောက်ဆုံးတရားဝင် မှတ်ပုံတင် ထားသော ဗိုင်းရပ်စ်ကာကွယ်သည့် အပျော့ထည်စနစ် (Updated Licence Antivirus Software) များ စီမံဆောင်ရွက်ထားရမည်။

(၄) အသုံးပြုမည့် အသုံးချစနစ် (Application) သည် ဦးစီးဌာန၏ အသုံးချစနစ် (Application) နှင့် ချိတ်ဆက်နိုင်သည့် စံသတ်မှတ်ချက် (Standard Format) ဖြစ်ရမည်။

(၅) ကိုယ်ပိုင် အင်တာနက်ကွန်ရက် (Internet Network) အသုံးပြုမည် ဆိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက တရားဝင် လိုင်စင်ထုတ်ပေး ထားသော အင်တာနက်ဝန်ဆောင်မှုပေးသူ (Internet Service Provider – ISP) ၏ ကွန်ရက် (Network) ဖြစ်ရမည်။ ဦးစီးဌာနနှင့် ပကတိပုံစံ သီးသန့်ကွန်ရက် ချိတ်ဆက်ခြင်း (Virtual Private Network link) ဖြင့် တိုက်ရိုက်ဆက်သွယ် အသုံးပြုနိုင်ရမည်။

(ထ) မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံ တစ်ခုတွင် အောက်ပါအချက်အလက်များကို အချက်အလက်သိုလှောင်သည့်ဆာဗာ (Database Server) စနစ်ဖြင့် သိမ်းဆည်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးသို့ နေ့စဉ် အင်တာနက်ကွန်ရက်ချိတ် ဆက် ဆောင်ရွက်သည့်စနစ် (Online Networking System) ဖြင့် ဦးစီးဌာနက သတ်မှတ်ပုံစံအတိုင်း ပေးပို့ရမည်–

(၁) နေ့စဉ်စစ်ဆေးသည့် မော်တော်ယာဉ်စာရင်း၊

(၂) စစ်ဆေးအောင်မြင်သည့် မော်တော်ယာဉ်စာရင်း၊ 3D ဓါတ်ပုံနှင့် မှတ်တမ်းဓါတ်ပုံများ၊ အထောက်အထားစာရွက်စာတမ်းများနှင့် မော်တော်ယာဉ်စစ်ဆေးချက်အပြည့်အစုံ၊

(၃) ပြုပြင်စေသည့် မော်တော်ယာဉ်စာရင်း၊

(၄) ဦးစီးဌာနက ခွင့်မပြုသော ပြုပြင်ပြောင်းလဲခြင်းနှင့် သံသယဖြစ်ဖွယ် စစ်ဆေးတွေ့ရှိ မော်တော်ယာဉ်စာရင်း၊

(၅) ဦးစီးဌာနက ခွင့်ပြုသည့်ပြောင်းလဲခြင်းများ ဆောင်ရွက်သော မော်တော်ယာဉ်အမှတ်နှင့် ပြောင်းလဲထားသည့် အချက်အလက်စာရင်း၊

(၆) မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်နှင့် မော်တော်ယာဉ်စစ်ဆေးမှုငြင်းပယ်ရခြင်းကြေညာလွှာ နေ့စဉ်အသုံးပြုမှုစာရင်း၊

(၇) အဆင့်မြင့်နည်းပညာသုံး မှတ်ပုံတင်အထောက်အထား (RFID Sticker or Tag) နေ့စဉ်အသုံးပြုမှု မှတ်တမ်း၊

(၈) နေ့စဉ်ကောက်ခံရရှိသည့် အခကြေးငွေစာရင်း။

(ဒ) မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံ အားလုံး၏ လချုပ်၊ နှစ်ချုပ် စာရင်းများနှင့် ဦးစီးဌာနက အခါအားလျော်စွာတောင်းခံသည့် စာရင်းဇယားများကို အင်တာနက်ကွန်ရက်ချိတ်ဆက်ဆောင်ရွက်သည့်စနစ် (Online Networking System) ဖြင့် ပေးပို့ရမည်။

(ဓ) သာမန်အားဖြင့် နည်းဥပဒေခွဲ (ထ) ပါအတိုင်း စာရင်းဇယားများကို ပေးပို့ရမည် ဖြစ်သော်လည်း အင်တာနက်ကွန်ရက် ချိတ်ဆက်ဆောင်ရွက်သည့်စနစ် (Online Networking System) ဖြင့် ပေးပို့နိုင်ခြင်းမရှိသည့် အခြေအနေတစ်ရပ်ရပ်တွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) စစ်ဆေးအောင်မြင်သည့် မော်တော်ယာဉ်၏ 3D ဓါတ်ပုံနှင့် မှတ်တမ်းဓါတ်ပုံများ၊ စာရွက်စာတမ်းအထောက်အထားများနှင့် မော်တော်ယာဉ် စစ်ဆေးချက်အပြည့်အစုံကို ချိတ်ပိတ်၍ သက်ဆိုင်ရာ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် လာရောက်ဆောင်ရွက်သူ မှတစ်ဆင့် ပေးပို့ရမည်။

(၂) နည်းဥပဒေခွဲ (ထ)ပါ အချက်များကို ပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ သင့်လျော်သည့် နည်းလမ်းတစ်မျိုးမျိုးဖြင့် ပေးပို့ရမည်။

(န) မော်တော်ယာဉ်စစ်ဆေးရေး အလုပ်ရုံများ၌ မော်တော်ယာဉ်စစ်ဆေးသည့် လုပ်ငန်းများ မဆောင်ရွက်မီ မိမိတို့အသုံးပြုမည့် မော်တော်ယာဉ်စစ်ဆေးသည့်စက်ကိရိယာများ၏ တိကျမှု စစ်ဆေးခြင်း (Accuracy Check) ကို နေ့စဉ်ဆောင်ရွက်ရမည်။

(ပ) ဦးစီးဌာနက ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များနှင့် စံချိန်စံညွှန်းများကို အချိန်နှင့် တစ်ပြေးညီ လိုက်နာဆောင်ရွက်နိုင်ရန် မော်တော်ယာဉ်စစ်ဆေးရေး အလုပ်ရုံများသို့ ထပ်ဆင့်ညွှန်ကြားပြီး လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ရမည်။

၁၆၇။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူသည် မိမိဝန်ထမ်းများ၏ စွမ်းဆောင်ရည် တိုးတက်စေရန် အောက်ပါဘာသာရပ်များကို မိမိအစီအစဉ် ဖြင့်ပို့ချရမည် -

(က) မော်တော်ယာဉ်စစ်ဆေးခြင်း လုပ်ငန်းစဉ်များ၊

(ခ) မော်တော်ယာဉ်စစ်ဆေးသည့်စက်ကိရိယာ အရည်အသွေးထိန်းသိမ်းသည့် လုပ်ငန်းစဉ်များ၊

(ဂ) မီးခိုးထုတ်လွှတ်မှုလျှော့ချခြင်း၊ ထိန်းချုပ်ခြင်းနှင့် ယာဉ်ကြောင့်ဖြစ်ပေါ်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ကိစ္စရပ်များ၊

(ဃ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊

(င) ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊

(စ) သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ကိစ္စရပ်များ၊

(ဆ) ဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များ၊

(ဇ) ပြည်သူ့ဆက်ဆံရေး (Public Relations) ဆိုင်ရာ ကိစ္စရပ်များ။

၁၆၈။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူသည် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကြီးကြပ်သူ၊ တာဝန်ခံအင်ဂျင်နီယာနှင့် ပုဂ္ဂလိကမော်တော်ယာဉ် စစ်ဆေးသူများအား တစ်နှစ်လျှင် အနည်းဆုံး သုံးရက် သို့မဟုတ် ၂၄ နာရီ ပညာရည်တိုးတက်မှုဆိုင်ရာ မွမ်းမံသင်တန်း ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းတက်ရောက်အောင်မြင်ပြီးသူများအား သင်တန်းဆင်းလက်မှတ် ထုတ်ပေးရမည်။ သင်တန်းဖွင့်လှစ်မှုနှင့် သင်တန်းတက်ရောက်မှု မှတ်တမ်းများ ပြည့်စုံစွာ ထားရှိရမည်။

၁၆၉။ မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူသည် ဝန်ထမ်းများ၏ ပညာအရည်အချင်း၊ လေ့ကျင့်သင်ကြားမှုနှင့် အတွေ့အကြုံဆိုင်ရာ မှတ်တမ်းများကို စနစ်တကျထားရှိရမည်။

၁၇၀။ ဦးစီးဌာနသည် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းက စစ်ဆေးဆောင်ရွက်ပြီးသော မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုအပ်သလို ပြန်လည်စစ်ဆေးနိုင်သည်–

(က) မှတ်ပုံတင်ထားသည့်ယာဉ်မှန်ကန်မှု ရှိ မရှိ၊

( ခ) အိတ်ဇောမီးခိုးထုတ်လွှတ်မှု၊

( ဂ) အသံဆူညံမှု၊

(ဃ) အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်သည့် အခြေအနေ ရှိ မရှိ၊

( င) အခြားလိုအပ်ချက်များအတွက် စစ်ဆေးမှု။

၁၇၁။ ဦးစီးဌာနသည် မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံများကို အောက်ပါနည်းလမ်းများအတိုင်း စစ်ဆေးနိုင်သည် –

(က) စာရွက်စာတမ်းများ စစ်ဆေးခြင်း၊

( ခ) အခြေခံအဆောက်အအုံများ စစ်ဆေးခြင်း၊

( ဂ) ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူများ၏ စွမ်းဆောင်ရည် စစ်ဆေးခြင်း၊

(ဃ) မော်တော်ယာဉ်စစ်ဆေးမှုလုပ်ငန်းများ တိကျမှန်ကန်စွာ စနစ်တကျ ဆောင်ရွက်နေမှု ရှိ မရှိ စစ်ဆေးခြင်း၊

( င) လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ် မှန်ကန်မှု ရှိ မရှိ စစ်ဆေးခြင်း၊

( စ) အခြားလိုအပ်ချက်များ ကြီးကြပ်စစ်ဆေးခြင်း။

၁၇၂။ ဦးစီးဌာနသည် မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံ တစ်ခုခုနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ အခြေအနေ တစ်ရပ်ရပ်တွေ့ရှိလျှင် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူအား စီမံခန့်ခွဲရေးဒဏ်ကြေး ပေးဆောင်စေရမည်–

(က) လုပ်ငန်းလိုင်စင်ရရှိပြီး သုံးလအတွင်း မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံများတွင် လုပ်ငန်းစတင်ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

( ခ) လုပ်ငန်းလိုင်စင်တွင် ပါရှိသော စည်းကမ်းချက်များကို လိုက်နာမှုမရှိခြင်း၊

( ဂ) လုပ်ငန်းနှင့်သက်ဆိုင်သည့် စာရင်းဇယား၊ အချက်အလက်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း စနစ်တကျပြည့်စုံစွာ မထားရှိခြင်းနှင့် ဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တောင်းခံလာပါက အချိန်မီ တင်ပြမှုမရှိခြင်း၊

(ဃ) မော်တော်ယာဉ်စစ်ဆေးသည့်စက်ကိရိယာများ ကြံ့ခိုင်မှု ပုံမှန်စစ်ဆေးခြင်းနှင့် စံကိုက်ချိန်ညှိခြင်းများ၊ အရည်အသွေးထိန်းသိမ်းမှု မှတ်တမ်းများကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ထားမှု မရှိခြင်း၊

(င) ဦးစီးဌာနက သတ်မှတ်ထားသော မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာများအားလုံးဖြင့် စနစ်တကျစစ်ဆေးမှု မပြုခြင်း၊

(စ) မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ် အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ဦးစီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း လိုက်နာမှုမရှိခြင်း၊

(ဆ) ဦးစီးဌာနက မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံသို့ ထုတ်ပေးထားသော မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်နှင့် အဆင့်မြင့်နည်းပညာသုံး မှတ်ပုံတင်အထောက်အထား (RFID sticker or tag) များ ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်းဖြစ်ပါကဦးစီးဌာနနှင့် သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ အချိန်နှင့်တစ်ပြေးညီ တိုင်ကြားရန် ပျက်ကွက်ခြင်း၊

(ဇ) ဦးစီးဌာနက ခွင့်ပြုသည့် မော်တော်ယာဉ် အစိတ်အပိုင်း ပြောင်းလဲခြင်းများကို စစ်ဆေးခဲ့သည့် မော်တော်ယာဉ်၏ ယာဉ်စစ်ဆေးရေးပုံစံပေါ်တွင် ဖော်ပြရန် ပျက်ကွက်ခြင်း၊

(ဈ) မော်တော်ယာဉ်စစ်ဆေးရေးလိုင်း (Test Lane) တစ်လိုင်းတွင် ရှိရမည့် ဦးစီးဌာနက သတ်မှတ်ထားသည့် အနည်းဆုံး ဝန်ထမ်းအင်အား သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ည) နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များပါ မော်တော်ယာဉ်စစ်ဆေးခြင်းနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များကို ဆောင်ရွက်မှုမရှိခြင်း။

၁၇၃။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်၌ ခွင့်ပြုထားသည့် မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံတစ်ခုခုက နည်းဥပဒေ ၁၇၂ ပါ အခြေအနေ တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရလျှင် ယင်း၏မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်သူအား အောက်ပါစီမံခန့်ခွဲရေး ဒဏ်ကြေးတစ်ရပ်ရပ်ကို ချမှတ်ရမည်-

(က) ပထမအကြိမ် ဖောက်ဖျက်ကျူးလွန်လျှင် ကျပ်သိန်း ၃၀၊

( ခ) ဒုတိယအကြိမ် ဖောက်ဖျက်ကျူးလွန်လျှင် ကျပ်သိန်း ၅ဝ ၊

( ဂ) တတိယအကြိမ်နှင့်အထက် ဖောက်ဖျက်ကျူးလွန်လျှင် ကျပ်သိန်း ၈ဝ ။

၁၇၄။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်၌ ခွင့်ပြုထားသည့် မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံ တစ်ခုခုက အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်ကို ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရလျှင် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်သူ၏ လုပ်ငန်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းရမည်-

(က) သတ်မှတ်စံချိန်စံညွှန်း မပြည့်မီသော မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာ ပြောင်းလဲအသုံးပြုခြင်း၊

( ခ) မော်တော်ယာဉ်စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်း ကြီးကြပ်သူ၊ တာဝန်ခံအင်ဂျင်နီယာနှင့် ပုဂ္ဂလိကမော်တော်ယာဉ်စစ်ဆေးသူတို့သည် ဦးစီးဌာနက သတ်မှတ်ထားသော အရည် အချင်းများနှင့် ကိုက်ညီမှုမရှိခြင်း၊

( ဂ) ဦးစီးဌာနက သတ်မှတ်ထားသော ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီအမံများအား လိုက်နာဆောင်ရွက်ထားမှု မရှိခြင်း၊

(ဃ) မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်နှင့် မော်တော်ယာဉ်စစ်ဆေးချက် ပုံစံ (Checking Form) တို့တွင် ဦးစီးဌာနက ခွင့်ပြုထားခြင်း မရှိသောသူက အတည် ပြု လက်မှတ်ရေးထိုးခြင်း၊

( င) ဦးစီးဌာန သို့မဟုတ် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ ၏ စစ်ဆေးမှုခံယူရန် ငြင်းဆိုခြင်း၊

(စ) မော်တော်ယာဉ် မှတ်ပုံတင်အထောက်အထားပါ အချက်အလက်များနှင့် ကွဲလွဲကြောင်း တွေ့ရှိရခြင်းကို ဦးစီးဌာနသို့ အကြောင်းကြားရန် ပျက်ကွက်ခြင်း၊ ထိမ်ချန်ထားခြင်း သို့မဟုတ် မမှန်မကန်တင်ပြခြင်း။

၁၇၅။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်၌ ခွင့်ပြုထားသည့် မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံ တစ်ခုခုက နည်းဥပဒေ ၁၇၄ ပါ အခြေအနေ တစ်ရပ်ရပ်ကို တတိယအကြိမ် ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရလျှင် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူ၏ လုပ်ငန်းလိုင်စင် ကို ဖျက်သိမ်းရမည်။

၁၇၆။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင်၌ ခွင့်ပြုထားသည့် မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံ တစ်ခုခုက အောက်ဖော်ပြပါ အခြေအနေ တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေး တွေ့ရှိရလျှင် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူကို တည်ဆဲဥပဒေများနှင့် အညီ တရားစွဲဆိုရမည်-

(က) မော်တော်ယာဉ်စစ်ဆေးရာတွင် စစ်ဆေးသည့် မော်တော်ယာဉ်သည် တရားဝင်မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်ဖြစ်ကြောင်း သေချာစေရန် ဦးစီးဌာနက အသေးစိတ်စစ်ဆေးဆောင်ရွက်နေသော နည်းလမ်းများအတိုင်း တိကျစွာ လိုက်နာစစ်ဆေးရန် ပျက်ကွက်မှုကြောင့်ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ မမှန်မကန် စစ်ဆေးဆောင်ရွက်မှုကြောင့်ဖြစ်စေ မော်တော်ယာဉ်နှင့် သက်ဆိုင်သည့် မလိုလားအပ်သော ကိစ္စရပ်များ ပေါ်ပေါက်ခြင်း၊

( ခ) ဦးစီးဌာနက မော်တော်ယာဉ်စစ်ဆေးရေးအလုပ်ရုံသို့ ထုတ်ပေးထားသော လုံခြုံမှုအဆင့်အတန်းဝင် ပစ္စည်းဖြစ်သည့် မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်၊ အဆင့်မြင့်နည်းပညာသုံး မှတ်ပုံတင်အထောက်အထား (RFID sticker or tag) များနှင့် စပ်လျဉ်း၍ ခိုးယူခြင်း၊ မရိုးမသားဆောင်ရွက်ခြင်းနှင့် အလွဲသုံးခြင်း။

၁၇၇။ ဦးစီးဌာနသည် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူက လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် မမှန်မကန် ဖြည့်သွင်းတင်ပြခဲ့ကြောင်း ပြန်လည်စိစစ်တွေ့ရှိပါက ယင်းကို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုရမည်။

## အခန်း(၆)

## ယာဉ်မောင်းလိုင်စင်နှင့်ယာဉ်အကူလိုင်စင်ထုတ်ပေးခြင်း

၁၇၈။ (က) အများပြည်သူဆိုင်ရာနေရာတစ်ခုခု၌ မည်သည့်မော်တော်ယာဉ်ကိုမဆို မောင်းနှင်လိုပါက ထိုယာဉ်မောင်းနှင်သူထံတွင် မိမိအားထုတ်ပေးထားသည့် တရားဝင် သက်တမ်းရှိယာဉ်မောင်းလိုင်စင်ရှိရမည်။ အဆိုပါ ယာဉ်မောင်းလိုင်စင်သည် သက်ဆိုင်သည့် မော်တော်ယာဉ် အမျိုးအစားကို မောင်းနှင်ခွင့်ရှိသည့် လိုင်စင်ဖြစ်ရမည်။

( ခ) ယာဉ်မောင်းလိုင်စင် တစ်မျိုးမျိုး သို့မဟုတ် ယာဉ်အကူလိုင်စင် ရရှိလိုသူသည် ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာလိုင်စင်ထုတ်ပေးသူအရာရှိထံ လျှောက်ထားရမည်။

၁၇၉။ လိုင်စင်ထုတ်ပေးသူအရာရှိသည် နည်းဥပဒေ ၁၇၈ နည်းဥပဒေခွဲ (ခ) အရ လျှောက်ထားချက်ကို လက်ခံရရှိပါက ယာဉ်မောင်းလိုင်စင်၊ အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာဉ်အကူလိုင်စင်များကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခြင်း သို့မဟုတ် စိစစ်ခြင်းပြုလုပ်၍ ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၈၀။ ယာဉ်မောင်းလိုင်စင် အမျိုးအစားများနှင့် မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) "သ" ယာဉ်မောင်းလိုင်စင်သည် မော်တော်ယာဉ် အမောင်းသင်ရန် ထုတ်ပေးသည့် လိုင်စင် ဖြစ်သည်။

( ခ ) "က" ယာဉ်မောင်းလိုင်စင်သည် မော်တော်ဆိုင်ကယ် မောင်းနှင်ခွင့်ပြုသည့် လိုင်စင် ဖြစ်သည်။

(ဂ) "ခ"ယာဉ်မောင်းလိုင်စင်သည် မော်တော်ဆိုင်ကယ်၊ တင်အားသုံးတန်အထိ တင်ဆောင်နိုင်သော ကိုယ်ပိုင်မော်တော်ယာဉ်နှင့် လူ ၁၅ ဦး အထိ တင်ဆောင်နိုင်သော ကိုယ်ပိုင်မော်တော်ယာဉ်တို့ကို မောင်းနှင်ခွင့်ပြုသည့် လိုင်စင်ဖြစ်သည်။

(ဃ) "ဂ" ယာဉ်မောင်းလိုင်စင်သည် သတ်မှတ်ထားသည့် စက်ယန္တရားကို မောင်းနှင်ခွင့်ပြုသည့် လိုင်စင်ဖြစ်သည်။

( င ) "ဃ" ယာဉ်မောင်းလိုင်စင်သည် တက္ကစီယာဉ်နှင့် “ခ” ယာဉ်မောင်းလိုင်စင်၊ “ဌ” ယာဉ်မောင်းလိုင်စင်၊ “ဟ”ယာဉ်မောင်းလိုင်စင်တို့ဖြင့် မောင်းနှင်ခွင့်ရှိသော မော်တော်ယာဉ်များကို မောင်းနှင်ခွင့်ပြုသည့် လိုင်စင်ဖြစ်သည်။

( စ ) "င" ယာဉ်မောင်းလိုင်စင်သည် စက်ယန္တရားမှအပ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော မည်သည့်မော်တော်ယာဉ်ကိုမဆို မောင်းနှင် ခွင့်ပြုသည့် လိုင်စင်ဖြစ်သည်။

(ဆ) "ဌ" ယာဉ်မောင်းလိုင်စင်သည် ထရော်လာဂျီ မောင်းနှင်ခွင့်ပြုသည့် လိုင်စင်ဖြစ်သည်။

( ဇ ) "ဟ" ယာဉ်မောင်းလိုင်စင်သည် မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ် မောင်းနှင်ခွင့်ပြုသည့် လိုင်စင်ဖြစ်သည်။

၁၈၁။ "သ" ယာဉ်မောင်းလိုင်စင် လျှောက်ထားသူသည် အသက် ၁၈ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

၁၈၂။ "သ" ယာဉ်မောင်းလိုင်စင်ရရှိထားသူသည်-

(က) မော်တော်ယာဉ်ကို အမောင်းသင်သည့်အခါ ၎င်း၏နံဘေးတွင် အနိမ့်ဆုံး သက်တမ်းနှစ်နှစ်ပြည့်ပြီးသော “ခ” ယာဉ်မောင်းလိုင်စင် ရရှိထားသူတစ်ဦးပါရှိရမည်။ ထိုသူသည် မော်တော်ယာဉ် အမောင်းသင်နေသူအား ကွပ်ကဲကြပ်မတ်ပေးနိုင်သူ ဖြစ်ရမည်။

( ခ) မော်တော်ယာဉ် အမောင်းသင်နေစဉ် မော်တော်ယာဉ်ပေါ်တွင် လူပိုတင်ဆောင်ခြင်း မပြုရ။

( ဂ) မော်တော်ဆိုင်ကယ် အမောင်းသင်ခြင်းဖြစ်ပါက သက်တမ်းနှစ်နှစ်ပြည့်ပြီးသော “က” ယာဉ်မောင်းလိုင်စင်ရရှိထားသူ၏ မျက်မှောက်တွင် သင်ကြားမှုကိုခံယူ၍ မောင်းနှင်ရမည်။

၁၈၃။ အမောင်းသင်နေကြောင်းသိရှိစေရန် မော်တော်ယာဉ် သို့မဟုတ် မော်တော်ဆိုင်ကယ်တွင် "သင်" ဟု ရေးသားထားသော ဆိုင်းဘုတ်ကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း မော်တော်ယာဉ်၏ ရှေ့နှင့် နောက်တို့တွင် တပ်ဆင်ထားရမည်။ ထိုဆိုင်းဘုတ်သည် မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား ကို ဖုံးကွယ် မနေစေရ။

၁၈၄။ မော်တော်ယာဉ်မောင်းသင်သူသည် "သ" ယာဉ်မောင်းလိုင်စင် စတင်ရရှိသည့်နေ့မှစ၍ ဦးစီးဌာနက သတ်မှတ်သည့်ကာလ ပြည့်မီချိန်တွင် မော်တော်ယာဉ်မောင်း စစ်ဆေးခြင်းကို ခံယူနိုင်သည်။

၁၈၅။ "က" ယာဉ်မောင်းလိုင်စင်၊ "ဂ" ယာဉ်မောင်းလိုင်စင်၊ "ဠ" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဟ" ယာဉ်မောင်းလိုင်စင် ရရှိပြီးသူသည် မော်တော်ယာဉ်အမောင်းသင်လိုပါက "သ" ယာဉ်မောင်းလိုင်စင် ထပ်မံရယူရန်မလိုအပ်ဘဲ နည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ (က)၊ (ခ) နှင့် နည်းဥပဒေ ၁၈၃ တို့နှင့်အညီ အမောင်းသင်နိုင်သည်။

၁၈၆။ "က" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် -

(က) အသက် ၁၈ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

( ခ) ယာဉ်မောင်းလိုင်စင် လျှောက်ထားချိန်တွင် "သ" ယာဉ်မောင်းလိုင်စင် သက်တမ်း အနည်းဆုံး တစ်လပြည့်ပြီးသည့် သက်တမ်းရှိလိုင်စင် ရှိရမည်။

( ဂ) ဦးစီးဌာနက ဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း တက်ရောက်ပြီးသူ သို့မဟုတ် မှတ်ပုံတင်ထားသော မော်တော်ယာဉ်မောင်းသင်တန်း ကျောင်း တစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူ ဖြစ်ရမည်။

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးမှုများ ကိုအောင်မြင်ရမည်။

၁၈၇။ "ခ" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် -

(က) အသက် ၁၈ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

( ခ) ယာဉ်မောင်းလိုင်စင် လျှောက်ထားချိန်တွင် "သ" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "က"ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဂ" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဠ" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဟ" ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး သုံးလပြည့်ပြီးသည့် သက်တမ်းရှိ လိုင်စင်ရှိရမည်။

(ဂ) ဦးစီးဌာနက ဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း တက်ရောက်ပြီးသူ သို့မဟုတ် မှတ်ပုံတင်ထားသော မော်တော်ယာဉ်မောင်းသင်တန်း ကျောင်း တစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူ ဖြစ်ရမည်။

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။

၁၈၈။ "ဂ" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် –

(က) အသက် ၁၈ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

(ခ) ယာဉ်မောင်းလိုင်စင် လျှောက်ထားချိန်တွင် "သ" ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး သုံးလပြည့်ပြီးသည့် သက်တမ်းရှိလိုင်စင် ရှိရမည်။

(ဂ) စက်ယန္တရား မောင်းနှင်ခြင်းအတွက် သတ်မှတ်ထားသော သင်တန်းတက်ရောက်ပြီး ကြောင်း သင်တန်းဆင်းလက်မှတ် တင်ပြရမည်။

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။

၁၈၉။ "ဂ" ယာဉ်မောင်းလိုင်စင်ရရှိသူသည် ယာဉ်မောင်းလိုင်စင် လျှောက်ထားရာတွင် တင်ပြသော သင်တန်းဆင်းလက်မှတ်ပါ သင်ယူတတ်မြောက်ခဲ့သည့် စက်ယန္တရားကိုသာ မောင်းနှင်ရမည်။

၁၉၀။ "ဃ" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် –

(က) အသက်၂၀ နှစ်ပြည့်ပြီးသည့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ ဖြစ်ရမည်။ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့် ရသူဖြစ်ကြောင်း သက်သေခံနိုင်ခြင်းမရှိသည့် အခြားအထောက်အထားများဖြင့် လျှောက်ထားခွင့် မရှိစေရ။

(ခ) ယာဉ်မောင်းလိုင်စင် လျှောက်ထားချိန်တွင် "ခ" ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး သုံးနှစ်ပြည့်ပြီးသည့် သက်တမ်းရှိလိုင်စင် ရှိရမည်။

(ဂ) ဦးစီးဌာနက ဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း တက်ရောက်ပြီးသူ သို့မဟုတ် မှတ်ပုံတင်ထားသော မော်တော်ယာဉ်မောင်းသင်တန်း ကျောင်း တစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူ ဖြစ်ရမည်။

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။

၁၉၁။ "င" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် –

(က) အသက် ၂၃ နှစ် ပြည့်ပြီးသည့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ ဖြစ်ရမည်။ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ်

နိုင်ငံသားပြုခွင့်ရသူဖြစ်ကြောင်း သက်သေခံနိုင်ခြင်းမရှိသည့် အခြားအထောက်အထားများဖြင့် လျှောက်ထားခွင့် မရှိစေရ။

( ခ) "ခ" ယာဉ်မောင်းလိုင်စင် သက်တမ်းငါးနှစ် ပြည့်ပြီးသူ သို့မဟုတ် "ဃ" ယာဉ်မောင်းလိုင်စင်သက်တမ်း နှစ်နှစ် ပြည့်ပြီးသူ သို့မဟုတ် "ခ" ယာဉ်မောင်းလိုင်စင်နှင့် "ဃ" ယာဉ်မောင်းလိုင်စင်တို့၏ စုစုပေါင်းသက်တမ်း ငါးနှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

( ဂ) တင်ပြ "ခ" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဃ" ယာဉ်မောင်းလိုင်စင်သည် သက်တမ်းရှိရမည်။

(ဃ) ဦးစီးဌာနက ဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး သင်တန်းတက်ရောက်ပြီးသူ သို့မဟုတ် မှတ်ပုံတင်ထားသော မော်တော်ယာဉ်ကြီးမောင်းသင်တန်းကျောင်း တစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူဖြစ်ရမည်။

( င) သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။

၁၉၂။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ဤနည်းဥပဒေများနှင့်အညီ ယာဉ်မောင်းလိုင်စင်ရရှိထားသူက ၎င်း၏ဆန္ဒအရ ယာဉ်မောင်းလိုင်စင်ကို အခြားယာဉ်မောင်းလိုင်စင်အမျိုးအစား တစ်မျိုးမျိုးသို့ အဆင့်လျှော့ချ ပြောင်းလဲလိုကြောင်း လျှောက်ထားလာလျှင် စိစစ်ပြီး ခွင့်ပြုနိုင်သည်။

၁၉၃။ "င" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် -

(က) အသက် ၁၈ နှစ် ပြည့်ပြီးသည့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ရမည်။ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ကြောင်း သက်သေခံနိုင်ခြင်းမရှိသည့် အခြားအထောက်အထားများဖြင့် လျှောက်ထားခွင့် မရှိစေရ။

( ခ) ယာဉ်မောင်းလိုင်စင် လျှောက်ထားချိန်တွင် "သ" ယာဉ်မောင်းလိုင်စင် သက်တမ်းအနည်းဆုံး သုံးလ ပြည့်ပြီးသည့် သက်တမ်းရှိလိုင်စင် ရှိရမည်။

( ဂ) ဦးစီးဌာနက ဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းတက်ရောက်ပြီးသူ သို့မဟုတ် မှတ်ပုံတင်ထားသော မော်တော်ယာဉ်မောင်းသင်တန်းကျောင်း တစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူ ဖြစ်ရမည်။

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။

၁၉၄။ "ဟ" ယာဉ်မောင်းလိုင်စင် လျှောက်ထားရယူလိုသူသည် -

(က) အသက် ၁၈ နှစ် ပြည့်ပြီးသည့် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့်ရသူ ဖြစ်ရမည်။ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့် ရသူဖြစ်ကြောင်း သက်သေခံနိုင်ခြင်းမရှိသည့် အခြားအထောက်အထားများဖြင့် လျှောက်ထားခွင့် မရှိစေရ။

(ခ) ယာဉ်မောင်းလိုင်စင် လျှောက်ထားချိန်တွင် “သ” ယာဉ်မောင်းလိုင်စင် သို့မဟုတ် “က” ယာဉ်မောင်းလိုင်စင် သက်တမ်းအနည်းဆုံး သုံးလပြည့်ပြီးသည့် သက်တမ်းရှိ လိုင်စင် ရှိရမည်။

(ဂ) ဦးစီးဌာနက ဖွင့်လှစ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်း တက်ရောက်ပြီးသူ သို့မဟုတ် မှတ်ပုံတင်ထားသော မော်တော်ယာဉ်မောင်းသင်တန်း ကျောင်း တစ်ခုခုမှ ထုတ်ပေးသည့် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူ ဖြစ်ရမည်။

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။

၁၉၅။ (က) "ဂ" ယာဉ်မောင်းလိုင်စင် ရရှိထားသူသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက မော်တော်ယာဉ်မောင်းနှင်ရန်အတွက် အခြားယာဉ်မောင်းလိုင်စင်တစ်မျိုးမျိုးကိုပါ ထပ်မံလျှောက်ထား ရယူနိုင်သည်။

(ခ) "ဌ" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဟ" ယာဉ်မောင်းလိုင်စင် ရရှိထားသူသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက မော်တော်ယာဉ်မောင်းနှင်ရန်အတွက် "ခ" ယာဉ်မောင်းလိုင်စင်ကိုပါ ထပ်မံလျှောက်ထား ရယူနိုင်သည်။

၁၉၆။ (က) အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ် လျှောက်ထားရယူလိုသူသည်–

(၁) နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ရမည်။

(၂) သက်တမ်းရှိ ပြည်တွင်းယာဉ်မောင်းလိုင်စင်နှင့် နိုင်ငံကူးလက်မှတ် တင်ပြရမည်။

(ခ) ဦးစီးဌာန၏ လိုင်စင်ထုတ်ပေးသူအရာရှိသည် အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့် လက်မှတ် ထုတ်ပေးရာတွင် လျှောက်ထားသူ၏ ပြည်တွင်းယာဉ်မောင်းလိုင်စင်အရ မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ်အမျိုးအစားအတိုင်း အပြည်ပြည်ဆိုင်ရာယာဉ် မောင်းနှင်ခွင့်လက်မှတ်ပေါ်တွင် ဖော်ပြပေးရမည်။

၁၉၇။ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ် ရရှိထားသူတစ်ဦးဦးကို မြန်မာနိုင်ငံအတွင်း၌ ယင်းလက်မှတ် သက်တမ်းကုန်ဆုံးသည်အထိ အသိအမှတ်ပြု မောင်းနှင်ခွင့် ပြုရမည်။

၁၉၈။ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် သဘောတူစာချုပ်ဖြင့် အပြန်အလှန် အသိအမှတ်ပြုထားသော နိုင်ငံများက ထုတ်ပေးသည့် သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် ရရှိထားသူကို မြန်မာနိုင်ငံအတွင်း၌ ယင်းလိုင်စင်သက်တမ်း ကုန်ဆုံးသည်အထိ အသိအမှတ်ပြု မောင်းနှင်ခွင့် ပြုရမည်။

၁၉၉။ (က) သက်တမ်းရှိ အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ် ရရှိထားသူ သို့မဟုတ် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် သဘောတူစာချုပ်ဖြင့် အပြန်အလှန် အသိအမှတ်ပြုထားသော နိုင်ငံများကထုတ်ပေးသည့် သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် ရရှိထားသူသည် မြန်မာယာဉ်မောင်းလိုင်စင် ရယူလိုလျှင် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ ယင်းယာဉ်မောင်းလိုင်စင်ကို လျှောက်ထားနိုင်သည်။

( ခ) သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားသူကို သတ်မှတ်ထားသည့် အခကြေးငွေများ ကောက်ခံ၍ "က" ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ခ" ယာဉ်မောင်းလိုင်စင် ထုတ်ပေးနိုင်သည်။

၂၀၀။ အောက်ပါပုဂ္ဂိုလ်များမှအပ ပြည်ပနိုင်ငံတစ်ခုခုက ထုတ်ပေးထားသော ယာဉ်မောင်းလိုင်စင် ရရှိထားသူသည် မြန်မာနိုင်ငံအတွင်း မောင်းနှင်ရန် ယာဉ်မောင်းလိုင်စင် ရယူလိုပါက သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်-

(က) သက်တမ်းရှိ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ် ရရှိထားသူ၊

( ခ) အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် သဘောတူစာချုပ်ဖြင့် အပြန်အလှန် အသိအမှတ်ပြုထားသောနိုင်ငံများက ထုတ်ပေးသည့် သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် ရရှိထားသူ၊

( ဂ) မြန်မာနိုင်ငံအခြေစိုက် ပြည်ပသံရုံးများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေပြီး ပြည်ပနိုင်ငံတစ်ခုခုက ထုတ်ပေးသော သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် ရရှိထားသူ။

၂၀၁။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် နည်းဥပဒေ ၂၀၀ အရ စစ်ဆေးမှု အောင်မြင်သူကို သတ်မှတ်ထားသည့် အခကြေးငွေများ ကောက်ခံ၍ "က” ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ခ" ယာဉ်မောင်းလိုင်စင် ထုတ်ပေးနိုင်သည်။

၂၀၂။ မြန်မာနိုင်ငံအတွင်းသို့ တရားဝင်ခွင့်ပြုချက်ဖြင့် နယ်စပ်ဒေသများမှ ယာယီဝင်ရောက်လာသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကို မောင်းနှင်သည့် နိုင်ငံခြားသား ယာဉ်မောင်းနှင်သူသည် သက်တမ်းရှိ အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ် သို့မဟုတ် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် သဘောတူစာချုပ်ဖြင့် အပြန်အလှန်အသိအမှတ်ပြုထားသော နိုင်ငံများကထုတ်ပေးသည့် သက်တမ်းရှိယာဉ်မောင်းလိုင်စင် မပါရှိပါက သက်ဆိုင်ရာနိုင်ငံက ထုတ်ပေးသော သက်တမ်းရှိ

ယာဉ်မောင်းလိုင်စင်ကိုတင်ပြ၍ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်ရရှိရန် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ လျှောက်ထားရမည်။

၂၀၃။ သက်တမ်းရှိ တပ်မတော်ယာဉ်မောင်းလိုင်စင် ရရှိထားသူသည် သက်တမ်းအလျောက် အောက်ပါယာဉ်မောင်းလိုင်စင် အမျိုးအစားတို့ကို လျှောက်ထားနိုင်သည်-

(က) တပ်မတော်ယာဉ်မောင်းလိုင်စင် သက်တမ်းအနည်းဆုံးတစ်နှစ်ရှိသူသည် "ခ" ယာဉ်မောင်းလိုင်စင်၊

(ခ) တပ်မတော်ယာဉ်မောင်းလိုင်စင် သက်တမ်းအနည်းဆုံးသုံးနှစ်ရှိ၍ စစ်မှုထမ်းခြင်းမှနုတ်ထွက်ပြီးသူသည် "ဃ" ယာဉ်မောင်းလိုင်စင်၊

(ဂ) တပ်မတော်ယာဉ်မောင်းလိုင်စင် သက်တမ်းအနည်းဆုံးငါးနှစ်ရှိ၍ စစ်မှုထမ်းခြင်းမှနုတ်ထွက်ပြီးသူသည် "င" ယာဉ်မောင်းလိုင်စင်။

၂၀၄။ ယာဉ်မောင်းလိုင်စင်ရယူလိုသော တပ်မတော်ယာဉ်မောင်းလိုင်စင် ရရှိထားပြီးသူသည် သတ်မှတ်ထားသော ကျန်းမာရေးအဆင့်အတန်းနှင့် ညီညွတ်ရမည့်အပြင် သတ်မှတ်ထားသည့် စစ်ဆေးမှုများကိုလည်း အောင်မြင်ရမည်။

၂၀၅။ ဦးစီးဌာနသည် မသန်စွမ်းသူများအတွက် ကိုယ်ပိုင်ယာဉ်မောင်းလိုင်စင်အမျိုးအစား သီးခြားသတ်မှတ် ထုတ်ပေးခြင်းကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၂၀၆။ ယာဉ်အကူလိုင်စင် လျှောက်ထားရယူလိုသူသည်-

(က) အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ခ) နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ ဖြစ်ရမည်။ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ကြောင်း သက်သေခံနိုင်ခြင်းမရှိသည့် အခြားအထောက်အထားများဖြင့် လျှောက်ထားခွင့်မရှိစေရ။

(ဂ) သတ်မှတ်ထားသည့် စစ်ဆေးမှုများကို အောင်မြင်ရမည်။

၂၀၇။ ယာဉ်မောင်းလိုင်စင်ရရှိသူသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် အသစ်ထုတ်ပေးသည့်အခါတွင်ဖြစ်စေ၊ သက်တမ်းတိုးသည့်အခါတွင်ဖြစ်စေ၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ် လျှောက်ထားသည့်အခါတွင်ဖြစ်စေ သတ်မှတ်ထားသည့် အခကြေးငွေအပြင် သူတစ်ပါးထိခိုက်မှုအာမခံ ပေးဆောင်ရမည်။

၂၀၈။ ဤနည်းဥပဒေများအရ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင် ရရှိထားသူသည် မှတ်တမ်းတင်ထားသည့် နေရပ်လိပ်စာ ပြောင်းလဲလိုပါက သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ လျှောက်ထားရမည်။

၂၀၉။ ကုန်တင်ယာဉ်(ဝန်လေး)နှင့် အဝေးပြေးခရီးသည်တင်ယာဉ်အဖြစ် အသုံးပြုနေသော မော်တော်ယာဉ်တွင် ယာဉ်အကူပါရှိရမည်။ လိုအပ်ပါက ကုန်တင်ယာဉ်(ဝန်ပေါ့)နှင့် မြို့တွင်းခရီးသည်တင်ယာဉ်တွင်လည်း ယာဉ်အကူကို တာဝန်ပေးအပ်နိုင်သည်။ အဆိုပါ ယာဉ်အကူသည် ဤနည်းဥပဒေများအရ ထုတ်ပေးထားသော ယာဉ်အကူလိုင်စင် ပါရှိရမည်။

၂၁၀။ ယာဉ်အကူများသည် တာဝန်ထမ်းဆောင်နေချိန်တွင် အောက်ပါတို့ကို မပြုရ−

(က) အရက်သေစာ သောက်စားမူးယစ်ခြင်း၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲခြင်း၊

( ခ) ရိုင်းပျစွာဆက်ဆံခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ စော်ကားခြင်း၊

( ဂ) အခြားခရီးသည်တင်ယာဉ်တွင် ခရီးသည်တင်ခြင်း သို့မဟုတ် အခြားကုန်တင်ယာဉ်တွင် ကုန်စည်တင်ခြင်းကို တားမြစ်ခြင်း သို့မဟုတ် တားမြစ်ရန် ကြိုးစားခြင်း၊

(ဃ) ခရီးသည်များ အနှောင့်အယှက် ဖြစ်စေရန်နှင့် စိတ်ပြိုငြင်စေရန် ပြုမူခြင်း၊

( င) သတ်မှတ်ထားသော ယာဉ်စီးခ သို့မဟုတ် ကုန်တင်ခထက် ပိုမိုတောင်းခံခြင်း၊

( စ) ခရီးသည်တင်ယာဉ်တွင် မော်တော်ယာဉ်၏ ဘေးတွင်သော်လည်းကောင်း၊ နောက်ဘက်တွင်သော်လည်းကောင်း ခရီးသည်များ တွဲလောင်းခိုစီးခြင်း၊ မော်တော်ယာဉ်၏ အမိုးပေါ်တွင် တက်ရောက်စီးနင်းခြင်းများကို ခွင့်ပြုခြင်း၊

(ဆ) မော်တော်ယာဉ်ပေါ်မှ ပစ္စည်းများအောက်သို့ မကျစေရန်လည်းကောင်း၊ မော်တော်ယာဉ်ပေါ်ရှိ အရာဝတ္ထုများ အပြင်သို့ သတ်မှတ်ခွင့်ပြုချက်ထက်ပို၍ အစွန်းထွက်ခြင်း မရှိစေရန်လည်းကောင်း ကြိုတင်ဆောင်ရွက်မှု မရှိခြင်း၊

( ဇ) မီးသတ်ဆေးဘူး၊ တူ၊ ပုဆိန်၊ ကြမ်းတုံး၊ ရပ်နားတြိဂံ၊ ရှေးဦးသူနာပြုဆေးသေတ္တာ တို့အပါအဝင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ပါရှိရမည့် ကိရိယာ တန်ဆာပလာများကို ကြိုတင်စစ်ဆေးမှု မရှိခြင်း၊

( ဈ) မိမိလိုက်ပါသည့် မော်တော်ယာဉ်တွင် ခရီးသည်ကျန်ခဲ့သော ပစ္စည်းများကို တွေ့ရှိလျှင် ရဲစခန်း သို့မဟုတ် သက်ဆိုင်ရာသို့ လွှဲအပ်ရန် ပျက်ကွက်ခြင်း၊

(ည) ကူးစက်ရောဂါရှိသူမှတစ်ပါး နာမကျန်းဖြစ်နေသူ သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိနေသူကို ခရီးသည်တင်ယာဉ်တွင် ခရီးသည်အဖြစ် လက်ခံရန် ငြင်းဆိုခြင်း၊

( ဋ) တစ်ကိုယ်ရည်သန့်ရှင်းမှုမရှိခြင်း၊ ဝတ်စားဆင်ယင်မှုမပြည့်စုံခြင်း သို့မဟုတ် မသေသပ်ခြင်း၊

( ၄) ယာဉ်မတော်တဆမှုဖြစ်ပွားပါက ကိုယ်လွတ်ရုန်း ရှောင်ပြေးပြီး တာဝန်ရှိသူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

( ၃) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့်စည်းကမ်းချက်များကို လိုက်နာမှုမရှိခြင်း။

၂၁၁။ “င” ယာဉ်မောင်းလိုင်စင် ရရှိထားသူသည် လိုအပ်လျှင် ယာဉ်အကူတာဝန်ကိုပါ ထမ်းဆောင်နိုင်သည်။

၂၁၂။ ယာဉ်မောင်းလိုင်စင်၊ အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာဉ်အကူလိုင်စင် လျှောက်ထားသူတို့သည် ကျန်းမာရေး ကောင်းမွန်ရမည်။

၂၁၃။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင်၊ အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ် သို့မဟုတ် ယာဉ်အကူလိုင်စင် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ညီညွတ်ပါက သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်းစေ၍ လျှောက်ထားသည့် လိုင်စင်အမျိုးအစားကို ထုတ်ပေးရမည်။

၂၁၄။ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်၏ သက်တမ်းသည် ဦးစီးဌာနက သတ်မှတ်သည့် အတိုင်း ဖြစ်သည်။

၂၁၅။ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ရရှိသူသည် မိမိ၏လိုင်စင်ကို အခြားသူအား လွှဲပြောင်း အသုံးပြုစေခြင်း မပြုရ။

၂၁၆။ ယာဉ်မောင်းနှင်သူ သို့မဟုတ် ယာဉ်အကူသည် တာဝန်ထမ်းဆောင်ချိန်အတွင်း မိမိလိုင်စင်ကို အမြဲတမ်း ကိုင်ဆောင်ထားရမည်။ စစ်ဆေးရန်တာဝန်ရှိသူက ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကို စစ်ဆေးရန် တောင်းဆိုလျှင် ပြသရမည်။

၂၁၇။ (က) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ရရှိထားသူသည် သက်တမ်းကုန်ဆုံးရက်မတိုင်မီ ရက်ပေါင်း ၉၀ အတွင်း သက်ဆိုင်ရာလိုင်စင်ထုတ်ပေးသူ အရာရှိထံ သက်တမ်းတိုး လျှောက်ထားနိုင်သည်။

( ခ) သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဦးစီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်လျှင် ယင်းယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကို သက်တမ်းတိုးပေးရမည်။ ဦးစီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် သက်တမ်းတိုးခြင်းကို ငြင်းပယ်ရမည်။ ယင်းသို့ ငြင်းပယ်လျှင် မည်သည့်အကြောင်း

ကြောင့် ငြင်းပယ်ခြင်းဖြစ်ကြောင်း ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ရရှိထားသူကို အကြောင်းကြားရမည်။

(ဂ) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် သက်တမ်းကုန်ဆုံးပြီးမှ သက်တမ်းတိုး ဆောင်ရွက်ပါက သတ်မှတ်ထားသည့် အခကြေးငွေအပြင် ဒဏ်ကြေးငွေကိုပါ ပေးဆောင်ရမည်။

(ဃ) လိုင်စင်ထုတ်ပေးသူအရာရှိသည် အခြားလိုင်စင်ထုတ်ပေးသူအရာရှိက ထုတ်ပေးထားသော ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကို နေရပ်လိပ်စာပြောင်း ဆောင်ရွက်ပေးပါက ယင်းသို့ ပြုလုပ်ပေးကြောင်းကို ဦးစီးဌာနနှင့် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ အကြောင်းကြားရမည်။

၂၁၈။ (က) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ပျောက်ဆုံးသူသည် သက်ဆိုင်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ထောက်ခံချက်ကိုရယူ၍ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူ လိုင်စင် မိတ္တူရရှိရန် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ လျှောက်ထားနိုင်သည်။

( ခ) သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ဦးစီးဌာနက သတ်မှတ်သော အမိန့်၊ ညွှန်ကြားချက်နှင့်အညီ စိစစ်ဆောင်ရွက်၍ သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်း စေပြီး ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် မိတ္တူကိုထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် မိတ္တူထုတ်ပေးချိန်မှစ၍ မူလထုတ်ပေးထားသည့် လိုင်စင်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

( ဂ) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ပျောက်ဆုံးသူသည် မိတ္တူ ရယူပြီး နောက် ပျောက်ဆုံးခဲ့သည့် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ပြန်လည် ရရှိလျှင် သက်ဆိုင်ရာ ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ ပြန်လည်သတင်းပေးရမည်ဖြစ်ပြီး သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ မပျက်မကွက် ပြန်လည် အပ်နှံရမည်။

(ဃ) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ပျက်စီးပါက မိတ္တူရရှိရန် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ လျှောက်ထားနိုင်သည်။ ယင်းသို့ လျှောက်ထားသည့်အခါ ပျက်စီးနေသည့် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူ လိုင်စင် ပူးတွဲတင်ပြ အပ်နှံရမည်။

၂၁၉။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင် ရရှိထားသူက အောက်ပါကိစ္စရပ် တစ်ခုခုနှင့် ငြိစွန်းနေသည်ဟု ယုံကြည်လျှင် ယင်းယာဉ်မောင်းလိုင်စင်ကို ငါးနှစ်ထက်မပိုသော ကာလအပိုင်းအခြားအထိ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည်–

(က) သတ်မှတ်ထားသည့် သွေးတွင်းအရက်ပါဝင်မှုပမာဏ (Blood Alcohol Concentration – BAC) ထက်ကျော်လွန်၍ သောက်စားပြီး မော်တော်ယာဉ် မောင်းနှင်ခြင်း သို့မဟုတ် မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲ၍ မောင်းနှင်ခြင်း၊

( ခ) မော်တော်ယာဉ်ကို မဆင်မခြင် မောင်းနှင်ခြင်း သို့မဟုတ် ဘေးအန္တရာယ် ဖြစ်စေနိုင်သည်အထိ မောင်းနှင်ခြင်း၊

( ဂ) အခြားခိုင်လုံသည့် အကြောင်းကြောင့် မော်တော်ယာဉ်ကို လမ်းခရီးတွင် ဆက်လက် မောင်းနှင်ခွင့်ပြုရန် မသင့်လျော်သူဟု ဦးစီးဌာနက ဆုံးဖြတ်ခြင်းခံရသူ ဖြစ်ခြင်း၊

(ဃ) ဥပဒေပုဒ်မ ၈၄ နှင့် ပုဒ်မ ၈၅ ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ရပ်နားထားခြင်း၊

( င) မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရေးယူပိုင်သော ပြစ်မှုတစ်ခုခု ကျူးလွန်ရာတွင် ပါဝင်သည့် မော်တော်ယာဉ်ကို အသုံးပြုလျက်ရှိသူ သို့မဟုတ် အသုံးပြုခဲ့သူဖြစ်ခြင်း၊

( စ) နည်းဥပဒေ ၂၂၃ အရ ပြစ်မှုမှတ်တမ်းရှိခြင်း၊

(ဆ) ဥပဒေပုဒ်မ ၃၇ ပါ အပြစ်ပေးအရေးယူသည့် စနစ်အရ ဆောင်ရွက်ရန် လိုအပ်သူဖြစ်ခြင်း၊

( ဇ) မော်တော်ယာဉ်ကို မဆင်မခြင်မောင်းနှင်၍ လူသေစေသည်အထိ ယာဉ်တိုက်မှု ကျူးလွန်သူ ဖြစ်ခြင်း၊

( ဈ) စိတ်ကြောင့်ဖြစ်စေ၊ ကိုယ်ကြောင့်ဖြစ်စေ မော်တော်ယာဉ်ကို မောင်းနှင်ရန် လုံးဝ မသင့်လျော်သူ ဖြစ်ခြင်း၊

(ည) အခြားခိုင်လုံသည့် အကြောင်းကြောင့် မော်တော်ယာဉ်ကို ရာသက်ပန် ဆက်လက် မောင်းနှင်ခွင့်ပြုရန် မသင့်လျော်သူဟု ဦးစီးဌာနက ဆုံးဖြတ်ခြင်း ခံရသူဖြစ်ခြင်း။

၂၂၀။ နည်းဥပဒေ ၂၁၉ အရ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ခံရသောသူသည် ယာဉ်မောင်းလိုင်စင်ကို သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ မပျက်မကွက် ပြန်လည်အပ်နှံရမည်။

၂၂၁။ လိုင်စင်ထုတ်ပေးသူအရာရှိသည်–

(က) နည်းဥပဒေ ၂၁၀ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သည့် ယာဉ်အကူ၏ ယာဉ်အကူလိုင်စင်ကို ငါးနှစ်ထက်မပိုသော ကာလအပိုင်းအခြားအထိ ယာယီရပ်ဆိုင်း နိုင်သည်။

( ခ) ယာယီရပ်ဆိုင်းသည့်ကာလ ပြည့်မြောက်လျှင် အဆိုပါ ယာဉ်အကူကို သတ်မှတ်ချက် များနှင့်အညီ စစ်ဆေး၍ ယာဉ်အကူလိုင်စင် ပြန်လည်ထုတ်ပေးနိုင်သည်။

၂၂။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် သက်တမ်းကုန်ဆုံးပြီး သက်တမ်းတိုးရန် ငါးနှစ်အထိ ပျက်ကွက်သည့် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကို ယာယီဖျက်သိမ်းစာရင်းသွင်းရမည်။ ယင်းယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကို သက်တမ်းတိုး ပြန်လည်လျှောက်ထားပါက သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး အောင်မြင်ပါက သတ်မှတ်ထားသည့် အခကြေးငွေနှင့် ဒဏ်ကြေးငွေများ ပေးသွင်းစေ၍ ပြန်လည်ထုတ်ပေးနိုင်သည်။

၂၃။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်စုံတစ်ရာကို အရေးယူခြင်း သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းပြုသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာတရားရုံးသည် ယင်းသို့အရေးယူခြင်း သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရသူနှင့် သက်ဆိုင်သော အချက်အလက်များကို သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ ဆောလျင်စွာ အကြောင်းကြားရမည်။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် အဆိုပါအကြောင်းကြားချက်ကို ရရှိလျှင် မော်တော်ယာဉ် မောင်းနှင်ခြင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုမှတ်တမ်းထားရှိရန်အလို့ငှာ ဦးစီးဌာနသို့ တင်ပြရမည်။

၂၄။ လိုင်စင်ထုတ်ပေးသူအရာရှိသည် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သူ၏ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကို ကျူးလွန်သည့် ပြစ်မှုအလိုက် ယာယီရပ်ဆိုင်းခြင်းဖြစ်စေ၊ ဖျက်သိမ်းခြင်းဖြစ်စေ ပြုနိုင်သည်။

၂၅။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာယီရပ်ဆိုင်းခြင်းခံရသည့် ယာဉ်မောင်းလိုင်စင်အတွက် သတ်မှတ်ကာလ ပြည့်မြောက်လျှင် ထိုယာဉ်မောင်းလိုင်စင် ရရှိသူအား သတ်မှတ်ထားသည့် စစ်ဆေးခြင်းများ အောင်မြင်မှသာ ယာဉ်မောင်းလိုင်စင် ပြန်လည်ထုတ်ပေးရမည်။

## အခန်း(၇)

## မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း

၂၆။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် မော်တော်ယာဉ်မောင်းသင်တန်းကျောင်း လုပ်ငန်းလိုင်စင်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးမှတစ်ဆင့် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၇။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် –

(က) နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ရမည်။

(ခ) ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ တရားဝင် မှတ်ပုံတင်ထားသော နိုင်ငံသားပိုင် ကုမ္ပဏီ ဖြစ်ရမည်။ နိုင်ငံခြားကုမ္ပဏီ မဖြစ်ရ။

(ဂ) သင်ကြားပို့ချမှုအတွက် လုံလောက်စွာ ကျယ်ဝန်းသည့် သင်တန်းခန်းမနှင့် ပရိဘောဂများ ပြည့်စုံစွာ ရှိရမည်။

(ဃ) အမောင်းသင်ရန် အသုံးပြုသည့် မော်တော်ယာဉ်၊ သင်ကြားမှု အထောက်အကူပြု ပစ္စည်းများ၊ သရုပ်ပြကိရိယာများ၊ လုံလောက်သည့် မြေဧရိယာအကျယ်အဝန်းနှင့် အဆောက်အအုံများရှိရမည်။

၂၂၈။ မော်တော်ယာဉ်မောင်းနည်းပြသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) မော်တော်ယာဉ်မောင်းနည်းပြအတွက် အနည်းဆုံးသက်တမ်းငါးနှစ်ရှိသော “င” ယာဉ်မောင်းလိုင်စင်ရရှိထားသူ သို့မဟုတ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်မောင်းနည်းပြ အသိအမှတ်ပြုလက်မှတ်ရရှိ ထားသူဖြစ်ရမည်။

( ခ) မော်တော်ယာဉ်ကြီးမောင်းနည်းပြအတွက် အနည်းဆုံးသက်တမ်းငါးနှစ်ရှိသော “င” ယာဉ်မောင်းလိုင်စင် ရရှိထားသူ ဖြစ်ရမည်။

( ဂ) ဦးစီးဌာနက သတ်မှတ်သည့် ပညာအရည်အချင်းရှိသူ ဖြစ်ရမည်။

(ဃ) စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းသူ ဖြစ်ရမည်။

( င) အမြင်အာရုံ ကောင်းမွန်သူ ဖြစ်ရမည်။

( စ) ယခင် ယာဉ်မောင်းနှင်ခဲ့မှု မှတ်တမ်းအရ ပြစ်မှုကျူးလွန်ထားခြင်းမရှိသူ ဖြစ်ရမည်။

(ဆ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ကောင်းမွန်စွာ သိရှိနားလည်သူဖြစ်ရမည်။

( ဇ) ဆက်ဆံရေးကောင်းမွန်ပြေပြစ်သူ ဖြစ်ရမည်။

( ဈ) သင်ကြားမှုစွမ်းရည်ကောင်းမွန်သူ ဖြစ်ရမည်။

၂၂၉။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည်-

(က) သင်တန်းခန်းမ အကျယ်အဝန်းနှင့် ညီညွတ်ရမည့် အင်္ဂါရပ်များနှင့် စပ်လျဉ်း၍ ဦးစီး ဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

( ခ) သတ်မှတ်သင်တန်းသားဦးရေအလိုက် လက်တွေ့ယာဉ်မောင်းနှင်မှု သင်ကြားပေး ရန် သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသော မော်တော်ယာဉ်မောင်းနည်းပြကို သတ်မှတ်အရေအတွက်နှင့်အညီ ထားရှိရမည်။

(ဂ) မော်တော်ယာဉ်မောင်းနှင်ခြင်းအား လက်တွေ့မောင်းနှင်သင်ကြားပေးရေးအတွက် အနည်းဆုံး ၂၄ဂဂဂ စတုရန်းပေ ကျယ်ဝန်းသော မော်တော်ယာဉ်မောင်းနှင်နိုင်သည့် လေ့ကျင့်ကွင်း ရှိရမည်။ မော်တော်ယာဉ်ကြီးမောင်းသင်တန်းအတွက် အနည်းဆုံး

၈၇၀၀၀ စတုရန်းပေ (နှစ် ဧကေ) ကျယ်ဝန်းသော မော်တော်ယာဉ် မောင်းနှင်နိုင်သည့် လေ့ကျင့်ကွင်းရှိရမည်။

(ဃ) လက်တွေ့ယာဉ်မောင်းသင်ကြားမည့် လေ့ကျင့်ရေးကွင်းပါ ပတ်လမ်းများသည် မော်တော်ယာဉ်မောင်းနှင်သည့် လမ်းတစ်ခု၏ အင်္ဂါရပ်နှင့်အညီ သေသပ်စွာ တည်ဆောက်ထားသော ပတ်လမ်းဖြစ်ရမည်။

(င) လေ့ကျင့်ရေးကွင်းရှိ ပတ်လမ်းများတွင် စံချိန်စံညွှန်းများနှင့် ကိုက်ညီသော လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ ပြည့်စုံစွာ တပ်ဆင်ထားရှိရမည်။

(စ) လေ့ကျင့်ကွင်း ငှားရမ်းအသုံးပြုမည်ဆိုပါက တစ်နှစ်စာအတွက် ငှားရမ်းပေးသူ၏ သုံးစွဲခွင့်ပြုထားကြောင်း အထောက်အထားပါရှိရမည်။

(ဆ) အနည်းဆုံး Simulator တစ်ခုအပါအဝင် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ တပ်ဆင်သင်ကြားပေးရမည်။

၂၃၀။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းများတွင် အသုံးပြုသင်ကြားမည့် မော်တော်ယာဉ်ဆိုင်ရာလိုအပ်ချက်များသည် ဦးစီးဌာနက သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

၂၃၁။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးသည် နည်းဥပဒေ ၂၂၆ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ နည်းဥပဒေ ၂၂၇၊ ၂၂၈၊ ၂၂၉ နှင့် ၂၃၀ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းသို့ ကွင်းဆင်း စစ်ဆေးရမည်။

၂၃၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးသည် နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်တို့ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံမှုရှိမှသာ စစ်ဆေးတွေ့ရှိချက်နှင့် သုံးသပ်ချက်တို့ကိုဖော်ပြ၍ ဦးစီးဌာနသို့ တင်ပြရမည်။

၂၃၃။ ဦးစီးဌာနသည် မော်တော်ယာဉ်မောင်းသင်တန်းကျောင်း လုပ်ငန်းလိုင်စင် လျှောက်ထားချက်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်နှင့် သုံးသပ်ချက်တို့အပေါ် လိုအပ်သလို စိစစ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မော်တော်ယာဉ်မောင်းသင်တန်းကျောင်း လုပ်ငန်းလိုင်စင် ထုတ်ပေးသင့်ကြောင်း စိစစ်တွေ့ရှိရလျှင် သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ကြေး ပေးသွင်းစေရန် လျှောက်ထားသူကို အသိပေး အကြောင်းကြားရမည်။

( ခ) သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စိစစ်တွေ့ရှိရလျှင် လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းဆိုနိုင်သည်။ ယင်းသို့ ငြင်းဆိုပါက မည်သည့်အကြောင်းကြောင့် လုပ်ငန်းလိုင်စင် ထုတ်မပေးခြင်းဖြစ်ကြောင်း လျှောက်ထားသူကို အသိပေးအကြောင်းကြားရမည်။

( ဂ) လုပ်ငန်းလိုင်စင်လျှောက်ထားသူက လုပ်ငန်းလိုင်စင်ကြေး ပေးသွင်းပြီးကြောင်း အထောက်အထားတင်ပြလျှင် လုပ်ငန်းလိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များ ပါရှိသည့် မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၂၃၄။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်း လုပ်ငန်းလိုင်စင်သက်တမ်းသည် ပြက္ခဒိန်နှစ် အတိုင်း တစ်နှစ် ဖြစ်သည်။ လုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးရက်သည် ဒီဇင်ဘာလ ၃၁ ရက် ဖြစ်ရမည်။

၂၃၅။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်း လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြှင့်လိုပါက လုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးရက်မတိုင်မီ သုံးလအတွင်း သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ပြန်လည်လျှောက်ထားရမည်။ လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးမှ လျှောက်ထားပါက သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ကြေးအပြင် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၂၃၆။ ဦးစီးဌာနသည် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်၍ ညီညွတ်ပါက သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ကြေး ပေးသွင်းစေပြီး သက်တမ်းတိုးပေးနိုင်သည်။

၂၃၇။ ဦးစီးဌာနသည် မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်သူက လုပ်ငန်းလိုင်စင် ပျောက်ဆုံးကြောင်း သတ်မှတ်အထောက်အထားများဖြင့် တင်ပြလျှောက်ထားမှုအပေါ် စိစစ်ပြီး မှန်ကန်ပါက သတ်မှတ်ထားသည့် ဒဏ်ကြေးငွေကောက်ခံ၍ မိတ္တူထုတ်ပေးရမည်။ မိတ္တူဖြစ်ကြောင်း ပေါ်လွင်စေရန် ဦးစီးဌာနက သတ်မှတ်ပေးရမည်။

၂၃၈။ ဦးစီးဌာနသည် မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်သူက လုပ်ငန်းလိုင်စင်တွင် ခွင့်ပြုထားသည့် သင်တန်းကျောင်းအမည်ပြောင်း လျှောက်ထားမှုအပေါ် စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် အခကြေးငွေ ကောက်ခံ၍ အမည်ပြောင်းဆောင်ရွက်ပေးရမည်။

၂၃၉။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်း လုပ်ငန်းလိုင်စင် ရရှိသူသည်-

(က) လုပ်ငန်းလိုင်စင်သက်တမ်း ကုန်ဆုံးရက် ကျော်လွန်၍ လုပ်ကိုင်ခြင်းမပြုရ။

( ခ) လုပ်ငန်းလိုင်စင်ကို အခြားသူသို့ လွှဲပြောင်းခြင်းမပြုရ။

( ဂ) လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

၂၄၀။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သက်တမ်းရှိ "သ"ယာဉ်မောင်းလိုင်စင် သို့မဟုတ် "က"ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဂ"ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဋ"ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဟ"ယာဉ်မောင်းလိုင်စင် တစ်ခုခု လက်ဝယ်ရှိမှသာ မော်တော်ယာဉ်မောင်းသင်တန်းသားအဖြစ် လက်ခံသင်ကြားပေးရမည်။ မော်တော်ယာဉ်ကြီးမောင်းသင်တန်းအတွက် သက်တမ်းရှိ "ခ"ယာဉ်မောင်းလိုင်စင် သို့မဟုတ် "ဃ" ယာဉ်မောင်းလိုင်စင်တစ်ခုခု လက်ဝယ်ရှိမှသာ မော်တော်ယာဉ်မောင်းသင်တန်းသားအဖြစ် လက်ခံသင်ကြားပေးရမည်။

( ခ) သင်တန်းနည်းပြဦးရေနှင့် လိုက်လျောညီထွေမှုရှိသည့် သင်တန်းသားဦးရေကိုသာ လက်ခံသင်ကြားရမည်။

( ဂ) သင်တန်းတက်ရောက်ရန် စာရင်းသွင်းထားသော သင်တန်းသားများကိုသာ သင်ကြားပေးရမည်။

(ဃ) သင်တန်းတက်ရောက်မှုမှတ်တမ်း၊ လက်တွေ့ယာဉ်မောင်းသင်ကြားချိန်မှတ်တမ်း၊ သင်တန်းဆင်းလက်မှတ်နှင့် သင်တန်းကြေး လက်ခံငွေရပြေစာများ ထားရှိရမည်။

( င) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးသို့ သင်တန်းသားအမည်စာရင်းကို ပေးပို့ရမည်။

( စ) ဦးစီးဌာနက သတ်မှတ်သည့် သင်ရိုးညွှန်းတမ်း၊ သင်ရိုးဇယားနှင့် သင်တန်းကာလ၊ စာတွေ့၊ လက်တွေ့ သင်ကြားရမည့် နာရီချိန်များကို ပြည့်မီအောင် သင်ကြားရမည်။ ထို့အပြင် မော်တော်ယာဉ်မောင်းသင်တန်းကျောင်း တစ်ခုချင်းအလိုက် မိမိအစီအစဉ်ဖြင့် ဖြည့်စွက်သင်ကြားနိုင်သည်။

(ဆ) အန္တရာယ်ကင်းရှင်းစေရေးအတွက် ဦးစီးဌာနက သတ်မှတ်ပေးသည့် စည်းကမ်းချက်များ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၂၄၁။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်သူသည်-

(က) အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူကို သင်တန်းဆင်းလက်မှတ် ထုတ်ပေးနိုင်သည်-

(၁) မော်တော်ယာဉ်မောင်းသင်တန်းကို ပြီးမြောက်အောင်မြင်စွာ တက်ရောက်သူ ဖြစ်ခြင်း၊

(၂) မော်တော်ယာဉ်ကို အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်သူ ဖြစ်ရမည့်အပြင် လမ်းအသုံးပြုသူများ အချင်းချင်း စာနာစိတ်ထားရှိနိုင်သူ ဖြစ်ခြင်း၊

(၃) ယာဉ်မောင်းနှင်သူတိုင်းလိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များပါ သတ်မှတ်ချက်များကို ကောင်းစွာနားလည်လိုက်နာသူ ဖြစ်ခြင်း၊

( ခ) မော်တော်ယာဉ်မောင်းသင်တန်း တက်ရောက်ခြင်းမရှိသူ၊ မော်တော်ယာဉ်မောင်းသင်တန်းကို ပြီးမြောက်အောင်မြင်စွာ တက်ရောက်ခြင်း မရှိသူများကို သင်တန်းဆင်းလက်မှတ် ထုတ်ပေးခြင်းမပြုရ။

၂၄၂။ ဦးစီးဌာနသည် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ လိုက်နာရန်ပျက်ကွက်သော မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ၏ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုလုပ်နိုင်သည်။

၂၄၃။ ဦးစီးဌာနသည် မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်းတွင် သတ်မှတ်ချက်များနှင့် ပြည့်စုံညီညွတ်မှု ရှိ မရှိ စစ်ဆေးနိုင်သည်။

၂၄၄။ ဦးစီးဌာနသည် မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍–

(က) လိုအပ်ပါက မော်တော်ယာဉ်မောင်းသင်ကြားခြင်း အတတ်သင်ကြားခ (သင်တန်းကြေး) ကို သတ်မှတ်ပေးနိုင်သည်။

(ခ) လိုအပ်သည့် အမိန့်နှင့် ညွှန်ကြားချက်များ ချမှတ်ပေးနိုင်သည်။

## အခန်း(၈)

## နယ်စပ်ဖြတ်ကျော် ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်

၂၄၅။ ဦးစီးဌာနသည် ဒေသဆိုင်ရာသဘောတူစာချုပ်များအရ မြန်မာနိုင်ငံအတွင်းသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် ပြည်ပမှတ်ပုံတင် မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ပြည်ပသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် ပြည်တွင်း မှတ်ပုံတင် မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ ဖြစ်စေ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်–

(က) မော်တော်ယာဉ်သွားလာမှုဆိုင်ရာစည်းကမ်းများ သတ်မှတ်ခြင်း၊ ပြောင်းလဲခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်း၊

( ခ) မော်တော်ယာဉ်၊ ယာဉ်မောင်းနှင်သူနှင့် ယာဉ်အကူတို့အတွက် လိုအပ်သည့် စာရွက်စာတမ်းနှင့် အထောက်အထားများ သတ်မှတ်ခြင်း၊ ပြောင်းလဲခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်း၊

( ဂ) မော်တော်ယာဉ်အမျိုးအစားနှင့် နည်းပညာဆိုင်ရာစံနှုန်းများ သတ်မှတ်ခြင်း၊ ပြောင်းလဲခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်း။

၂၄၆။ (က) စာချုပ်ဝင်နိုင်ငံ၌ မှတ်ပုံတင်ထားသည့် ပြည်ပမော်တော်ယာဉ်သည် မြန်မာနိုင်ငံအတွင်း ဝင်ထွက်သွားလာခြင်း သို့မဟုတ် ဖြတ်သန်းသွားလာခြင်း ပြုသည့်အခါ အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်ရမည်-

(၁) သက်ဆိုင်ရာစာချုပ်ဝင်နိုင်ငံ၏ အာဏာပိုင်က ခွင့်ပြုသော မော်တော်ယာဉ်ဖြစ်ရမည်။ အဆိုပါ မော်တော်ယာဉ်အတွက် သဘောတူစာချုပ်အရ သတ်မှတ်ထားသည့် စာရွက်စာတမ်းနှင့် အထောက်အထားများ ပြည့်စုံစွာ ပါရှိရမည်။

(၂) မော်တော်ယာဉ် အမျိုးအစားနှင့် နည်းပညာဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များသည် သဘောတူစာချုပ်များကို အခြေခံ၍ မြန်မာနိုင်ငံက သတ်မှတ်ထားသည့် အတိုင်းဖြစ်ရမည်။

(၃) သဘောတူစာချုပ်များအရ မြန်မာနိုင်ငံက သတ်မှတ်ထားသည့် အခကြေးငွေများ ပေးဆောင်ရမည်။

( ခ) နည်းဥပဒေခွဲ(က)ပါ မော်တော်ယာဉ်ကိုမောင်းနှင်သည့် ယာဉ်မောင်းနှင်သူသည်-

(၁) သက်ဆိုင်ရာ စာချုပ်ဝင်နိုင်ငံ၏ အာဏာပိုင်က ခွင့်ပြုသော ယာဉ်မောင်းနှင်သူဖြစ်ရမည်။

(၂) ဒေသဆိုင်ရာသဘောတူစာချုပ်အရ အပြန်အလှန်အသိအမှတ်ပြုသော သက်တမ်းရှိယာဉ်မောင်းလိုင်စင် သို့မဟုတ် အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်ရှိရမည်။

(၃) မြန်မာနိုင်ငံ၏ ယာဉ်သွားလာမှုဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(၄) မြန်မာနိုင်ငံနယ်မြေဒေသရှိ ခရီးသည်နှင့် ကုန်စည်များကို မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေအတွင်း တစ်နေရာမှတစ်နေရာသို့ သယ်ယူပို့ဆောင်ခြင်း မပြုရ။

( ဂ) နည်းဥပဒေခွဲ(က)ပါ မော်တော်ယာဉ်တွင် ယာဉ်အကူအဖြစ်လိုက်ပါသည့် ယာဉ်အကူအတွက် သက်ဆိုင်ရာစာချုပ်ဝင်နိုင်ငံ၏ အာဏာပိုင်က ထုတ်ပေးထားသော အထောက်အထား ပါရှိရမည်။

၂၄၇။ နည်းဥပဒေ ၂၄၆ ပါ မော်တော်ယာဉ်၊ ယာဉ်မောင်းနှင်သူနှင့် ယာဉ်အကူတို့အတွက် သက်ဆိုင်ရာစာချုပ်ဝင်နိုင်ငံက ထုတ်ပေးသည့် စာရွက်စာတမ်းများ၊ အထောက်အထားများသည် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားခြင်း မရှိပါက အင်္ဂလိပ်ဘာသာပြန်ဆိုချက် ပူးတွဲပါရှိရမည်။

၂၄၈။ ဒေသဆိုင်ရာသဘောတူစာချုပ်၏ စာချုပ်ဝင်နိုင်ငံ၌ မှတ်ပုံတင်ထားပြီး ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ တင်ဆောင်လာသည့် ပြည်ပမော်တော်ယာဉ်များ မြန်မာနိုင်ငံအတွင်း ဝင်ထွက်သွားလာခြင်း သို့မဟုတ် ဖြတ်သန်းသွားလာခြင်းနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၂၄၆ ပါ သတ်မှတ်ချက်များအပြင် အောက်ပါသတ်မှတ်ချက်များနှင့်လည်း ညီညွတ်ရမည်-

(က) ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီ၏ သီးခြားခွင့်ပြုချက် ရယူရမည်။

( ခ) ယာဉ်မောင်းနှင်သူသည် ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ တင်ဆောင်မည့် မော်တော်ယာဉ်ကို မောင်းနှင်ရန် ဒေသဆိုင်ရာ သဘောတူစာချုပ်အရ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံပြီး သတ်မှတ်အထောက်အထားများ ပြည့်စုံစွာပါရှိရမည်။

( ဂ) ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်ဖြစ်ကြောင်း သိသာထင်ရှားစေရန် ယာဉ်အမှတ်အသား(Vehicle Marking)၊ ကွန်တိန်နာအမှတ်အသား (Container Marking)နှင့် တိုင်ကီအမှတ်အသား(Tank Marking)များကိုလည်းကောင်း၊ ကုန်ပစ္စည်းအမျိုးအစားအလိုက် အန္တရာယ်ကင်းရှင်းစေရန် ထုပ်ပိုးခြင်း (Packaging)၊ တံဆိပ်ကပ်ခြင်း(Labelling)၊ ကုန်တင်ခြင်း(Loading)နှင့် ကုန်ချခြင်း(Unloading)များကိုလည်းကောင်း သဘောတူစာချုပ်ပါသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရမည်။

(ဃ) ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ တင်ဆောင်လာစဉ် မတော်တဆမှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်အစီအမံများ၊ အန္တရာယ်ကင်းရှင်းစေရေးလိုအပ်သည့် ပစ္စည်းကိရိယာများ (Safety Equipment) ကို ပြည့်စုံစွာ ကြိုတင်ပြင်ဆင်ထားရမည်။

၂၄၉။ ဒေသဆိုင်ရာ သဘောတူစာချုပ်အရ မဟုတ်သည့် ပြည်ပနိုင်ငံ မှတ်ပုံတင်မော်တော်ယာဉ်များ မြန်မာနိုင်ငံအတွင်းသို့ ဝင်ထွက်သွားလာခြင်း သို့မဟုတ် ဖြတ်သန်းသွားလာခြင်းနှင့် စပ်လျဉ်း၍ အောက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်ရမည်-

(က) မော်တော်ယာဉ်၊ ယာဉ်မောင်းနှင်သူနှင့် ယာဉ်အကူတို့သည်လည်းကောင်း၊ မော်တော်ယာဉ်ဖြင့် လိုက်ပါလာမည့် လူပုဂ္ဂိုလ်များသည်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် ရရှိပြီး ဖြစ်ရမည်။

( ခ) ခွင့်ပြုချက်ရရှိသော မော်တော်ယာဉ်အတွက် သက်ဆိုင်ရာနိုင်ငံက ထုတ်ပေးသည့် စာရွက်စာတမ်းနှင့် အထောက်အထားများ ပြည့်စုံစွာပါရှိရမည်။

( ဂ) မော်တော်ယာဉ် အတိုင်းအတာနှင့် အလေးချိန်သည် မြန်မာနိုင်ငံအတွင်း၌ ခွင့်ပြုသည့် သတ်မှတ်ချက်အတိုင်း ဖြစ်ရမည်။

(ဃ) မော်တော်ယာဉ်တည်ဆောက်မှုနှင့် ပြုပြင်ထိန်းသိမ်းထားမှု အခြေအနေသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့် ကိုက်ညီရမည်။

( င) မော်တော်ယာဉ်ကို ယာယီမှတ်ပုံတင်ရန် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။ ယာယီမှတ်ပုံတင်ခြင်း အတွက် သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်းရမည်။

( စ) ယာဉ်မောင်းနှင်သူထံတွင် သက်တမ်းရှိ အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ် သို့မဟုတ် အာဆီယံအဖွဲ့ဝင်နိုင်ငံများကထုတ်ပေးထားသော သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် သို့မဟုတ် သဘောတူစာချုပ်ဖြင့် အပြန်အလှန် အသိအမှတ်ပြုထားသော နိုင်ငံများက ထုတ်ပေးသည့် သက်တမ်းရှိ ယာဉ်မောင်းလိုင်စင် ပါရှိရမည်။ အဆိုပါလက်မှတ် သို့မဟုတ် ယာဉ်မောင်းလိုင်စင် မတင်ပြနိုင်ပါက သက်ဆိုင်ရာနိုင်ငံက ထုတ်ပေးသော သက်တမ်းရှိ ယာဉ်မောင်းလိုင်စင်ကို တင်ပြ၍ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်ရရှိရန် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိထံ လျှောက်ထားနိုင်သည်။ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်အတွက် သတ်မှတ်ထားသည့် အခကြေးငွေ ပေးသွင်းရမည်။

(ဆ) ယာဉ်အကူထံတွင် သက်ဆိုင်ရာနိုင်ငံက ထုတ်ပေးသော အထောက်အထား ပါရှိရမည်။

( ဇ) မြန်မာနိုင်ငံ၏ယာဉ်သွားလာမှုဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လိုက်နာရမည်။

( ဈ) သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိက ထုတ်ပေးသော မော်တော်ယာဉ်ယာယီမှတ်ပုံတင်အမှတ် မပါရှိလျှင် မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရ။

၂၅၀။ ဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များ ဒေသဆိုင်ရာသဘောတူစာချုပ်များအရ ပြည်ပသို့ဝင်ထွက်သွားလာခြင်း သို့မဟုတ် ဖြတ်သန်းသွားလာခြင်းနှင့် စပ်လျဉ်း၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူသည်-

(က) ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီ၏ ခွင့်ပြုချက်လျှောက်ထားရယူရမည်။

(ခ) သဘောတူစာချုပ်အရ သတ်မှတ်ထားသည့် မော်တော်ယာဉ်၊ ယာဉ်မောင်းနှင်သူနှင့် ယာဉ်အကူတို့အတွက် လိုအပ်သည့် စာရွက်စာတမ်းနှင့် အထောက်အထားများ ပြည့်စုံစွာ ပါရှိစေရေး ဆောင်ရွက်ရမည်။

(ဂ) မြန်မာနိုင်ငံနှင့် သက်ဆိုင်ရာစာချုပ်ဝင်နိုင်ငံ သို့မဟုတ် စာချုပ်ဝင်နိုင်ငံများက သဘောတူ သတ်မှတ်ထားသည့် အခကြေးငွေများ ပေးဆောင်ရမည်။

(ဃ) ခရီးသည်များ သို့မဟုတ် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။ သက်ဆိုင်ရာစာချုပ်ဝင်နိုင်ငံ သို့မဟုတ် စာချုပ်ဝင်နိုင်ငံများ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကိုလည်း လိုက်နာရမည်။

(င) သက်ဆိုင်ရာ စာချုပ်ဝင်နိုင်ငံ သို့မဟုတ် စာချုပ်ဝင်နိုင်ငံများက သတ်မှတ်ထားသော မော်တော်ယာဉ်သွားလာမှုဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို မိမိ၏မော်တော်ယာဉ်ကို မောင်းနှင်သူနှင့် ယာဉ်အကူတို့က လိုက်နာစေရေး တာဝန်ခံရမည်။

(စ) ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မည့်ကုန်တင်ယာဉ် အတွက် ဖြတ်သန်းသွားလာမည့် သက်ဆိုင်ရာ စာချုပ်ဝင်နိုင်ငံ သို့မဟုတ် စာချုပ်ဝင်နိုင်ငံများ၏သက်ဆိုင်ရာ ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီ၏ ခွင့်ပြုချက်လျှောက်ထား ရယူရမည်။

(ဆ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများတင်ဆောင်သည့် မော်တော်ယာဉ်ကို မောင်းနှင်မည့် ယာဉ်မောင်းနှင်သူသည် သဘောတူစာချုပ်အရ သတ်မှတ်ထားသည့် အရည်အချင်းနှင့် အထောက်အထားများ ပြည့်စုံစေရေး ဆောင်ရွက်ထားရမည်။

(ဇ) ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် ဖြစ်ကြောင်း သိသာထင်ရှားစေရန် ယာဉ်အမှတ်အသား (Vehicle Marking)၊ ကွန်တိန်နာ အမှတ်အသား (Container Marking) နှင့် တိုင်ကီအမှတ်အသား (Tank Marking) များကို

လည်းကောင်း၊ ကုန်ပစ္စည်းအမျိုးအစားအလိုက် အန္တရာယ်ကင်းရှင်းစေရန် ထုပ်ပိုးခြင်း (Packaging)၊ တံဆိပ်ကပ်ခြင်း (Labelling)၊ ကုန်တင်ခြင်း (Loading)နှင့် ကုန်ချခြင်း(Unloading) များကိုလည်းကောင်း သဘောတူစာချုပ်ပါ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရမည်။

( ဈ) ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ တင်ဆောင်လာစဉ် မတော်တဆမှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်အစီအမံများကို ပြည့်စုံစွာ ကြိုတင်ပြင် ဆင်ထားရမည်။ ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ တင်ဆောင်လာစဉ် မတော်တဆမှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်အစီအမံများ၊ အန္တရာယ်ကင်းရှင်းစေရေး လိုအပ်သည့် ပစ္စည်းကိရိယာများ(Safety Equipment) ကိုပြည့်စုံစွာ ကြိုတင်ပြင်ဆင် ထားရမည်။

၂၅၁။ ဦးစီးဌာန သို့မဟုတ် ဦးစီးဌာနကတာဝန်ပေးအပ်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိသည်-

(က) မြန်မာနိုင်ငံအတွင်းသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း ပြုနိုင်သည်။

( ခ) ပြည်ပသို့ ယာယီထွက်ခွာမည့် သို့မဟုတ် ပြည်ပနိုင်ငံများကို ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၂၅၀ ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း ပြုနိုင်သည်။

## အခန်း(၉)

## စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်စည်းကမ်းများ

၂၅၂။ မည်သည့်မော်တော်ယာဉ်ကိုမဆို အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားခြင်း မရှိသည့်အပြင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေအရ ထုတ်ပေးသော သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်ရယူထားခြင်း မရှိလျှင် စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်အဖြစ် အသုံးမပြုရ။

၂၅၃။ စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်များသည် ဦးစီးဌာနက သတ်မှတ်သည့် တင်ဆောင်နိုင်သော ခရီးသည် အရေအတွက် သို့မဟုတ် ကုန်အလေးချိန် ထက်ပို၍ တင်ဆောင်ခြင်းမပြုရ။

၂၅၄။ စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ ထုတ်ပေးသော သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်တွင်ပါရှိသည့် သတ်မှတ်ချက်များအတိုင်းသာ လုပ်ကိုင်ရမည်။

( ခ) ခရီးသည်တင်ယာဉ်အတွက် ခရီးသည်တက်၊ ဆင်းရန်နေရာနှင့် ရပ်နားရန်နေရာတို့ကိုလည်းကောင်း၊ ကုန်တင်ယာဉ်အတွက် ကုန်တင်ကုန်ချရန်နေရာနှင့် ရပ်နားရန်နေရာတို့

ကိုလည်းကောင်း၊ တက္ကစီယာဉ်များအတွက် အငှားလိုက်ရန်စောင့်ဆိုင်းသည့် နေရာနှင့် ရပ်နားရန်နေရာတို့ကိုလည်းကောင်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများက သတ်မှတ်ထားသည့်အတိုင်း အသုံးပြုရမည်။

( ဂ) ခရီးစဉ်ဖြင့်မောင်းနှင်သော ခရီးသည်တင်ယာဉ်သည် ခရီးစဉ်အမှတ်အသားကို မော်တော်ယာဉ်၏ရှေ့နှင့် နောက်တို့တွင် ခရီးသည်များ သိမြင်နိုင်စေရန် တပ်ဆင်ထားရမည်။

(ဃ) ခရီးသည်တင်ယာဉ်သည် သတ်မှတ်ထားသည့် မှတ်တိုင်တွင် ခရီးသည်များ တက်၊ ဆင်းနိုင်ရန် လမ်းဘေးသို့ကပ်၍ ရပ်ဆိုင်းရမည်။ အခြားယာဉ်များ သွားလာမှုကို မပိတ်ဆို့စေရ။

( င) မှတ်တိုင်တွင်ရပ်နေသော ခရီးသည်တင်ယာဉ်ရှိပါက နောက်မှလာသော မော်တော်ယာဉ်သည် ရှေ့မော်တော်ယာဉ်၏နောက် လေးပေ (၁.၂၂မီတာ) ထက် မနည်းခွာ၍ ရပ်ဆိုင်းရမည်။

( စ) မှတ်တိုင်တွင်ရပ်နေသော ခရီးသည်တင်ယာဉ်နှင့် ဘေးချင်းယှဉ်၍ မရပ်ရ။

၂၅၅။ မည်သည့် အငှားယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင်သူ သို့မဟုတ် ယာဉ်အကူမဆို သတ်မှတ်ထားသော ယာဉ်ငှားရမ်းခ သို့မဟုတ် လူစီးခ သို့မဟုတ် ကုန်တင်ခ ထက်ပိုမို၍ တောင်းယူခြင်း မပြုရ။

၂၅၆။ ကုန်တင်ယာဉ် (ဝန်လေး)၊ ခရီးသည်တင်ယာဉ်နှင့် တက္ကစီယာဉ်တို့တွင် ယာဉ်မောင်းနှင်သူ သို့မဟုတ် ယာဉ်မောင်းနှင်သူနှင့် ယာဉ်အကူနှစ်ဦးလုံး၏ အမည်များနှင့် လိုင်စင်အမှတ်များကို ယာဉ်မောင်းနှင်သူအခန်းတွင် မြင်သာထင်ရှားစွာ ဖော်ပြထားရမည်။

၂၅၇။ ခရီးသည်တင်ယာဉ်တွင် ခရီးသည် အတက်၊ အဆင်းပြုလုပ်သည့် တံခါးပေါက်သည် မော်တော်ယာဉ်၏ လက်ယာဘက် လူသွားစင်္ကြံ (ပလက်ဖောင်း) ဘက်တွင် ရှိရမည်။

၂၅၈။ အဝေးပြေးခရီးသည်တင်ယာဉ်များတွင် မော်တော်ယာဉ်မောင်းနှင်ချိန် ရှစ် နာရီထက် ကျော်လွန်၍ မောင်းနှင်ရသည့်ခရီးစဉ်၌ အရန်ယာဉ်မောင်းနှင်သူပါရှိရမည်။ အဝေးပြေးခရီးသည်တင်ယာဉ် မောင်းနှင်သူသည် မော်တော်ယာဉ်မောင်းချိန် တစ်ဆက်တည်း အများဆုံး နှစ်နာရီထက်ပို၍ မမောင်းရ။

၂၅၉။ ယာဉ်မောင်းနှင်သူသည် အငှားယာဉ်ကို စက်နှိုး၍ ရပ်ထားစဉ် ယာဉ်မောင်းထိုင်ခုံတွင် ရှိနေရမည်။ မော်တော်ယာဉ်မှထွက်ခွာသွားလိုပါက စက်ရပ်ပြီး ရပ်တန့်ဘရိတ် အသုံးပြုထားရမည်။

၂၆၀။ (က) အငှားယာဉ်တွင် ယာဉ်မောင်းနှင်သူ၏ နံဘေး၌ လူပုဂ္ဂိုလ်တစ်ဦးသာ စီးနင်းခွင့် ပြုသည်။

(ခ) ယာဉ်မောင်းနှင်သူ၏ ထွက်ပေါက်ဘက်တွင် မည်သူမျှမစီးနင်းရ။

၂၆၁။ (က) ကုန်တင်ယာဉ်တွင် ကုန်ပစ္စည်းများကို မော်တော်ယာဉ်အတွင်း၌ တင်ဆောင်ရမည်။ မော်တော်ယာဉ်၏ ပြင်ပ ရှေ့၊ နောက်နှင့် ဘေးနှစ်ဘက်တွင် ပစ္စည်းများ တင်ဆောင်ချိတ်ဆွဲခြင်း မပြုရ။

(ခ) ကုန်တင်ယာဉ်တွင် သယ်ဆောင်လာသော ကုန်ပစ္စည်းများ အများပြည်သူဆိုင်ရာ လမ်းပေါ်သို့ ဖိတ်စဉ်ခြင်း မရှိစေရ။

၂၆၂။ ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်မည့် မော်တော်ယာဉ်သည်-

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ဖြစ်ရမည်။

(ခ) သက်တမ်းရှိ အငှားမော်တော်ယာဉ် မှတ်ပုံတင်ဆိုင်ရာ အထောက်အထားများနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဥပဒေအရ ထုတ်ပေးသော သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်အပြင် ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခွင့်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ထုတ်ပေးသည့် ထောက်ခံချက်များ ပြည့်စုံစွာပါရှိရမည်။

(ဂ) ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်ဖြစ်ကြောင်း သိသာထင်ရှားစေရန် မော်တော်ယာဉ်အမှတ်အသား (Vehicle Marking)၊ ကွန်တိန်နာအမှတ်အသား (Container Marking) နှင့် တိုင်ကီအမှတ်အသား(Tank Marking)များ၊ ကုန်ပစ္စည်းအမျိုးအစားအလိုက် အန္တရာယ်ကင်းရှင်းစေရန် ထုပ်ပိုးခြင်း (Packaging)၊ တံဆိပ်ကပ်ခြင်း (Labelling)၊ ကုန်တင်ခြင်း (Loading) နှင့် ကုန်ချခြင်း (Unloading) များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တပ်ဆင်ထားရှိရမည်။

(ဃ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများတင်ဆောင်လာစဉ် မတော်တဆမှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်အစီအမံများ၊ အန္တရာယ်ကင်းရှင်းစေရေးလိုအပ်သည့်ပစ္စည်းကိရိယာများ(Safety Equipment)ကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ပြည့်စုံစွာ ကြိုတင်ပြင်ဆင်ထားရမည်။

၂၆၃။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများကို ကုန်းလမ်းဖြင့်သယ်ယူပို့ဆောင်မည့် မော်တော်ယာဉ်နှင့် ယင်းကုန်ပစ္စည်းများအတွက်လည်းကောင်း၊ အဆိုပါ မော်တော်ယာဉ်တွင် လိုက်ပါမည့် ယာဉ်မောင်းနှင်သူနှင့် ယာဉ်အကူများအတွက်လည်းကောင်း ညွှန်ကြားချက်များကို သတ်မှတ်ထုတ်ပြန်နိုင်သည်။

၂၆၄။ အဝေးပြေးခရီးသည်တင်ယာဉ်၌-

(က) ခရီးသည်ကိုယ်တိုင်သယ်ယူနိုင်သည့် လက်ဆွဲတစ်နိုင်ပစ္စည်းများကို အခမဲ့ တင်ဆောင်ခွင့် ပြုရမည်။

( ခ) လိုက်ပါလာသော အထောက်အကူပြု ပစ္စည်းကိရိယာ အသုံးပြုရသည့် မသန်စွမ်းသူများအတွက် ၎င်းတို့အသုံးပြုသည့် အထောက်အကူပြုကိရိယာများကို အခမဲ့ တင်ဆောင်ခွင့် ပြုရမည်။

( ဂ) ခရီးသည်တစ်ဦးအတွက် အသက် သုံးနှစ်နှင့် အောက်ရှိ ကလေးတစ်ဦးသာ ၎င်း၏ ပေါင်ပေါ်တွင် အခမဲ့တင်ဆောင်ခွင့်ရှိစေရမည်။

(ဃ) အသက် သုံးနှစ် အထက်နှင့် ၁၂ နှစ် အောက်ရှိသော ကလေးတစ်ဦးသည် ခရီးသည်တစ်ဦး၏ ယာဉ်စီးခနှုန်းတစ်ဝက်ကို ပေးရမည်။ အသက် ၁၂ နှစ်နှင့် အထက်ရှိသူသည် ယာဉ်စီးခနှုန်း အပြည့်ပေးရမည်။

( င) ခရီးလမ်းဆုံးသို့ရောက်တိုင်း ယာဉ်အကူ သို့မဟုတ် ယာဉ်မောင်းနှင်သူက မော်တော်ယာဉ်အတွင်း၌ ခရီးသည်များ ကျန်ခဲ့သောပစ္စည်းတို့ကို ရှာဖွေရမည်။ ခရီးသည် ကျန်ခဲ့သော ပစ္စည်းကို တွေ့ရှိလျှင် ထိုပစ္စည်းကို ပိုင်ရှင်ထံ အမြန်ဆုံး ပြန်ပေးရမည်။ ပစ္စည်းပိုင်ရှင်ကို မသိပါက ထိုပစ္စည်းအား အနီးဆုံး ရဲစခန်း သို့မဟုတ် ခရီးသည် တင်ယာဉ်အသင်းအဖွဲ့ရုံးသို့ အပ်နှံရမည်။

( စ) ခရီးသည်ကျန်ခဲ့သော ပစ္စည်းတို့ကို အခြားခရီးသည်က တွေ့ရှိ ၍ ယာဉ်မောင်းနှင်သူသို့မဟုတ် ယာဉ်အကူသို့ ပေးအပ်လျှင် ပေးအပ်သူ ခရီးသည်၏ အမည်နှင့် နေရပ်လိပ်စာကို ရယူထားပြီး နည်းဥပဒေခွဲ (င) ပါ အတိုင်း ဆက်လက် ဆောင်ရွက်ရမည်။

၂၆၅။ ခရီးသည်တင်ယာဉ်တွင် အောက်ပါတို့ကို တင်ဆောင်ခြင်းမပြုရ-

(က) ကူးစက်ရောဂါရှိသူ၊

( ခ) အရက်သေစာသောက်စားမူးယစ်နေသူ၊

( ဂ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲထားသူ၊

(ဃ) စိတ်ပေါ့သွပ်သူ၊

( င) တိရစ္ဆာန်၊

( စ) ညစ်ထေးနံစော်သောပစ္စည်း၊

(ဆ) မီးလောင်ပေါက်ကွဲစေတတ်သောပစ္စည်း၊

( ဇ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သယ်ဆောင်ခြင်းမပြုရန် တားမြစ်ထားသောပစ္စည်း။

၂၆၆။ ကူးစက်ရောဂါရှိသူမှတစ်ပါး နာမကျန်းဖြစ်နေသူနှင့် ဒဏ်ရာရသူတို့ကို ခရီးသည်အဖြစ် ခရီးသည်တင်ယာဉ်တွင် တင်ဆောင်ရန် ငြင်းဆန်ခြင်းမပြုရ။

၂၆၇။ ခရီးသည်တင်ယာဉ်နှင့် တက္ကစီယာဉ်ပေါ်တွင် မည်သူမျှ ဆေးလိပ်မသောက်ရ။

၂၆၈။ (က) ခရီးသည်တင်ယာဉ်တွင် စီးနင်းလိုက်ပါသော ခရီးသည်များ သက်သောင့်သက်သာ ရှိစေရေးနှင့် ဘေးကင်းစေရေးအတွက် ယာဉ်မောင်းနှင်သူ သို့မဟုတ် ယာဉ်အကူ၏ ညွှန်ကြားချက်ကို ခရီးသည်တိုင်းက လိုက်နာရမည်။

(ခ) ယာဉ်မောင်းနှင်သူ သို့မဟုတ် ယာဉ်အကူနှင့် ခရီးသည်တို့ကြား အလွယ်တကူ အချက်ပေး ဆက်သွယ်နိုင်သည့်ကိရိယာကို ခရီးသည်တင်ယာဉ်တွင် တပ်ဆင်ထားရှိရမည်။

(ဂ) မြို့တွင်းခရီးသည်တင်ယာဉ်တွင် သံဃာတော်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူ များ၊ ကိုယ်ဝန်ဆောင်များ စီးနင်းရန် ဦးစားပေးခုံများ သတ်မှတ်ပေးရမည်။

(ဃ) မတော်တဆမှုဖြစ်ပွားလျှင် အရေးပေါ်ကိစ္စရပ်များ ဆောင်ရွက်ရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ခရီးသည်တင်ယာဉ်တွင် မြင်သာစွာကပ်ထားရမည်။

၂၆၉။ စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်တွင် အသင့်အသုံးပြုနိုင်သည့် အရန်ဘီး၊ စက်ကိရိယာ ပြုပြင်ရန် တန်ဆာပလာ ပါရှိသည့်သေတ္တာ၊ မီးသတ်ဆေးဘူး၊ အရေးပေါ်ထွက်ပေါက်မှန်ခွဲရန်တူ သို့မဟုတ် ပုဆိန်၊ ကြမ်းတုံး၊ ရပ်နားတြိဂံနှင့် ရှေးဦးသူနာပြုဆေးသေတ္တာတို့ ပါရှိရမည်။

၂၇၀။ ခရီးသည်တင်ယာဉ်အတွက် တာဝန်ရှိသူ၊ ယာဉ်မောင်းနှင်သူနှင့် ယာဉ်အကူတို့သည် ခရီး သည်နှင့် ဆက်ဆံရာတွင် ပြေပြစ်ရမည်။

၂၇၁။ စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ် မှတ်ပုံတင်ထားသူအမည် သို့မဟုတ် နေရပ်လိပ်စာ ပြောင်းလဲလိုပါက မော်တော်ယာဉ်ပိုင်ရှင်သည် သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ လုပ်ငန်းလိုင်စင်ထုတ်ပေးသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သို့မဟုတ် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီး ဌာနသို့ လျှောက်ထား ဆောင်ရွက် ရမည်။

၂၇၂။ (က) မြို့တွင်းခရီးသည်တင်ယာဉ်များ သွားလာရေးအတွက် ယာဉ်ကြောကို သီးသန့် သတ်မှတ် ပေးလိုပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီ သည် အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ ပူးပေါင်းညှိနှိုင်း သတ်မှတ် နိုင်သည်။

(ခ) လိုအပ်ချက်အရ သတ်မှတ်သော မြို့တွင်းခရီးသည်တင်ယာဉ်ကြောကို သာမန်အား ဖြင့် အခြားမော်တော်ယာဉ်များ အသုံးမပြုရ။ သို့ရာတွင် လမ်းဆုံ၊ လမ်းခွ၌ ကွေ့လို

သည့် မော်တော်ယာဉ်များအတွက် မြို့တွင်း ခရီးသည်တင်ယာဉ်ကို အနှောင့်အယှက် မဖြစ်စေဘဲ ၎င်းယာဉ်ကြောကို အသုံးပြုနိုင်သည်။

(ဂ) အဆိုပါ မြို့တွင်းခရီးသည်တင်ယာဉ်ကြော တစ်လျှောက်တွင် အနေးယာဉ်များသွား လာခွင့် မရှိစေရ။

၂၇၃။ တက္ကစီယာဉ်နှင့်စပ်လျဉ်း၍-

(က) အမိုးတွင် ဆေးနီဖြင့်ရေးသားထားသော "Taxi" စာသားကို မြင်နိုင်စေသည့် အဖြူရောင် ဆိုင်းဘုတ်မီးအိမ် တပ်ဆင်ထားရမည်။

(ခ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရန်နှင့် မော်တော်ယာဉ်တစ်စီး၏ သွင်ပြင် ရုပ်ဆင်းအင်္ဂါ ပြည့်စုံကောင်းမွန်ရန် ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ကောင်း စွာ ပြုပြင်ထားရမည်။

(ဂ) တပ်ဆင်ထားသော လေကာမှန်များတွင် နေရောင်ကာစတစ်ကာ (Sticker) တပ်ဆင် ခြင်း လုံးဝမပြုရ။

(ဃ) ယာဉ်မောင်းနှင်သူနှင့် ခရီးသည်များအတွက် ကြံ့ခိုင်ကောင်းမွန်သော အသက်ကယ်ထိုင်ခုံ ခါးပတ်များ ပြည့်စုံစွာ ပါရှိရမည်။

(င) အမိုးတွင် ပစ္စည်းတင်ရန်စင်နှင့် အထုပ်အပိုးတင်သည့်စင်များ တပ်ဆင်ခြင်း မပြုရ။

(စ) ဆေးအရောင်သည် ကောင်းမွန်ရမည်ဖြစ်ပြီး ဒေသအလိုက် သို့မဟုတ် အသင်းအဖွဲ့ အလိုက် သို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်းအလိုက် တူညီစွာ သတ်မှတ်လိုပါက ဦးစီးဌာနက သတ်မှတ်ပေးသည့်အတိုင်း ဖြစ်ရမည်။

(ဆ) မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းခြင်း၊ ခရီးလွန်ယာဉ်စစ်ဆေးခြင်း၊ နေရပ်လိပ်စာပြောင်းလဲခြင်းများသည် ဦးစီးဌာန၏ သတ်မှတ်ချက်အတိုင်း ဖြစ်ရမည်။

၂၇၄။ အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်ကို တက္ကစီယာဉ်အဖြစ် အသုံးမပြုရ။

၂၇၅။ တက္ကစီယာဉ်တွင် ယာဉ်မောင်းနှင်သူ၏ အမည်နှင့် ယာဉ်မောင်းလိုင်စင်အမှတ်ကို ခရီးသည်များ မြင်သာစေရန် ထင်ရှားစွာဖော်ပြထားရမည်။

၂၇၆။ ယာဉ်မောင်းနှင်သူသည် တက္ကစီယာဉ်ငှားရမ်းသူခရီးသည် သွားလိုရာသို့ အနီးဆုံး လမ်းခရီးဖြင့် ပို့ဆောင် ပေးရမည်။ အကယ်၍ ခရီးသည်က ယင်းသွားလိုသည့် လမ်းခရီးကို ညွှန်ပြလျှင် ညွှန်ကြား သည့်အတိုင်း ပို့ဆောင်ပေးရမည်။ သွားလာသည့် လမ်းခရီးတွင် သွားလာရန် အခက်အခဲရှိပါက လမ်းခရီးပြောင်း၍ ပို့ဆောင်ပေးနိုင်သည်။

၂၇၇။ တက္ကစီယာဉ်တွင် ခရီးသည်ကျန်ခဲ့သောပစ္စည်းကို ယာဉ်မောင်းနှင်သူက တွေ့ရှိလျှင် ထိုပစ္စည်းကို ပိုင်ရှင်ထံ အမြန်ဆုံးပြန်ပေးရမည်။ ပစ္စည်းပိုင်ရှင်ကို မသိပါက ထိုပစ္စည်းကို အနီးဆုံးရဲစခန်းသို့ ပေးအပ်ပြီး လက်ခံရရှိကြောင်း အထောက်အထား ရယူထားရမည်။ တက္ကစီယာဉ်သည် အသင်းအဖွဲ့ပိုင်ယာဉ်ဖြစ်ပါက တွေ့ရှိသောပစ္စည်းကို အသင်းအဖွဲ့ရုံးသို့ အပ်နှံရမည်။

## အခန်း(၁၀)

## မော်တော်ယာဉ်သွားလာမှုစည်းကမ်းများ

၂၇၈။ (က) ဤအခန်းပါ ပြဋ္ဌာန်းချက်များကို အများပြည်သူလိုက်နာစေရန်၊ လိုက်နာရန်ပျက်ကွက်သူအား ပညာပေးရန်နှင့် အရေးယူရန်အလို့ငှာ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲတပ်ဖွဲ့ သို့မဟုတ် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များမရှိသည့်ဒေသများတွင် နယ်မြေခံရဲတပ်ဖွဲ့ကိုသော်လည်းကောင်း၊ လိုအပ်လျှင်အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုကိုသော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုသော်လည်းကောင်း တာဝန်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ တာဝန်ပေးအပ်ခြင်းခံရသူ သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူသည် မော်တော်ယာဉ်အသွားအလာကို လက်ဖြင့်အချက်ပြ၍ဖြစ်စေ၊ ခရာသံနှင့်လက်အချက်ပြတွဲ၍ဖြစ်စေ၊ အချက်ပြကိရိယာဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သော နည်းဖြင့်ဖြစ်စေ ကြီးကြပ်ထိန်းသိမ်း ညွှန်ပြနိုင်သည်။

(ဂ) မော်တော်ယာဉ်အသွားအလာကို ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူ၏ ညွှန်ပြချက်ကို လမ်းအသုံးပြုသူများက လိုက်နာရမည်။

၂၇၉။ (က) သတ်မှတ်ထားသည့် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများ၊ ယာဉ်သွားလာမှုကို ကြီးကြပ်ထိန်းသိမ်းရန် အချက်ပြများကို လမ်းအသုံးပြုသူများက လိုက်နာရမည်။

(ခ) မြို့တွင်း၌ဖြစ်စေ၊ မြို့ပြင်၌ဖြစ်စေ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများ၊ ယာဉ်ထိန်းမီးအချက်ပြများနှင့် ခြေကျင်အသုံးပြုသူများအတွက် မီးအချက်ပြများကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် လမ်းတည်ဆောက်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသည့် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၁၉၆၈ လမ်းညွှန်းများနှင့် လမ်းအချက်ပြများဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း (Vienna Convention on Road Signs and Signals

1968)အရ ဦးစီးဌာနက ထုတ်ပြန်ထားသည့် သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

( ဂ ) နည်းဥပဒေခွဲ (ခ) အရ ဆောင်ရွက်ခွင့်ရှိသူများ မှတစ်ပါး မည်သူမျှ အများပြည်သူဆိုင်ရာနေရာတွင် ဤနည်းဥပဒေများအရ ပြဋ္ဌာန်းထားသော လမ်းညွှန်များ၊ လမ်းအမှတ်အသားများ၊ ယာဉ်ထိန်းမီးအချက်ပြများနှင့် ခြေကျင်အသုံးပြုသူများအတွက် မီးအချက်ပြများ သို့မဟုတ် ယင်းတို့နှင့် ဆင်တူယိုးမှားဖြစ်သည့် အမှတ်အသားများကို မပြုလုပ်ရ။ သတ်မှတ်ထားသည့် လမ်းညွှန်များ၊ လမ်းအမှတ်အသားများ၊ ယာဉ်ထိန်းမီးအချက်ပြများနှင့် ခြေကျင်အသုံးပြုသူများအတွက် မီးအချက်ပြများကို ပြောင်းလဲခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ဆီးခြင်း မပြုလုပ်ရ။

၂၈၀။ ကိုယ်ပိုင်မော်တော်ယာဉ်များ ရပ်နားရန်နေရာကိုလည်းကောင်း၊ ခရီးသည်တင်ယာဉ်များအတွက် ခရီးသည်တက်၊ ဆင်းရန်နေရာနှင့် ရပ်နားရန်နေရာကိုလည်းကောင်း၊ ကုန်တင်ယာဉ်အတွက် ကုန်တင်ကုန်ချရန်နေရာနှင့် ရပ်နားရန်နေရာကိုလည်းကောင်း၊ တက္ကစီယာဉ်များအတွက် အငှားလိုက်ရန် စောင့်ဆိုင်းသည့်နေရာနှင့် ရပ်နားရန်နေရာကိုလည်းကောင်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နေရာသတ်မှတ်ခြင်းနှင့် စည်းကမ်းသတ်မှတ်ခြင်းတို့ ပြုနိုင်သည်။

၂၈၁။ မည်သည့် မော်တော်ယာဉ်မဆို ခွင့်ပြုထားသော တင်ဆောင်နိုင်သည့် လူဦးရေ သို့မဟုတ် ခရီးသည် အရေအတွက် သို့မဟုတ် ကုန်အလေးချိန်တို့ထက်ပို၍ တင်ဆောင်ခြင်း မပြုရ။

၂၈၂။ မည်သည့်မော်တော်ယာဉ်မောင်းနှင်သူမဆို မော်တော်ယာဉ်မောင်းနှင်နေစဉ်အတွင်း ယာဉ်မောင်းနှင်မှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည့် စီးနင်းသူ၊ ကုန်ပစ္စည်းနှင့် တိရစ္ဆာန်တို့ကို မိမိနှင့်ကပ်လျက် တင်ဆောင်ခြင်း မပြုရ။

၂၈၃။ မည်သည့်မော်တော်ယာဉ်မောင်းနှင်သူမဆို လမ်းညွှန်များ၊ လမ်းအမှတ်အသားများ၊ ယာဉ်ထိန်း မီးအချက်ပြများမီးများအတိုင်း လိုက်နာမောင်းနှင်ရမည်။ လမ်းပေါ်တွင် ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူက ယာဉ်အသွားအလာကို ကြီးကြပ်ထိန်းသိမ်းနေသည့်အခါ ၎င်းကညွှန်ပြသည့်အတိုင်း လိုက်နာရမည်။

၂၈၄။ လမ်းတည်ဆောက်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ရှိသည့်အဖွဲ့အစည်းသည် ကျောင်းနယ်နိမိတ်ဧရိယာတွင် မော်တော်ယာဉ်မောင်းနှင်မှု အမြန်နှုန်း ကန့်သတ်ချက်နှင့် စပ်လျဉ်းသည့် လမ်းညွှန်း၊ လမ်းအမှတ်အသားများ ပြည့်စုံစွာ စိုက်ထူရေးဆွဲခြင်းပြုရမည်။

၂၈၅။ မည်သည့်မော်တော်ယာဉ်မဆို လမ်း၏လက်ယာဘက်သို့ ကပ်၍မောင်းနှင်ရမည်။ တစ်လမ်းမောင်းလမ်းတွင် သွားလိုသည့်ဘက်နှင့် သက်ဆိုင်သော ယာဉ်ကြောတွင် မောင်းနှင်ရမည်။

၂၈၆။ (က) နှေးကွေးစွာမောင်းနှင်လိုလျှင် အခြားမော်တော်ယာဉ်များ ပိတ်ဆို့မှုမဖြစ်စေရန် ညာဘက် အစွန်ဆုံး ယာဉ်ကြောကသာ မောင်းနှင်ရမည်။

(ခ) နှစ်လမ်းမောင်းလမ်းတွင် တစ်ဖက်တစ်ချက်၌ ယာဉ်ကြောနှစ်ခုစီနှင့် အထက်ရှိပါက လက်ဝဲစွန်းယာဉ်ကြောကို တတ်နိုင်သမျှဖွင့်၍ မောင်းရမည်။

၂၈၇။ (က) လမ်းအခြေအနေကောင်းပြီး ယာဉ်ကြောရှင်းလင်းလျှင် မြို့၏နယ်နိမိတ် အတွင်း၌ မော်တော်ယာဉ်မောင်းနှင်မှု အမြန်နှုန်းကို တစ်နာရီလျှင် ၃၀ မိုင် (၄၈ ကီလိုမီတာခန့်) ထက်ပို၍လည်းကောင်း၊ မြို့၏နယ်နိမိတ်ပြင်ပ၌ မြို့နယ်တစ်ခုနှင့် တစ်ခုကို ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် တစ်နာရီလျှင် ၅၀ မိုင် (၈၀ ကီလို မီတာ) ထက်ပို၍လည်းကောင်း မမောင်းရ။

(ခ) နောက်တွဲပါသောမော်တော်ယာဉ်နှင့် ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်း တင်ဆောင်သော မော်တော်ယာဉ်တို့အတွက် အမြန်နှုန်းကို မြို့၏နယ်နိမိတ်အတွင်း၌ တစ်နာရီလျှင် မိုင် ၂၀ (၃၂ ကီလိုမီတာခန့်) ထက်ပို၍လည်းကောင်း၊ မြို့၏နယ်နိမိတ်ပြင်ပ၌ မြို့နယ် တစ်ခုနှင့် တစ်ခုကို ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် တစ်နာရီလျှင် ၃၅ မိုင် (၅၆ ကီလိုမီတာ) ထက်ပို၍လည်းကောင်း မမောင်းရ။

(ဂ) ကျောင်းနယ်နိမိတ်ဇရိယာတွင် မော်တော်ယာဉ်မောင်းနှင်မှု အမြန်နှုန်းကို တစ်နာရီလျှင် မိုင် ၂၀ (၃၂ ကီလိုမီတာ) ထက်ပို၍ မမောင်းရ။

(ဃ) မြို့၏နယ်နိမိတ်အတွင်း၌ နှစ်လမ်းမောင်းလမ်း၏ တစ်ဖက်တစ်ချက်တွင် ယာဉ်ကြောသုံးခုစီရှိပါက လက်ဝဲစွန်းယာဉ်ကြောတွင် တစ်နာရီလျှင် မိုင် ၄၀ (၆၄ ကီလိုမီတာ) အထိ မောင်းနှင်ခွင့်ပြုသည်။

(င) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် ဒေသတွင်းလမ်းများ၏ အခြေအနေပေါ်မူတည်၍ မောင်းနှင်ခွင့်ပြုသည့် အမြန်နှုန်းကို နည်းဥပဒေခွဲ(က)၊ (ခ)၊ (ဂ)နှင့် (ဃ)ပါ အမြန်နှုန်း သတ်မှတ်ချက်အတွင်း လိုအပ်သလို လျှော့ချသတ်မှတ်နိုင်သည်။

(စ) နည်းဥပဒေခွဲ(က)မှ (ဃ)အထိ သတ်မှတ်သော အမြန်နှုန်းသည် အမြန်လမ်းမကြီးများပေါ်တွင် မော်တော်ယာဉ်များ မောင်းနှင်ရမည့် သတ်မှတ်အမြန်နှုန်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။ အမြန်လမ်းမကြီးများပေါ်တွင် မော်တော်ယာဉ်မောင်းနှင်သည့်အခါ အမြန်လမ်းမကြီးများဥပဒေအရ သတ်မှတ်သည့်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

၂၈၈။ နည်းဥပဒေ ၂၉၆ နည်းဥပဒေခွဲ (င) အရ ယာဉ်သွားလာမှု ဦးစားရရေးအတွက် အချက်ပေးသံများနှင့် ဦးစားပေးမီးများအသုံးပြု၍ မောင်းနှင်သော မော်တော်ယာဉ်များသည် အမြန်နှုန်း သတ်မှတ်ချက်နှင့် မသက်ဆိုင်စေရ။

၂၈၉။ ရှေ့မှမော်တော်ယာဉ် ရုတ်တရက်အမြန်နှုန်းလျှော့ချလျှင် သို့မဟုတ် ရပ်တန့်လျှင် ထိခိုက်မှု မဖြစ်စေရန် နောက်မှလိုက်ပါလာသော မော်တော်ယာဉ်သည် သင့်လျော်သော အကွာအဝေးမှခွာ၍ မောင်းနှင်ရမည်။

၂၉၀။ (က) မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှမော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါတို့ကို ဂရုပြုရမည်-

(၁) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်း ရှိ မရှိ၊

(၂) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(၃) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

(ခ) မည်သည့်မော်တော်ယာဉ်မဆို မိမိရှေ့မှ မော်တော်ယာဉ်ကိုကျော်တက်ရာတွင် သာမန်အားဖြင့် ထိုမော်တော်ယာဉ်၏ လက်ဝဲဘက်မှသာ လိုအပ်သလို အချက်ပြပေးပြီး သင့်လျော်သော အကွာအဝေးမှ လွတ်ကင်းစွာ ကျော်တက်ရမည်။

(ဂ) မိမိရှေ့မှသွားနေသော မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် ထိုမော်တော်ယာဉ်၏ နောက်မှကပ်မလိုက်ဘဲ ယင်း၏ရှေ့တွင်ရှိသည့် လမ်းအခြေအနေကို ကောင်းမွန်စွာ လှမ်းမြင်နိုင်သည့် အကွာအဝေးမှလိုက်ပြီး ယာဉ်ကြောရှင်းသည့်အခါမှသာ ကျော်တက်ရမည်။

(ဃ) ကျော်တက်ပြီး၍ မူလယာဉ်ကြောသို့ပြန်ဝင်လျှင် နောက်မှမော်တော်ယာဉ်ကို အနှောင့်အယှက် မဖြစ်စေဘဲ လွတ်ကင်းစွာဝင်ရမည်။

(င) မိမိမော်တော်ယာဉ်ကို အခြားမော်တော်ယာဉ်က ကျော်တက်နေလျှင် ထိုမော်တော်ယာဉ် ကျော်တက်ပြီးသည်အထိ မိမိမော်တော်ယာဉ်၏ အမြန်နှုန်းကို တတ်နိုင်သမျှလျှော့ချပြီး လမ်းပေး၍ ကျော်တက်ခွင့်ပြုရမည်။

(စ) အောက်ပါအခြေအနေများတွင် မိမိရှေ့မှ မော်တော်ယာဉ်၏ လက်ယာဘက်မှ ကျော်တက် နိုင်သည်-

(၁) ရှေ့မှမော်တော်ယာဉ်သည် လက်ဝဲကွေ့ရန် အချက်ပြနေသည့်အခါ၊

(၂) လမ်းတွင်မော်တော်ယာဉ်များ ပိတ်ဆို့နေသဖြင့် လက်ယာဘက်တွင် လမ်းပွင့်နေသည့်အခါ၊

(၃) ယာဉ်ကြောလမ်းပြောင်းသည့်အနေဖြင့် လက်ဝဲဘက်ယာဉ်ကြောတွင် မောင်းနှင်နေသည့် မော်တော်ယာဉ်၏ရှေ့သို့ လက်ယာဘက်ယာဉ်ကြောမှ လွတ်ကင်းစွာ လမ်းပြောင်းဝင်သည့်အခါ၊

(၄) တစ်လမ်းမောင်းလမ်းတွင် မောင်းနှင်နေသည့်အခါ။

(ဆ) လမ်းတွင်မျဉ်းကြောင်းရေးဆွဲ၍ ယာဉ်ကြောများ သတ်မှတ်ထားလျှင် ထိုယာဉ်ကြော အသီးသီးတွင် မောင်းနှင်သွားလာနေသော မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ မိမိယာဉ်ကြောကို အသုံးပြု၍ အခြားယာဉ်ကြောမှ မော်တော်ယာဉ်များကို ကျော်လွန်မောင်းနှင်သွားလာခြင်းသည် ဤနည်းဥပဒေပါ ကျော်တက်ခြင်းနှင့် မသက်ဆိုင်စေရ။

၂၉၁။ အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊

(ခ) လမ်းဆုံလမ်းခွ၊

(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊

(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊

(စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

(ဇ) လမ်းအလယ်တွင်မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့်တံခါးမဲ့ရထားလမ်းကူးနေရာ၊

(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊

(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊

(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

၂၉၂။ (က) ယာဉ်ထိန်းမီးအချက်ပြနှင့် ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူ ကင်းမဲ့ချိန်၌ လမ်းဆုံလမ်းခွတွင် လက်ယာဘက်သို့ ကွေ့လိုလျှင် လမ်းဆုံလမ်းခွသို့ မရောက်မီ အချက်ပြလျက် လမ်းလက်ယာဘက်ဘေးသို့ ကပ်မောင်း၍ အမြန်နှုန်းလျှော့ပြီး ချဉ်းကပ်သွားရမည်။ လမ်းဆုံလမ်းခွတွင် ခေတ္တရပ်၍ ကွေ့ဝင်မည့် လမ်း၏တစ်ဖက်တစ်ချက်ကို ကြည့်ပြီး အန္တရာယ်ကင်းမှ ထိုလမ်း၏ လက်ယာဘက်သို့ ကပ်၍ကွေ့ရမည်။ ယာဉ်ထိန်းမီးအချက်ပြ သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူရှိသော လမ်းဆုံလမ်းခွတွင် ယာဉ်ထိန်းမီးအချက်ပြ သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူက ညွှန်ပြသည့်အတိုင်း လက်ယာဘက်သို့ ကွေ့ရမည်။

(ခ) ယာဉ်ထိန်းမီးအချက်ပြနှင့် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ ကင်းမဲ့ချိန်၌ လမ်းဆုံလမ်းခွတွင် လက်ဝဲဘက်သို့ ကွေ့လိုလျှင် လမ်းဆုံလမ်းခွမရောက်မီ အချက်ပြလျက် လက်ဝဲအစွန်းယာဉ်ကြော သို့မဟုတ် လမ်း၏အလယ်သို့ ကပ်မောင်း၍ အမြန်နှုန်းလျှော့ပြီး ချဉ်းကပ်သွားရမည်။ လမ်းဆုံလမ်းခွတွင် ခေတ္တရပ်၍ ကွေ့ဝင်မည့်လမ်း၏ တစ်ဖက်တစ်ချက်ကို ကြည့်ပြီး အန္တရာယ်ကင်းမှ ဝင်လိုသည့် လမ်း၏လက်ဝဲဘက် ယာဉ်ကြောအတွင်းသို့ ကွေ့ဝင်ရမည်။ ယာဉ်ထိန်းမီးအချက်ပြ သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူရှိသော လမ်းဆုံလမ်းခွတွင် ယာဉ်ထိန်းမီးအချက်ပြ သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူက ညွှန်ကြားသည့်အတိုင်း လက်ဝဲဘက်သို့ ကွေ့သွားရမည်။

(ဂ) နှစ်လမ်းမောင်းလမ်းမ၏လက်ယာဘက်ရှိ လမ်းသွယ်ထဲသို့ ကွေ့ဝင်လိုလျှင် လမ်းသွယ်သို့ မရောက်မီ အချက်ပြလျက် လမ်းလက်ယာဘက်သို့ ကပ်မောင်း၍ အမြန်နှုန်းလျှော့ပြီး အန္တရာယ်ကင်းမှ ကွေ့ဝင်ရမည်။ လမ်းမ၏လက်ဝဲဘက်ရှိ လမ်းသွယ်ထဲသို့ ကွေ့ဝင်လိုလျှင် လမ်းသွယ်သို့ မရောက်မီ အချက်ပြလျက် လမ်း၏အလယ်ဘက်သို့ ကပ်မောင်း၍ အမြန်နှုန်းလျှော့ပြီး ခေတ္တရပ်ရမည်။ တစ်ဖက်မှလာသော မော်တော်ယာဉ် အန္တရာယ်ကင်းမှ ကွေ့ဝင်ရမည်။

(ဃ) နှစ်လမ်းမောင်းလမ်းမှ တစ်လမ်းမောင်းလမ်းသို့ ကွေ့ဝင်လိုလျှင် လက်ယာဘက်သို့ ကွေ့ဝင်ရပါက နှစ်လမ်းမောင်းလမ်း၏ လက်ယာဘက်သို့ကပ်၍ တစ်လမ်းမောင်း၏ လက်ယာဘက်ခြမ်းရှိ ယာဉ်ကြော တစ်ခုခုအတွင်းသို့ ကွေ့ဝင်ရမည်။ လက်ဝဲဘက်သို့ ကွေ့ဝင်ရပါက နှစ်လမ်းမောင်းလမ်း၏ လမ်းအလယ်သို့ကပ်၍ တစ်လမ်းမောင်းလမ်း၏ လက်ဝဲဘက်ခြမ်းရှိ ယာဉ်ကြော တစ်ခုခုအတွင်းသို့ ကွေ့ဝင်ရမည်။

( င) တစ်လမ်းမောင်းလမ်းမှ နှစ်လမ်းမောင်းလမ်းသို့ ကွေ့ဝင်လိုလျှင် လက်ယာဘက်သို့ ကွေ့လိုပါက တစ်လမ်းမောင်းလမ်း၏ လက်ယာဘက်သို့ကပ်ပြီးမှ ကွေ့ဝင်ရမည်။ လက်ဝဲဘက်သို့ ကွေ့လိုပါက တစ်လမ်းမောင်းလမ်း၏ လက်ဝဲဘက်သို့ကပ်ပြီးမှ ကွေ့ဝင်ရမည်။

( စ) မော်တော်ယာဉ်ကွေ့မည်ဖြစ်ကြောင်း အချက်ပြခြင်းကို ကွေ့မည့်နေရာသို့ မရောက်မီ အနည်းဆုံး ပေ ၁၀၀ (၃၀.၅ မီတာ) မှ ကြိုတင်၍ပြရမည်။

(ဆ) လက်ယာဘက်သို့ကွေ့ရန် လက်ဝဲဘက်ယာဉ်ကြောမှ လက်ယာဘက် ယာဉ်ကြောကို ဖြတ်၍ ကွေ့မောင်းခြင်း သို့မဟုတ် လက်ဝဲဘက်သို့ကွေ့ရန် လက်ယာဘက် ယာဉ်ကြောမှ လက်ဝဲဘက်ယာဉ်ကြောကို ဖြတ်၍ လမ်းအလယ်တွင် နေရာယူခြင်းကို မပြုရ။

၂၉၃။ (က) ယာဉ်ထိန်းမီးအချက်ပြနှင့် ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူ ကင်းမဲ့ချိန်၌ လမ်းဆုံတွင် လမ်းတစ်ဖက်စီမှလာနေသော မော်တော်ယာဉ်နှစ်စီးအနက် လမ်းဆုံသို့ ဦးစွာရောက်ရှိနေသော မော်တော်ယာဉ်သည် ဦးစွာဖြတ်ကျော်ရမည်။ လမ်းဆုံသို့ တစ်ချိန်တည်း ရောက်ရှိလျှင် သာမန်အားဖြင့် လက်ယာဘက်မှလာသော မော်တော်ယာဉ်ကို ဦးစားပေးရမည်။ ယာဉ်ထိန်းမီးအချက်ပြ သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူရှိသော လမ်းဆုံတွင် ယာဉ်ထိန်းမီးအချက်ပြ သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူက ညွှန်ပြသည့်အတိုင်း လိုက်နာရမည်။

( ခ) လမ်းမနှင့် လမ်းသွယ်ဆုံသည့် လမ်းဆုံတွင် လမ်းသွယ်မှ မောင်းနှင်လာသော မော်တော်ယာဉ်သည် လမ်းမပေါ်၌ မောင်းနှင်လာသော မော်တော်ယာဉ်ကို ဦးစားပေးရမည်။

( ဂ) လမ်းဆုံတွင် အဝိုင်းပတ်ရှိလျှင် အဝိုင်းပတ်ထဲသို့ ဦးစွာရောက်ရှိသော မော်တော်ယာဉ်ကို ဦးစားပေးရမည်။ အဝိုင်းပတ်တွင် လက်ယာပတ်မောင်းရမည်။

၂၉၄။ **“ဂ” ကွေ့ ကွေ့ခြင်း**

(က) အောက်ပါနေရာများတွင် မည်သည့်မော်တော်ယာဉ်မျှ “ဂ” ကွေ့ မကွေ့ရ-

(၁) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊

(၂) လမ်းအလယ်တွင် အလျားလိုက် တစ်ဆက်တည်းရေးဆွဲထားသော မျဉ်းဖြူ မျဉ်းဝါတစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းရှိသောလမ်း၊

(၃) ခွင့်မပြုသော လမ်းဆုံလမ်းခွ၊

(၄) လမ်းထောင့်၊ လမ်းကွေ့၊

(၅) ကုန်းထိပ်နှင့် ယင်းမှ ၃၂၈ ပေ (၁၀၀ မီတာ) အတွင်း၊

(၆) တံတားအဝင်ဝနှင့် တံတားပေါ်၊

(၇) တစ်လမ်းမောင်းလမ်း၊

(၈) “ဂ” ကွေ့ မကွေ့ရဟု တားမြစ်ထားသောနေရာ၊

(၉) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊

(၁၀) ကျောင်း၊ ဆေးရုံ၊ မီးသတ်စခန်းတို့၏ရှေ့။

( ခ) “ဂ” ကွေ့ ကွေ့နိုင်သောနေရာတွင် ကွေ့လိုလျှင် မိမိ ရှေ့၊ နောက် မော်တော်ယာဉ် အသွားအလာရှင်းမှ ကွေ့ရမည်။ လမ်းကျဉ်း၍ ရှေ့တိုးနောက်ဆုတ်ကွေ့ရပါက အခြား မော်တော်ယာဉ်များ အသွားအလာကို တားဆီးပိတ်ဆို့ခြင်းမဖြစ်စေရ။

၂၉၅။ မော်တော်ယာဉ်နောက်ဆုတ်ခြင်း

(က) မော်တော်ယာဉ်ကိုနောက်ဆုတ်လိုလျှင် မော်တော်ယာဉ်၏ဘေးနှစ်ဖက်နှင့် နောက်သို့ ကြည့်ပြီး အန္တရာယ်ကင်းမှ အချက်ပြ၍ ဖြည်းညင်းစွာ နောက်ဆုတ်ရမည်။ အခြား မော်တော်ယာဉ်များ အသွားအလာကို တားဆီးပိတ်ဆို့ခြင်း မဖြစ်စေရ၊

( ခ) လမ်းသွယ်မှ လမ်းမပေါ်သို့ မော်တော်ယာဉ်နောက်ဆုတ် မထွက်ရ၊

( ဂ) တစ်လမ်းမောင်းလမ်းပေါ်တွင် နောက်ဆုတ်မမောင်းရ၊

(ဃ) ဥပစာတစ်ခုခုအတွင်းမှ လမ်းပေါ်သို့ နောက်ဆုတ်မထွက်ရ၊

( င) လမ်းအသုံးပြုသော အခြားသူများအား အနှောင့်အယှက်ဖြစ်စေမည့် ကြာရှည်စွာ နောက်ဆုတ်ခြင်း မပြုရ။

၂၉၆။ (က) ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူက မော်တော်ယာဉ်ကို ရပ်ရန်ညွှန်ပြလျှင် မော်တော် ယာဉ်ကို ရပ်ရမည်။

( ခ) ယာဉ်ထိန်းမီးအချက်ပြနှင့် ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူ ကင်းမဲ့သော လမ်းဆုံ လမ်းခွတွင် မော်တော်ယာဉ်ကို ဖြတ်မမောင်းမီ၊ မော်တော်ယာဉ်မကွေ့မီ မော်တော် ယာဉ်ကို ခေတ္တရပ်၍ အန္တရာယ်ကင်းမှ ဆက်မောင်းရမည်။

( ဂ) လမ်းသွယ်မှ လမ်းမပေါ်သို့ မထွက်မီလည်းကောင်း၊ ဥပစာတစ်ခုခုအတွင်းမှ လမ်းပေါ်သို့ မထွက်မီလည်းကောင်း လမ်းဆုံ သို့မဟုတ် ဥပစာထွက်ပေါက်တွင် မော်တော်ယာဉ် ကို ခေတ္တရပ်၍ အန္တရာယ်ကင်းမှ မောင်းထွက်ရမည်။

(ဃ) လူကူးမျဉ်းကျားနေရာ လမ်းညွှန်းဖြင့် ဖော်ပြထားသည့် လူကူးရန်နေရာတွင် ဖြတ်ကူး သူများရှိပါက ထိုနေရာမရောက်မီ အနည်းဆုံး ၁၆ ပေ ၆ လက်မ (၅း မီတာ) အကွာ

အဝေးတွင် မော်တော်ယာဉ်ကို ခေတ္တရပ်ရမည်။ လမ်းဖြတ်ကူးနေသူများရှင်းမှ ဆက်မောင်းရမည်။

( င) ဦးစားပေးမီး အသုံးပြု၍လည်းကောင်း၊ အချက်ပေးသံဖြင့်လည်းကောင်း မောင်းနှင်လာသော တပ်မတော်ယာဉ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ယာဉ်၊ သူနာတင်မော်တော်ယာဉ်၊ မီးသတ်မော်တော်ယာဉ်နှင့် အခြားအရေးကြီးယာဉ်များ လာသည်ကို ကြားသိလျှင် ထိုမော်တော်ယာဉ်ကို ဦးစားပေးလျက် မိမိမော်တော်ယာဉ်ကို လမ်းနံဘေးသို့ကပ်၍ ရပ်ထားရမည်။ ထိုမော်တော်ယာဉ်များ ဖြတ်ကျော်သွားမှသာ ဆက်လက်မောင်းနှင်ရမည် သို့မဟုတ် ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူရှိလျှင် ယင်းကညွှန်ပြသည့်အတိုင်း လိုက်နာရမည်။

( စ) မော်တော်ယာဉ်ကြောင့် တိရစ္ဆာန်ထိတ်လန့်မည်စိုးရိမ်၍ တိရစ္ဆာန်ကို ထိန်းကျောင်းသူက ရပ်ရန် မေတ္တာရပ်ခံလျှင် မော်တော်ယာဉ်ကိုရပ်ပေးရမည်။ ထိန်းကျောင်းသူမရှိသော တိရစ္ဆာန်များကို လမ်းပေါ်တွင်တွေ့လျှင် သတိဖြင့်မောင်းရမည်။ မော်တော်ယာဉ်ကို ရပ်သင့်လျှင် ရပ်ပေးရမည်။

(ဆ) တံခါးရှိ သို့မဟုတ် တံခါးမဲ့ရထားလမ်းကို မဖြတ်ကူးမီ မော်တော်ယာဉ်ကို ခေတ္တရပ်ရမည်။

( ဇ) မော်တော်ယာဉ်များ အလွယ်တကူ ဖြတ်သန်းသွားလာရန် အခက်အခဲရှိသည့် လမ်းပေါ်တွင် စနစ်တကျစုဖွဲ့ မောင်းနှင်လာသော မော်တော်ယာဉ်တန်းနှင့် တွေ့ဆုံလျှင် လိုအပ်သလို လမ်းပေး၍ မော်တော်ယာဉ်တန်း ဖြတ်ကျော်သွားသည်အထိ မိမိမော်တော်ယာဉ်ကို ရပ်ထားရမည်။

( ဈ) နည်းဥပဒေ ၃၂၄ အရ ယာဉ်တိုက်ခိုက်မှုတွင် မိမိမော်တော်ယာဉ်ပါဝင်လျှင် မော်တော်ယာဉ်ကို ချက်ချင်းရပ်ထားရမည်။

(ည) တောင်တက်၊ တောင်ဆင်းလမ်းတွင် အဆင်းနှင့် အတက်မော်တော်ယာဉ်များဆုံ၍ ရှောင်တိမ်းရန် အခက်အခဲရှိပါက အတက်မော်တော်ယာဉ်ကို ဦးစားပေးပြီး အဆင်းမော်တော်ယာဉ်က လက်ယာဘက်သို့ တတ်နိုင်သမျှ ကပ်၍ရပ်ပေးရမည်။

( ဋ) မော်တော်ယာဉ်ကြောင့် အခြားလမ်းအသုံးပြုသူများအား အန္တရာယ်ဖြစ်စေနိုင်သည့် အခြေအနေမျိုး ဖြစ်ပေါ်လာလျှင် မော်တော်ယာဉ်ကိုရပ်ထားရမည်။

( ဌ) မော်တော်ယာဉ်ကိုရပ်လိုလျှင် ရပ်မည်ဖြစ်ကြောင်းအချက်ပြ၍ ဖြည်းညင်းစွာ ရပ်ရမည်။

၂၉၇။ (က) မော်တော်ယာဉ်ကို ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ခိုင်လုံသော အကြောင်းပြချက်တစ်ခုခုကြောင့် ရပ်နားခြင်းပြုလျှင် လမ်းလက်ယာဘက် ဘေးသို့ကပ်၍ လက်ယာဘက်ဘီးများသည် လမ်းနံဘေးမှ တစ်ပေ (၃၁ စင်တီမီတာ) အတွင်းရှိရမည်။ တစ်လမ်းမောင်းလမ်းမဖြစ်မူ လမ်းလက်ဝဲဘက် လမ်းဘေးသို့ကပ်၍ လက်ဝဲဘက်ဘီးများသည် လမ်းနံဘေးမှ တစ်ပေ (၃၁ စင်တီမီတာ) အတွင်းရှိရမည်။

(ခ) မော်တော်ယာဉ်ကို ရပ်ဆိုင်းရန် သတ်မှတ်ခွင့်ပြုထားသည့် နေရာများတွင် ရပ်ဆိုင်းနိုင်သည့်အပြင် ဤနည်းဥပဒေအရ တားမြစ်ထားခြင်းမရှိသော အခြားနေရာများတွင်လည်း ရပ်ဆိုင်းနိုင်သည်။

(ဂ) မော်တော်ယာဉ်ကို ရပ်နားလိုလျှင် သတ်မှတ်ခွင့်ပြုထားသည့် နေရာများတွင်သာ ရပ်နားရမည်။ရပ်နားရန်နေရာအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်အရ လမ်းနံဘေးနှင့် ယှဉ်လျက်သော်လည်းကောင်း၊ လမ်းနံဘေးနှင့် တစောင်းအနေအထားသော်လည်းကောင်း ရပ်နားရမည်။ အခြားမော်တော်ယာဉ်များ သွားလာမှုကို မပိတ်ဆို့စေရ။

(ဃ) ယာဉ်ကြော၏ ဦးတည်ရာကို ဆန့်ကျင်၍ ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း မပြုရ။

(င) ကုန်းအတက်အဆင်းတွင် ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း ပြုရပါက ဘီးများမလိမ့်စေရန် ဆောင်ရွက်ရမည်။

(စ) မည်သည့်မော်တော်ယာဉ်မဆို အောက်ပါနေရာများတွင် မရပ်ရ-

(၁) လမ်းဆုံလမ်းခွအတွင်း၊

(၂) လမ်းထောင့်၊ လမ်းကွေ့အတွင်း၊

(၃) အဝိုင်းပတ်အတွင်း၊

(၄) ရထားလမ်းပေါ်၊

(၅) လမ်းနံဘေးနှင့် ကပ်လျက်ရှိသောယာဉ်ကြောမှအပ ကျန်ယာဉ်ကြောများအတွင်း၊

(၆) ကျောင်း၊ ဆေးရုံအဝင်ဝ၊

(၇) တံတား၊ လမ်းကျဉ်းအဝင်ဝနှင့်အတွင်း၊

(၈) ဘတ်စ်ကားမှတ်တိုင်အနီး၊

(၉) ကုန်းတက်၊ ကုန်းဆင်း၊ ကုန်းထိပ်၊

(၁၀) ရပ်ဆိုင်း သို့မဟုတ် ရပ်နားထားသော မော်တော်ယာဉ်နှင့် ဘေးချင်းယှဉ်သည့်နေရာ၊

(၁၁) မျဉ်းဖြူနှစ်ကြောင်းရှိသော လမ်းနံဘေး၊

(၁၂) တစ်လမ်းမောင်းလမ်းသွယ်တွင် လမ်းလက်ဝဲဘက်၊

(၁၃) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box)နေရာ၊

(၁၄) မော်တော်ယာဉ်မရပ်ရ ကန့်သတ်နေရာ။

(ဆ) မည်သည့်မော်တော်ယာဉ်မဆို ယာဉ်ထိန်းမီးအချက်ပြ၊ လမ်းညွှန်းဆိုင်းဘုတ်၊ ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာအနီးနှင့် အဖြူ အနီကျား အမှတ်အသား ပါရှိသော ကပ်တုံးနှင့် တိုင်နေရာတို့တွင် ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရ။ အဝါ၊ အနက်ကျား အမှတ်အသားပါရှိသော ကပ်တုံးနှင့် တိုင်နေရာတို့တွင်လည်း ရပ်နားခြင်းမပြုရ။

( ဇ) မြို့တွင်းခရီးသည်တင်ယာဉ်သည် သက်ဆိုင်သည့် မှတ်တိုင်နေရာတွင်သာ ရပ်ဆိုင်းရမည်။ မြို့တွင်းခရီးသည်တင်ယာဉ် မှတ်တိုင်များတွင် အခြားမည်သည့်ယာဉ်မျှ မရပ်ရ။

( ဈ) မီးသတ်မော်တော်ယာဉ်မှအပ အခြားမည်သည့်ယာဉ်မျှ မီးသတ်ယာဉ်စခန်း၊ မီးသတ်ရေပိုက်ခေါင်း၊ မီးသတ်ရေလှောင်ကန်နှင့် ၂၃ ပေ (ခုနစ် မီတာ) အကွာအဝေးအတွင်း ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းမပြုရ။

(ည) မည်သည့်မော်တော်ယာဉ်မဆို လမ်းအသုံးပြုသော အခြားသူများအား လမ်းပိတ်ဆို့ခြင်း၊ မြင်ကွင်းကျဉ်းစေခြင်း၊ အန္တရာယ်ရှိနိုင်စေခြင်းတို့ကို ဖြစ်စေသည့် ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း မပြုရ။

( ဋ) လူသွားစင်္ကြံ သို့မဟုတ် သတ်မှတ်ထားသော လူသွားလမ်းပေါ်၌ မည်သည့်မော်တော်ယာဉ်မျှ ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း မပြုရ။

( ဌ) ညအချိန်၌ လမ်းပေါ်တွင် မော်တော်ယာဉ်ရပ်လျှင်၊ ရပ်ဆိုင်းလျှင်၊ ခိုင်လုံသော အကြောင်းပြချက် တစ်ခုခုကြောင့် ရပ်နားလျှင် ဘေးမီးငယ်များကို ဖွင့်ထားရမည်။ ရပ်တန့်မီး တပ်ဆင်ထားပါက ရပ်နားမော်တော်ယာဉ်သည် ထိုမီးကို ဖွင့်ထားရမည်။ လမ်းမီးများ မရှိသော လမ်းမကြီးပေါ်တွင် ရပ်နားသောမော်တော်ယာဉ်မီးများ မလင်းပါက မော်တော်ယာဉ် ရပ်ထားခြင်းကို ပေ ၁၀၀၀ (၃၀၀ မီတာ) အကွာအဝေးမှ မြင်စေနိုင်သည့် အနီရောင်မီးအိမ် သို့မဟုတ် တြိဂံရောင်ပြန်ကို မော်တော်ယာဉ်၏နောက်မှ သတ်မှတ်အကွာအဝေးတွင် ထားရမည်။

၂၉၈။ ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူသည် နည်းဥပဒေ ၂၉၇ နှင့် နည်းဥပဒေ ၃၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်၍ အများပြည်သူဆိုင်ရာနေရာတွင် ရပ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်းပြုထားသော မော်တော်ယာဉ်ကို မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူက အမြန်ဖယ်ရှားစေရမည်။ မော်တော်ယာဉ်အတွက် တာဝန်ရှိသူက အမြန်ဖယ်ရှားနိုင်ခြင်း မရှိလျှင် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူ၏ အစီအစဉ်ဖြင့် သင့်လျော်သောနေရာသို့ ဖယ်ရှားနိုင်သည်။ ထိုသို့ ဖယ်ရှားရခြင်းအတွက် ကုန်ကျစရိတ်ကို မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူက ကျခံရမည်။

၂၉၉။ (က) တံခါးရှိရထားလမ်းသို့ ချဉ်းကပ်လာစဉ် ရထားလာနေကြောင်းကို အချက်ပြကိရိယာဖြင့် အသံပေးနေလျှင်သော်လည်းကောင်း၊ အချက်ပေးမီးပြနေလျှင်သော်လည်းကောင်း၊ တံခါးကို စောင့်ကြပ်နေသူက အလံဖြင့် အချက်ပြနေလျှင်သော်လည်းကောင်း၊ ရထားလမ်းသို့မရောက်မီအနည်းဆုံး ၁၆ပေ ၆လက်မ (၅ါး မီတာ) အကွာအဝေးတွင် လမ်း၏ လက်ယာဘက်သို့ကပ်၍ မော်တော်ယာဉ်ကိုရပ်ထားရမည်။ ရထားဖြတ်သွားပြီး၍ တံခါးပြန်ဖွင့်မှ သို့မဟုတ် စောင့်ကြပ်သူက ဖြတ်သန်းခွင့်ပြုမှ ရထားလမ်းကို ဖြတ်ကူးရမည်။

(ခ) စောင့်ကြပ်သူမရှိသော တံခါးမဲ့ရထားလမ်းသို့ ချဉ်းကပ်လာစဉ် ရထားလမ်းသို့ မရောက်မီ အနည်းဆုံး ၁၆ပေ ၆လက်မ (၅ါး မီတာ) အကွာအဝေးတွင် လမ်း၏ လက်ယာဘက်သို့ကပ်၍ မော်တော်ယာဉ်ကိုရပ်ထားပြီး ရထားလာနေခြင်း ရှိ မရှိ ကို ရထားလမ်း၏ တစ်ဖက်တစ်ချက်သို့ ကြည့်ရှုနားစွင့်ရမည်။ ရထားမလာလျှင်သော်လည်းကောင်း၊ ရထားဖြတ်သွားပြီးမှသော်လည်းကောင်း ဖြတ်ကူးရမည်။

(ဂ) နည်းဥပဒေခွဲ (က)နှင့် (ခ) အရ ရထားလမ်းကို ဖြတ်ကူးသောအခါ မော်တော်ယာဉ် စထွက်သည့် ဂီယာနိမ့်ဖြင့် ဖြတ်ကူးရမည်။ ရထားလမ်းကို ဖြတ်ကူးနေစဉ် ဂီယာ မပြောင်းရ။ ရထားလမ်းပေါ်တွင် မော်တော်ယာဉ်မရပ်ရ။

၃၀၀။ (က) မျက်နှာချင်းဆိုင် မောင်းနှင်သွားလာနေသော မော်တော်ယာဉ်များသည် တစ်စီးနှင့် တစ်စီး ဖြတ်သန်းသွားရာတွင် ဘေးတိုက်ကြား အကွာအဝေးသည် အနည်းဆုံး ၅ါးပေ (၁.၅ မီတာ) ရှိရမည်။ ထိုအကွာအဝေး မရှိနိုင်သည့် လမ်းကျဉ်းတွင် မော်တော်ယာဉ်တစ်စီးနှင့် တစ်စီး မဆုံမီ အမြန်နှုန်းကိုလျှော့၍ ဖြတ်သန်းရမည်။

(ခ) လမ်းပေါ်တွင် မော်တော်ယာဉ်တစ်စီးသာ ဖြတ်ကျော်သွားနိုင်သည့် တံတားကျဉ်းနေရာတွင် တံတားသို့ ဦးစွာရောက်ရှိသည့် မော်တော်ယာဉ်က ဦးစွာဖြတ်ကျော်ရမည်။ တစ်ဖက်တစ်ချက်မှ လာသော မော်တော်ယာဉ်နှစ်စီးသည် တံတားသို့တစ်ချိန်

တည်း ရောက်ရှိမည်ဖြစ်လျှင် ဝန်လေးယာဉ်ကို ဦးစားပေးခြင်း၊ အရေးပေါ်ဖြစ်လျှင် မော်တော်ယာဉ်၏ ရှေ့မီးကြီးများကိုဖွင့်ခြင်း၊ ဟွန်းသံဖြင့် အချက်ပေးခြင်းဖြင့် အချက်ပြသော မော်တော်ယာဉ်ကို ဦးစွာကျော်ဖြတ်ခွင့် ပေးရမည်။

၃၀၁။ မည်သည့်မော်တော်ယာဉ်မျှ လူသွားစင်္ကြံ သို့မဟုတ် သတ်မှတ်ထားသော လူသွားလမ်းပေါ်တွင် မမောင်းရ။

၃၀၂။ သက်ဆိုင်ရာမီးသတ်အဖွဲ့ဝင်၏ ခွင့်ပြုချက်မရလျှင် လမ်းပေါ်တွင်ချထားသော အကာအကွယ်မရှိသည့် မီးသတ်ပိုက်လုံးကို မည်သည့်မော်တော်ယာဉ်မျှ ဖြတ်ကျော်မောင်းနှင်ခြင်း မပြုရ။

၃၀၃။ (က) နောက်တွဲယာဉ်ကို ချိတ်ဆွဲမောင်းနှင်လိုလျှင် အဆိုပါနောက်တွဲယာဉ်သည် မှတ်ပုံတင်ထားသော နောက်တွဲယာဉ်ဖြစ်ရမည်။ မော်တော်ယာဉ်၏နောက်တွင် နောက်တွဲယာဉ်ကို ခိုင်မြဲစွာ ချိတ်ဆွဲထားရမည်။

(ခ) မော်တော်ယာဉ်တစ်စီးတွင် နောက်တွဲယာဉ် တစ်စီးသာ ဆွဲရမည်။ နောက်တွဲပါသော မော်တော်ယာဉ်အတွက် သတ်မှတ်ထားသည့်အမြန်နှုန်းအတိုင်းသာ မောင်းနှင်ရမည်။

၃၀၄။ မော်တော်ယာဉ်မောင်းနှင်သူသည်–

(က) အန္တရာယ်မဖြစ်စေရန် ကာကွယ်သည့် ကိစ္စမှလွဲ၍ မော်တော်ယာဉ်ပါဟွန်းကို အခြားကိစ္စများတွင် မသုံးရ။ အသုံးပြုပါကလည်း အများပြည်သူအား အနှောင့်အယှက် ဖြစ်လောက်အောင် မသုံးရ။

(ခ) မြို့နှင်းများ ပိတ်ဖုံးနေသည့် နေရာများ၊ မြင်ကွင်းကွယ်သည့်နေရာသို့ ရောက်ရှိနေသည့် မော်တော်ယာဉ်များသည် အခြားယာဉ်ကြောမှလာသည့် မော်တော်ယာဉ်များ သိရှိနိုင်ရေး ဟွန်းတီး၍ အချက်ပေးရမည်။

၃၀၅။ (က) မည်သည့်မော်တော်ယာဉ်မဆို နေဝင်ပြီးအချိန်မှ နေမထွက်မီအချိန်ထိတွင် လည်းကောင်း၊ ရာသီဥတုကြောင့် အလင်းရောင်နည်းနေသည့် နေ့အချိန်တွင်လည်းကောင်း အလင်းရောင်ရရှိ စေရန်အတွက် မီးဖွင့်၍ မောင်းနှင်ရမည်။

(ခ) မော်တော်ယာဉ် ရှေ့မီးကြီးများကို မျက်နှာချင်းဆိုင်လာသူများ မျက်စိမစူးစေရန် အောက်စိုက်၍ အသုံးပြုရမည်။ အကယ်၍ မျက်နှာချင်းဆိုင်မော်တော်ယာဉ်မီးကြောင့် မျက်စိစူးပါက မိမိမော်တော်ယာဉ်၏ အမြန်နှုန်းကို လျှော့မောင်းရမည် သို့မဟုတ်

ခေတ္တရပ်ပေးရမည်။ အခြားမော်တော်ယာဉ် နောက်မှလိုက်၍ မောင်းနှင်နေပါက မိမိမော်တော်ယာဉ်၏ ရှေ့မီးကြီးများကို အောက်စိုက်၍ မောင်းနှင်ရမည်။

၃၀၆။ မော်တော်ယာဉ်များ သွားလာနေသည့်ဘက်မှ တံခါးများကိုဖွင့်လိုလျှင် အန္တရာယ်ကင်းမှ ဖွင့်ရမည်။ လူတက်ဆင်းပြီးလျှင်ပြီးချင်း ပြန်ပိတ်ရမည်။ လူသွားစင်္ကြံ သို့မဟုတ် လူသွားလမ်းဘက်မှ တံခါးများကို ဖွင့်လိုလျှင်လည်း ခြေကျင်လျှောက်သူများအား အနှောင့်အယှက်မဖြစ်စေရန် ဂရုပြု၍ဖွင့်ရမည်။ တံခါးများကို ဖွင့်၍ မထားရ။

၃၀၇။ ယာဉ်မောင်းနှင်သူသည် တောင်ဆင်း၊ တောင်တက်လမ်းတွင် မောင်းနှင်သောအခါ အောက်ပါအတိုင်း လိုက်နာရမည်–

(က) အဆင်းနှင့် အတက်မော်တော်ယာဉ်များ ဆုံရာ၌ ရှောင်တိမ်းရန် အခက်အခဲရှိပါက အဆင်းမော်တော်ယာဉ်သည် လမ်း၏လက်ယာဘက်ဘေးသို့ တတ်နိုင်သမျှကပ်၍ ရပ်ပေးပြီး အတက်မော်တော်ယာဉ်ကို ဦးစားပေးရမည်။

( ခ) အကယ်၍ အဆင်းမော်တော်ယာဉ်နှင့် အတက်မော်တော်ယာဉ်များ ဆုံမည့်နေရာ မရောက်မီ အတက်မော်တော်ယာဉ်၏ လမ်းကြောင်း လက်ယာဘက်၌သာ ရှောင်တိမ်းပေးနိုင်သော နေရာလပ်ရှိပါက အတက်မော်တော်ယာဉ်မှ အဆင်းမော်တော်ယာဉ်ကို ရှောင်တိမ်းပေးရမည်။

( ဂ) အကယ်၍ အဆင်းနှင့်အတက် မော်တော်ယာဉ်များဆုံသည့် နေရာ၌ ရှောင်တိမ်းရန် မလွယ်ကူခဲ့သော် နောက်ဆုတ်ပေးရန် အခက်အခဲမရှိသော မော်တော်ယာဉ်က နောက်ဆုတ်ပေးရမည်။

(ဃ) အကွေ့တိုင်းတွင် ဟွန်းတီးပြီး အမြန်နှုန်းလျှော့မောင်းရမည်။

( င) အဆင်းမော်တော်ယာဉ်သည် ဂီယာကို ကြားအနေထား၌သော်လည်းကောင်း၊ ကလပ်(ချ်) ကို နင်းထား၍သော်လည်းကောင်း မောင်းနှင်ခြင်းမပြုရ။

( စ) မော်တော်ယာဉ်သည် အတက်အဆင်း၌ စက်ရပ်သွားလျှင်သော်လည်းကောင်း၊ မော်တော်ယာဉ်ကို ရပ်ထားလျှင်သော်လည်းကောင်း လိမ့်ဆင်းမသွားစေရန် ဘရိတ်များကို အသုံးပြုရမည့်အပြင် လိုအပ်ပါက နောက်ဘီးများကိုပါ ကြမ်းတုံးများဖြင့် ခုထားရမည်။

၃၀၈။ ခရီးသည်များနှင့် ခရီးသည်တင်ယာဉ်ပေါ်တွင် ပါရှိသည့် တာဝန်ရှိသူတို့သည် အောက်ပါအချက်များကို လိုက်နာရမည်–

(က) မော်တော်ယာဉ် အတွင်း၌သာ စီးရမည်။ မော်တော်ယာဉ်၏ရှေ့၊ နောက်၊ ဘေးနှင့် အမိုးပေါ်တို့တွင် မစီးရ သို့မဟုတ် မစီးစေရ။

( ခ) မော်တော်ယာဉ်ပေါ်သို့ တိုးဝှေ့တက်ခြင်း၊ မော်တော်ယာဉ်ပေါ်မှ တိုးဝှေ့ဆင်းခြင်း မပြုရ သို့မဟုတ် မပြုစေရ။ စထွက်နေသည့် မော်တော်ယာဉ်နောက်သို့ အပြေးလိုက် မတက်ရ သို့မဟုတ် မတက်စေရ။ မော်တော်ယာဉ်မရပ်မီ ယာဉ်ပေါ်မှ မဆင်းရ သို့မဟုတ် မဆင်းစေရ။

( ဂ) မော်တော်ယာဉ်စီးနင်းနေစဉ် ခရီးသည်များသည် ပြတင်းပေါက်တွင် လက်တင်ခြင်း၊ လက် ထုတ်ခြင်း၊ ခေါင်းပြူထွက်ခြင်း၊ တံတွေးထွေးခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ အမှိုက်စွန့် ခြင်းမပြုရ သို့မဟုတ် မပြုစေရ။

(ဃ) ခရီးသည်တင်ယာဉ်များ ရပ်နားခွင့်မပြုသည့် နေရာများတွင် မော်တော်ယာဉ် ပေါ်သို့ တက်ခြင်း၊ မော်တော်ယာဉ်ပေါ်မှဆင်းခြင်း မပြုရ သိုမဟုတ် မပြုစေရ။

၃၀၉။ ကုန်ပစ္စည်းတင်ဆောင်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်အလက်များကိုလိုက်နာရမည်-

(က) တင်ဆောင်သော ကုန်ပစ္စည်းများကို လမ်းနှင့်လမ်းအသုံးပြုသူများ အန္တရာယ်မဖြစ်စေရန်၊ ယာဉ်မောင်းနှင်သူနှင့် လမ်းအသုံးပြုသော အခြားသူများ အနှောင့်အယှက် မဖြစ်စေရန် စနစ်တကျနှင့် ခိုင်မြဲစွာတင်ဆောင်ရမည်။ တင်ဆောင်ရာတွင် အသုံးပြုသော အခုအခံ များ၊ ကြိုးများ၊ အကာများ၊ ထုပ်ပိုးပစ္စည်း စသည်များသည် ကောင်းမွန်ခိုင်ခံ့ရမည်။

( ခ) ကုန်ပစ္စည်းများ တင်ဆောင်ပါက မြေညီလမ်းမှ ကုန်ပစ္စည်းထိပ်အထိ အမြင့်သည် ကုန်တင်ယာဉ် (ဝန်လေး) အတွက် ၁၂ ပေ (၃.၆၆ မီတာ)ထက်သော်လည်းကောင်း၊ ကုန်တင်ယာဉ် (ဝန်ပေါ့) အတွက် ၁၀ ပေ (၃.၀၅ မီတာ)ထက်သော်လည်းကောင်း မပိုစေရ။

( ဂ) ကုန်သေတ္တာတင်ဆောင်သည့် မော်တော်ယာဉ်ဖြစ်ပါက မြေညီလမ်းမှ ကုန်သေတ္တာ ထိပ်အထိ အမြင့်သည် ၁၃.၇၇ ပေ (၄.၂ မီတာ) ထက် မပိုစေရ။

(ဃ) တင်ဆောင်သောကုန်ပစ္စည်းများသည် မော်တော်ယာဉ်၏ ရှေ့ နှင့် နောက်ဘက်သို့ အစွန်းထွက်မှုကို အောက်ပါအတိုင်း သတ်မှတ်သည်-

(၁) မော်တော်ယာဉ်၏ ရှေ့မီးကြိုးမှ သုံးပေ သုံးလက်မ (တစ်မီတာ) ထက်ပို၍ မထွက်စေရ။

(၂) သတိပေးပစ္စည်းမပါဘဲ မော်တော်ယာဉ်၏ နောက်မြီးမှ သုံးပေ သုံးလက်မ (တစ်မီတာ) ထက်ပို၍ မထွက်စေရ။

(၃) မော်တော်ယာဉ်နောက်မြီးမှ သုံးပေ သုံးလက်မ (တစ်မီတာ) ထက်ပို၍ အစွန်း ထွက်သော ပစ္စည်းများ၏အဖျားတွင် သတိပေးပစ္စည်း တပ်ဆင်ရမည်။ ၎င်း

သတိပေး ပစ္စည်းသည် နေ့အချိန်၌ အချင်း တစ်ပေ (၃၁ စင်တီမီတာ) ထက် မနည်း၊ အဖြူနှင့် အနီရောင်ပါသည့် အဝိုင်းပုံရောင်ပြန်တစ်ခုကို ထင်ရှားမြင်သာ အောင် တပ်ဆင်ထားရမည် သို့မဟုတ် အလျား၊ အနံ တစ်ပေ (၃၁ စင်တီ မီတာ) စီ ထက်မနည်းရှိသော စတုရန်းပုံအနီရောင် အလံတစ်ခုကို တပ်ဆင်ထား ရမည်။ ညအချိန်၌မူ ၅၀၀ပေ (၁၅၀ မီတာ) ခန့်အကွာအဝေးမှ မြင်နိုင်သော အနီရောင် မီးတစ်လုံးကို တပ်ဆင်ထားရမည်။ မော်တော်ယာဉ်၏ နောက်မြီးမှ ပစ္စည်း၏ အစွန်းထွက်မှုသည် ခြောက်ပေ ခြောက်လက်မ (နှစ် မီတာ) ထက် မပို စေရ။ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား၊ ရောင်ပြန်ပြားအနီ၊ နောက်ဘေး မီးငယ်နှင့် ဘရိတ်မီးများကို အစွန်းထွက်သော ပစ္စည်းများသည် ဖုံးကွယ်ခြင်း မရှိစေရ။

( င) မော်တော်ယာဉ်၏ ပြင်ပဘေးနှစ်ဖက်တွင် မည်သည့်ကုန်ပစ္စည်းကိုမျှ တင်ဆောင် ချိတ်ဆွဲခြင်း မပြုရ။ ထို့ပြင် မော်တော်ယာဉ်အတွင်းမှ ကုန်ပစ္စည်းသည် မော်တော် ယာဉ်၏ ပြင်ပဘေးနှစ်ဖက်သို့ အစွန်း မထွက်စေရ။

( စ) သာမန်အားဖြင့် ကုန်တင်ယာဉ်သည် နောက်ပိတ်ကိုပိတ်၍ မောင်းနှင်ရမည်။ သို့ရာတွင် တင်ဆောင်သော ကုန်ပစ္စည်းသည် မော်တော်ယာဉ်ကိုယ်ထည်အလျားထက် ပိုမိုရှည် လျားပါက နောက်ပိတ်ကိုဖွင့်၍ တင်ဆောင်နိုင်သည်။ နောက်ပိတ်သည် မော်တော် ယာဉ်မှတ်ပုံတင်အမှတ်၊ ရောင်ပြန်ပြားအနီ၊ နောက်ဘေးမီးငယ်နှင့် ဘရိတ်မီးများကို ဖုံးကွယ်ခြင်းမရှိစေရ။

(ဆ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများကို တင်ဆောင်မောင်းနှင်လျှင် ထိုကုန်ပစ္စည်း များအတွက် လုံလောက်သော ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်၍ အထူးသတိပြု မောင်းနှင်ရမည်။

( ဇ) ကုန်ပစ္စည်းအတင်အချကို သတ်မှတ်ထားသည့် သို့မဟုတ် ခွင့်ပြုထားသည့် နေရာတွင် သာပြုလုပ်ရမည်။

( ဈ) နိုင်ငံတော်အစိုးရမှ တားမြစ် သို့မဟုတ် ကန့်သတ်ထားသော ကုန်ပစ္စည်းများကို သယ်ဆောင် ပါက တရားဝင်ခွင့်ပြုချက် ပါရှိရမည်။

၃၁၀။ မော်တော်ယာဉ်ကိုကြိုး သို့မဟုတ် ဆွဲတံဖြင့် ဆွဲသွားလျှင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

(က) ဆွဲသည့်မော်တော်ယာဉ်နောက်မြီးနှင့် အဆွဲခံမော်တော်ယာဉ် ရှေ့အဖျားကြား အကွာ အဝေးသည် ၁၂ ပေ (၃.၆၆ မီတာ) ထက်မပိုစေရ။

( ခ) ဆွဲသည့်မော်တော်ယာဉ်နှင့် အဆွဲခံမော်တော်ယာဉ်တို့အကြားတွင် ကြိုး သို့မဟုတ် ဆွဲတံ ရှိကြောင်းကို သိစေရန် ကြိုး သို့မဟုတ် ဆွဲတံ၏အလယ်တွင် အချင်း တစ်ပေ (၃၁ စင်တီမီတာ) ထက်မနည်းရှိသော အဖြူနှင့် အနီရောင်ပါရှိသည့် စက်ဝိုင်းပုံ ရောင်ပြန် သို့မဟုတ် အလျားနှင့် အနံ တစ်ပေ (၃၁ စင်တီမီတာ) ထက်မနည်းရှိသော စတုရန်းပုံ အနီရောင်အလံကို တပ်ဆင်ထားရမည်။

( ဂ) အဆွဲခံမော်တော်ယာဉ်ကို ကြိုးဖြင့်ဆွဲပါက ၎င်းမော်တော်ယာဉ်ကို ယာဉ်မောင်းလိုင်စင် ရရှိထားသည့် ယာဉ်မောင်းနှင်သူကသာ လိုက်ပါ ထိန်းသိမ်းရမည်။

(ဃ) ဆွဲမည့်မော်တော်ယာဉ်သည် အမြန်နှုန်းကို လျှော့၍ မောင်းနှင်ရမည်။

( င) မော်တော်ယာဉ်ဆွဲသည့်အခါ၌ မော်တော်ယာဉ်တစ်စီးကိုသာ ဆွဲရမည်။

၃၁၁။ လမ်းပေါ်တွင် မော်တော်ယာဉ် ပျက်စီးချွတ်ယွင်းသွားပါက ယာဉ်မောင်းနှင်သူ သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူသည် မော်တော်ယာဉ်ကို အခြားမော်တော်ယာဉ်များ အသွားအလာ ကင်းလွတ်သည့် လမ်းဘေးသို့အမြန်ဆုံး ရွှေ့ရမည်။ ထို့နောက် လမ်းဘေးမှ အမြန်ဆုံး ဖယ်ရှားရမည်။

၃၁၂။ မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။

( ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

( ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

၃၁၃။ တံတားပေါ်သို့ ဖြတ်ကျော်ခွင့်ပြုသည့် ဝန်တင်အားကို သတ်မှတ်ထားလျှင် ယာဉ်မောင်းနှင်သူက ထိုသတ်မှတ်ချက်ကို လိုက်နာရမည်။

၃၁၄။ ယာဉ်မောင်းနှင်သူသည်-

(က) ခြေကျင်လျှောက်သူ မည်သူ့ကိုမဆို မည်သည့်နေရာတွင် မှ မိမိမော်တော်ယာဉ်ဖြင့် ထိခိုက်ခြင်းမဖြစ်စေရန် အမြဲဂရုပြုရမည်။ အထူးသဖြင့် လမ်းပေါ်၌ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများ၊ စိတ်ပေါ့သွပ်သူများနှင့် နမော်နမဲ့ လမ်းလျှောက်နေသူများအား သတိထား၍ ဂရုပြုမောင်းနှင်ရမည်။ လိုအပ်လျှင် ဟွန်းတီး၍ သတိပေး ရမည်။

( ခ) ခြေကျင်လျှောက်သူများ လမ်းဖြတ်ကူးရန် သတ်မှတ်ထားသည့်နေရာတွင် လမ်းဖြတ်ကူးနေသူကိုတွေ့လျှင် ဂရုပြုမောင်းနှင်ရမည်။ ထိုနေရာ၌ မိမိရှေ့တွင် မော်တော်ယာဉ်ရှိနေလျှင် ထိုမော်တော်ယာဉ်ကို ကျော်မတက်ရ။

( ဂ) မြို့ပြင်လမ်းများတွင် အမြန်နှုန်းပို၍ မောင်းနှင်ခွင့်ပြုထားသဖြင့်လည်းကောင်း၊ ခြေကျင်လျှောက်သူများအတွက် လမ်းဖြတ်ကူးရန်နေရာ သတ်မှတ်ခြင်း မရှိ၍လည်းကောင်း ရုတ်တရက်လမ်းဖြတ်ကူးမည့် ခြေကျင်လျှောက်သူများနှင့် တိရစ္ဆာန်များကို ဂရုပြု မောင်းနှင်ရမည်။

၃၁၅။ မော်တော်ယာဉ်များကို စနစ်တကျစုဖွဲ့၍ မော်တော်ယာဉ်တန်းဖြင့် မောင်းနှင်သွားလာလျှင် အောက်ပါအတိုင်း လိုက်နာရမည်–

(က) မော်တော်ယာဉ်တန်းတစ်တန်းလျှင် မော်တော်ယာဉ်အရေအတွက် စုစုပေါင်း ၁၀ စီး ထက်မပိုစေရ။ မော်တော်ယာဉ် ၁၀ စီးထက်ပိုပါက နောက်ထပ် မော်တော်ယာဉ်တန်း များဖွဲ့၍ အချိန်ခြားပြီး သွားရမည်။

( ခ) မော်တော်ယာဉ်တန်းတွင် ရှေ့ဆုံးမော်တော်ယာဉ်၌ အနီရောင်အလံကိုလည်းကောင်း၊ နောက်ဆုံးမော်တော်ယာဉ်၌ အပြာရောင်အလံကိုလည်းကောင်း ယာဉ်မောင်းနှင်သူ အခန်း လက်ဝဲဘက်ပြင်ပတွင် မြင်သာအောင် ထောင်ထားရမည်။ အလံများသည် အလျား အနံ တစ်ပေ ရှစ်လက်မ (၅၁ စင်တီမီတာ) စီထက် မနည်းရှိသော စတုရန်း ပုံစံ ဖြစ်ရမည်။

( ဂ) မော်တော်ယာဉ်တန်းတွင် ကြီးကြပ်ကွပ်ကဲသူ တစ်ဦးရှိရမည်။ ထိုသူသည် မော်တော် ယာဉ်တန်းကို စနစ်တကျနှင့် စည်းကမ်းရှိစွာ သွားလာရေးအတွက် တာဝန်ယူရမည်။

(ဃ) မော်တော်ယာဉ်တန်းတွင် ပါဝင်သော ယာဉ်မောင်းနှင်သူတိုင်း ဤအခန်းပါ ပြဋ္ဌာန်းချက် များအတိုင်း လိုက်နာရမည်။

( င) လူမှုရေးကိစ္စအတွက် မော်တော်ယာဉ်တန်းဖြင့် သွားလာခြင်းသည် ဤနည်းဥပဒေနှင့် မသက် ဆိုင်စေရ။

၃၁၆။ မည်သူမဆို မော်တော်ယာဉ်ကို မဆင်မခြင် သို့မဟုတ် အန္တရာယ်ဖြစ်လောက်အောင် သို့မဟုတ် မထိန်းသိမ်းနိုင်လောက်အောင် မမောင်းရ။ မော်တော်ယာဉ်တစ်စီးနှင့် တစ်စီး ပြိုင်မမောင်းရ။

၃၁၇။ မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အောက်ပါပုဂ္ဂိုလ် များသည် အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ထားရမည်–

(က) လူစီးယာဉ်၊ ကျောင်းကြိုပို့ယာဉ် (School Bus)၊ အဝေးပြေးခရီးသည်တင်ယာဉ် (Express Bus)တို့တွင် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူအားလုံး၊

( ခ) မြို့တွင်းခရီးသည်တင်ယာဉ် (City Bus ၊ Mini Bus ) တွင် ယာဉ်မောင်းနှင်သူ၊

( ဂ) ကုန်တင်ယာဉ်နှင့် အခြားယာဉ်များတွင် ယာဉ်မောင်းနှင်သူနှင့် ယာဉ်မောင်းသူ၏ဘေးတွင် လိုက်ပါစီးနင်းသူ။

၃၁၈။ ယာဉ်မောင်းနှင်သူသည် နည်းဥပဒေ ၃၁၇ အရ အသက်ကယ်ထိုင်ခုံခါးပတ် ပတ်ထားရမည့် သူအားလုံး အသက်ကယ်ထိုင်ခုံခါးပတ်ကို စနစ်တကျတပ်ဆင်စေပြီးမှ မောင်းနှင်ရမည်။

၃၁၉။ မော်တော်ယာဉ်ပေါ်တွင် အသက် ၁၀ နှစ်အောက် ကလေးငယ်ပါရှိပါက ကလေးအသက်ကယ် ထိုင်ခုံ အသုံးပြုရမည်။

၃၂၀။ မော်တော်ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးမပြုရ။ မော်တော်ယာဉ် မောင်းနှင်နေစဉ် နားကြပ် (Ear Phone) အသုံးမပြုရ။

၃၂၁။ မော်တော်ဆိုင်ကယ်မောင်းနှင်သူသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်။

( ခ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပါရှိရမည်။

( ဂ) မော်တော်ဆိုင်ကယ်၏လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။

(ဃ) မော်တော်ဆိုင်ကယ် မောင်းနှင်သူ၏ နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက်ပိုမတင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် မော်တော်ဆိုင်ကယ်ကို ခွစီး၍ ရှေ့သို့မျက်နှာမူလျက် ခြေထောက်ကို မော်တော်ဆိုင်ကယ်၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင်တင်၍စီးရမည်။ ခြေနင်းပေါ်တွင် ခြေတင်စီးရန် မမီသူကို တင်၍မစီးရ။ မော်တော်ဆိုင်ကယ်စီးသူ၏ ရှေ့တွင် မည်သူ့ကိုမျှ မတင်ရ။

( င) မော်တော်ဆိုင်ကယ်၏နောက်တွင် ပစ္စည်းများတင်ပါက ထိုပစ္စည်းသည် နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ခြောက်လက်မ (၁၅စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ တစ်ပေ (၃၁ စင်တီမီတာ) ထက်ပို၍ လည်းကောင်း အစွန်းထွက်ခြင်း မရှိစေရ။ ထိုပစ္စည်း၏ အမြင့်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူ၏ ပခုံးထက်မမြင့်စေရ။ တင်ဆောင်သော ပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူက မော်တော်ဆိုင်ကယ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို မတင်ရ။

( စ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတင်ရ။

(ဆ) လမ်းပေါ်တွင်ဖြောင့်တန်းစွာမောင်းနှင်ရမည်။ အခြားမော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရ။ အုပ်စုဖွဲ့မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများ အနှောင့်အယှက် ဖြစ်စေလောက်အောင် မမောင်းရ။

( ဇ) မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် အသက်အန္တရာယ် ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းထားရမည်။

( ဈ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိစေရ။

(ည) မော်တော်ဆိုင်ကယ်၏စက်သံကို ဆူညံအောင်မြှင့်၍ မမောင်းရ။ အသံထိန်းကိရိယာဖြုတ်၍ မမောင်းရ။ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာမတပ်ဆင်ရ။

( ဋ) မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်းမပြုရ။

( ဌ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့် အကွာအဝေးမှ မောင်းနှင်ရမည်။

( ဍ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ။ နားကြပ် (Ear Phone) အသုံးမပြုရ။

( ဎ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။ အမိုးတပ်ဆင်ခြင်းမပြုရ။

(ဏ) မော်တော်ဆိုင်ကယ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။ သီးသန့်သတ်မှတ်ထားသော မော်တော်ဆိုင်ကယ်မောင်းနှင်ရန် လမ်းရှိပါက အဆိုပါလမ်းမှ မောင်းနှင်ရမည်။

(တ) ရှေ့မီးအနိမ့်ကို နေ့၊ ည အချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအခါ၌လည်းကောင်း ဖွင့်၍မောင်းနှင်ရမည်။ ရှေ့မီးကြီးကို နည်းဥပဒေ ၃၀၅ နည်းဥပဒေခွဲ(ခ)ပါ ပြဋ္ဌာန်းချက်များအတိုင်းဖွင့်၍ မောင်းနှင်ရမည်။ မော်တော်ဆိုင်ကယ်ရှေ့မီးများတွင် နည်းပညာအသုံးပြုထားမှုကြောင့် မီးပြင်းအားသည် အခြားမော်တော်ယာဉ်မောင်းနှင်သူ၏ မြင်ကွင်းကို အနှောင့်အယှက် မဖြစ်စေရ။

(ထ) မော်တော်ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်မောင်းနှင်ခြင်း မပြုရ။

( ဒ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။

( ဓ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော်လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်းမပြုရ။

၃၂။ သုံးဘီးမော်တော်ဆိုင်ကယ် သို့မဟုတ် လူစီးသုံးဘီးမော်တော်ယာဉ် မောင်းနှင်သူသည် အောက်ပါ အချက်များကို လိုက်နာရမည်–

(က) မှတ်ပုံတင်ထားသော သုံးဘီးတပ်ယာဉ်ကိုသာ မောင်းနှင်ရမည်။

( ခ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပါရှိရမည်။

( ဂ) သုံးဘီးတပ်ယာဉ်၏ လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။

(ဃ) ယာဉ်မောင်းနှင်သူ၏ နံဘေးတွင် လူပိုမတင်ရ။

( င) လူစီးသုံးဘီးမော်တော်ယာဉ်၏ နောက်တွင် သတ်မှတ်ဦးရေကိုသာ တင်ဆောင်ရမည်။ သုံးဘီးမော်တော်ဆိုင်ကယ်၏ နောက်တွင် ဦးစီးဌာနက သတ်မှတ်သည့် ကုန်အလေးချိန်အတိုင်း တင်ဆောင်ရမည်။ သုံးဘီးမော်တော်ဆိုင်ကယ်ကို လူစီးယာဉ်အဖြစ် အသုံးမပြုရ။

( စ) ယာဉ်မောင်းနှင်သူ၏ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့် ပစ္စည်းကိုမျှ မတင်ရ။

(ဆ) လမ်းပေါ်တွင် ဖြောင့်တန်းစွာစီးရမည်။ အခြားမော်တော်ယာဉ်တို့နှင့် ပြိုင်မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများ အနှောင့်အယှက်ဖြစ်စေလောက်အောင် မမောင်းရ။

( ဇ) သုံးဘီးမော်တော်ဆိုင်ကယ်မောင်းနှင်သူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် အသက်အန္တရာယ် ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ် စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းထားရမည်။

( ဈ) သုံးဘီးတပ်ယာဉ်၏စက်သံကို ဆူညံအောင်မြှင့်၍မမောင်းရ။ အသံထိန်းကိရိယာ ဖြုတ်၍ မမောင်းရ။ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာမတပ်ဆင်ရ။

(ည) သုံးဘီးတပ်ယာဉ်ကို ဘေးအန္တရာယ် ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း မပြုရ။

( ဋ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့် အကွာအဝေးမှ မောင်းနှင်ရမည်။

( ဌ) သုံးဘီးတပ်ယာဉ် မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ။ နားကြပ်(Ear Phone) အသုံး မပြုရ။

( ဍ) သုံးဘီးမော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။

(ဃ) သုံးဘီးတပ်ယာဉ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။

(ဏ) လူစီးသုံးဘီးမော်တော်ယာဉ်ပေါ်တွင် တိရစ္ဆာန် တင်ဆောင်မောင်းနှင်ခြင်း မပြုရ။

(တ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။

(ထ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော်လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း သုံးဘီးတပ်ယာဉ်ကို မောင်းနှင်ခြင်းမပြုရ။

၃၂၃။ (က) အနေးယာဉ်များသည် သတ်မှတ်ထားသည့် လမ်းစည်းကမ်းများအတိုင်းလိုက်နာရမည်။

(ခ) အနေးယာဉ်များ သွားလာခွင့်ရှိသည့် လမ်းများနှင့် နယ်နိမိတ်များ ကန့်သတ်ထားရှိလျှင် အနေးယာဉ်များသည် ထိုကန့်သတ်ချက်များအတိုင်း လိုက်နာရမည်။

(ဂ) အနေးယာဉ်တိုင်းသည် လမ်း၏လက်ယာဘက်ဘေးမှ ကပ်၍သွားရမည်။ ရင်ပေါင်တန်းမသွားရ။

(ဃ) အနေးယာဉ်သည် စထွက်လိုလျှင်လည်းကောင်း၊ အချင်းချင်းကျော်တက်လိုလျှင်လည်းကောင်း၊ ကွေ့လိုလျှင်လည်းကောင်း၊ လမ်းဖြတ်လိုလျှင်လည်းကောင်း၊ ရပ်လိုလျှင်လည်းကောင်း အန္တရာယ်ကင်း မကင်း ကြည့်ပြီး အချိန်လုံလောက်စွာဖြင့် ကြိုတင်အချက်ပြရမည်။

(င) ကုန်းဆင်းများတွင် မည်သည့်အနေးယာဉ်မျှ မထိန်းသိမ်းနိုင်လောက်အောင် အရှိန်ပြင်းစွာဖြင့် မဆင်းရ။

(စ) အနေးယာဉ်တွင် အန္တရာယ်ဖြစ်စေနိုင်သည့် ခရီးသည် သို့မဟုတ် ကုန်ပစ္စည်းကို ပိုမိုတင်ဆောင်ခြင်းမပြုရ။

(ဆ) ခရီးသည် သို့မဟုတ် ကုန်ပစ္စည်းကို အတင်အချ ပြုလိုလျှင် လမ်းဘေးသို့ကပ်၍ ရပ်ပြီးမှ ပြုလုပ်ရမည်။

(ဇ) ညအချိန်တွင်သွားလာသည့်အခါ မြင်းလှည်းနှင့် ဆိုက်ကားတို့ရှေ့၌ မီးများနှင့်နောက်၌ ရောင်ပြန်ပြားအနီပါရှိရမည်။ အခြားအနေးယာဉ်များတွင်မူ မီးအိမ်တစ်လုံးပါရှိရမည်။

(ဈ) လူသွားစင်္ကြံ သို့မဟုတ် လူသွားလမ်းပေါ်တွင် အနေးယာဉ်များမသွားရ။

(ည) သံခွေတပ်ဘီးပါသောလှည်းများ မော်တော်ယာဉ်လမ်းပေါ်တွင် သွားလာခြင်းမပြုရ။

(ဋ) အနေးယာဉ်ဖြင့် အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းခြင်း၊ မောင်းနှင်သွားလာခြင်း၊ နားနေခြင်း မပြုရ။

၃၂၄။ (က) မော်တော်ယာဉ်မောင်းနှင်သူသည် ယာဉ်တိုက်ခိုက်မှု ဖြစ်လျှင်ဖြစ်ချင်း မော်တော်ယာဉ်ကို ချက်ချင်းရပ်ထားရမည်။ ယာဉ်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူများနှင့် အနီးအနားရှိ အခြားသူတို့သည် အနီးဆုံး ယာဉ်ထိန်းရဲ သို့မဟုတ် သက်ဆိုင်ရာရဲစခန်းနှင့် အနီးစပ်ဆုံး အရေးပေါ် သူနာတင်ယာဉ်စခန်းသို့ အမြန်ဆုံး အကြောင်းကြားရမည်။ ထို့ပြင် အခြားမော်တော်ယာဉ် အသွားအလာများကို ပိတ်ဆို့နေလျှင် ယာဉ်တိုက်ခိုက်မှုကို စုံစမ်းစစ်ဆေးရာတွင် အထောက်အကူ ဖြစ်စေမည့် သက်သေခံအမှတ်အသားများ မပျောက်ပျက်စေဘဲ ထိုမော်တော်ယာဉ်များကို လွတ်ကင်းစွာ ရွှေ့ထားရမည်။ ယာဉ်တိုက်ခိုက်မှုတွင် ဒဏ်ရာ ရသူများရှိပါက ယင်းတို့အား ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်နိုင်ရန် လိုအပ်သော အကူ အညီများ ပေးရမည်။

(ခ) ယာဉ်မောင်းနှင်သူနှင့် ယာဉ်အကူတို့သည် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ယာဉ်တိုက်ခိုက်မှု ကျူးလွန်သည့်ယာဉ်မောင်းနှင်သူသည် သေဆုံးခြင်း၊ အပြင်းအထန်ဒဏ်ရာရရှိခြင်း မရှိပါက မိမိ၏အမည်၊ နေရပ်လိပ်စာ၊ ယာဉ်မောင်းလိုင်စင်အမှတ်၊ ယာဉ်မှတ်ပုံတင်အမှတ်တို့ကို ယာဉ်တိုက်ခံရသူအား ပေးရမည်။ ယာဉ်တိုက်ခံရသူကလည်း မိမိအမည်နှင့် နေရပ်လိပ်စာပြန်ပေးရမည်။

(ဃ) ယာဉ်တိုက်ခိုက်မှုဖြစ်ပွားသည့် နေရာသို့ ယာဉ်ထိန်းရဲ သို့မဟုတ် သက်ဆိုင်ရာရဲစခန်းမှ တာဝန်ရှိသူတစ်ဦးဦး ရောက်ရှိလာလျှင် ယာဉ်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်သူများနှင့် အခြားလမ်းအသုံးပြုသူများသည် ထိုသူ၏ ညွှန်ကြားချက်အတိုင်း လိုက်နာရမည်။

(င) ယာဉ်တိုက်ခိုက်မှုဖြစ်ပွားလျှင် နည်းဥပဒေခွဲ (က) ၏ လိုအပ်ချက်အရ ယာဉ်မောင်းနှင်သူက မိမိ မော်တော်ယာဉ်ကို ချက်ချင်းမရပ်ပေးခြင်း၊ လိုအပ်သောအကူအညီမပေးခြင်း၊ ယာဉ်ထိန်းရဲ သို့မဟုတ် သက်ဆိုင်ရာရဲစခန်းသို့ အကြောင်းကြားရန် ပျက်ကွက်ခြင်းတို့အတွက် ယာဉ်မောင်းနှင်သူကို ရာဇသတ်ကြီး ဥပဒေပုဒ်မဖြင့် အရေးယူနိုင်သည်။

(စ) ဦးစီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်အလိုက် ဖြစ်ပွားသော ယာဉ်တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ ယာဉ်တိုက်ခိုက်မှု ဖြစ်ပွားပုံ၊ သေဆုံးသူနှင့် ဒဏ်ရာရသူ အရေအတွက်၊ ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုတန်ဖိုး၊ အပြစ်ရှိသူများအား အရေးယူမှုစသည့် စာရင်းအင်းများကို အပြည့်အစုံကောက်ခံခြင်း၊ စုစည်းခြင်း၊ ဆန်းစစ်လေ့လာခြင်း၊ ပြုစုခြင်း၊ ထိန်းသိမ်းခြင်းတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက် နိုင်သည်။

## အခန်း(၁၁)

## ခြေကျင်လျှောက်သူများလိုက်နာရန်စည်းကမ်း

၃၂၅။ လမ်းနယ်ပေါ်၌ လမ်းလျှောက်သွားလာနေသူများ၊ ကလေးတွန်းလှည်းဖြင့် သွားလာနေသူများ၊ မသန်စွမ်းသူသုံး ဘီးတပ်ကုလားထိုင်ဖြင့် သွားလာနေသူများ၊ မှတ်ပုံတင်ရန်မလိုသည့် တွန်းလှည်းဖြင့် သွားလာနေသူများ၊ ဈေးသည်များ၊ အထမ်းသမားများသည် သက်ဆိုင်သည့် လမ်းညွှန်းများကို လိုက်နာရမည်။ သို့ရာတွင် ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူက သွားလာမှုကို ကြီးကြပ်ထိန်းသိမ်းနေသည့်အခါ ကြီးကြပ်ထိန်းသိမ်းသည့်အတိုင်း လိုက်နာရမည်။

၃၂၆။ (က) ခြေကျင်လျှောက်သူသည် လူသွားစင်္ကြံ သို့မဟုတ် သတ်မှတ်ထားသော လူသွားလမ်းရှိလျှင် ထိုနေရာပေါ်မှ သွားရမည်။

(ခ) ခြေကျင်လျှောက်သူသည် သာမန်အားဖြင့် မော်တော်ယာဉ်သွားလမ်းပေါ်သို့ မဆင်းရ။

(ဂ) ခြေကျင်လျှောက်သူသည် လူသွားစင်္ကြံ သို့မဟုတ် လူသွားလမ်း မရှိလျှင် တတ်နိုင်သမျှ လမ်း၏လက်ဝဲဘက်မှ ယာဉ်ကြောကို မျက်နှာမူ၍ ကပ်လျှောက်ရမည်။

(ဃ) ခြေကျင်လျှောက်သူသည် လမ်းမပိတ်ဆို့ရ။ ရင်ပေါင်တန်းမလျှောက်ရ။

(င) ခြေကျင်လျှောက်သူသည် ညအချိန်၌ မီးအလင်းရောင်အောက်တွင် မြင်သာသည့် အဝတ်အစား သို့မဟုတ် ရောင်ပြန်ပါသည့် အဝတ်အစားများ ဝတ်ဆင်ရမည်။

၃၂၇။ ခြေကျင်လျှောက်သူသည် လမ်းဖြတ်ကူးလိုလျှင် သတ်မှတ်ထားသည့် မြေအောက်လမ်း၊ ကုန်းကျော်တံတား၊ လူကူးမျဉ်းကျား သို့မဟုတ် ခွင့်ပြုထားသည့်နေရာ စသည်တို့မှသာ ဖြတ်ကူးရမည်။

၃၂၈။ (က) လမ်းဖြတ်ကူးရန် သတ်မှတ်ထားသော လူကူးမျဉ်းကျား သို့မဟုတ် ခွင့်ပြုသည့်နေရာ မရှိလျှင် ခြေကျင်လျှောက်သူသည် လမ်းဖြတ်မကူးမီ လက်ဝဲဘက်၊ လက်ယာဘက်နှင့် လက်ဝဲဘက် ပြန်ကြည့်ပြီး မော်တော်ယာဉ်သွားလာမှုရှင်းမှ အမြန်ဆုံးတည့်တည့် ဂရုတစိုက် ဖြတ်ကူးရမည်။

(ခ) လမ်းညွှန်းမရှိသော လမ်းဆုံလမ်းခွများတွင် ဖြတ်ကူးလိုလျှင် ခြေကျင်လျှောက်သူသည် ခေတ္တရပ်ပြီး မော်တော်ယာဉ်သွားလာမှု ရှင်း မရှင်းကို ကြည့်ရှု၍ ရှင်းမှ အမြန်ဆုံး ဖြတ်ကူးရမည်။ ထောင့်ဖြတ်မကူးရ။ ကွေ့ဝင်သော မော်တော်ယာဉ်များကို အထူး သတိထား၍ ဖြတ်ကူးရမည်။

(ဂ) ယာဉ်ထိန်းမီးအချက်ပြရှိသော လမ်းဆုံလမ်းခွတွင် ဖြတ်ကူးလျှင် ခြေကျင်လျှောက်သူသည် မော်တော်ယာဉ်အတွက် မီးစိမ်းပြနေ၍ မော်တော်ယာဉ်များ သွားလာခွင့်ပြုသည့်လမ်းကို ဖြတ်မကူးရ။ မော်တော်ယာဉ်များရပ်ရန် မီးနီပြနေသည့်လမ်းကို ဖြတ်

ကူးနိုင်သည်။ ခြေကျင်လမ်းအသုံးပြုသူများအတွက် မီးအချက်ပြရှိလျှင် ထိုအချက်ပြမီးက ခွင့်ပြုညွှန်ပြမှသာ ဖြတ်ကူးရမည်။

၃၂၉။ (က) ခြေကျင်လျှောက်သူသည် လူကူးမျဉ်းကျား သို့မဟုတ် ခွင့်ပြုထားသည့်နေရာမှ လမ်းဖြတ်ကူးသည့် အခါတိုင်း အန္တရာယ်မရှိဟု မယူဆရ။

( ခ) ခြေကျင်လျှောက်သူသည် လူကူးမျဉ်းကျား သို့မဟုတ် ခွင့်ပြုထားသည့် နေရာ၏ လက်ယာဘက်ခြမ်းမှ ဖြတ်ကူးရမည်။ ဖြတ်ကူးသူများကို အနှောင့်အယှက် မဖြစ်စေရ။

( ဂ) လူကူးမျဉ်းကျား သို့မဟုတ် ခွင့်ပြုထားသည့်နေရာတွင် ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ရှိသူက ယာဉ်သွားလာမှုကို ထိန်းသိမ်းနေလျှင် ၎င်း၏ညွှန်ကြားမှုအတိုင်း ခြေကျင်လျှောက်သူက လိုက်နာရမည်။

၃၃၀။ မည်သူမဆို မော်တော်ယာဉ်သွားလာသည့် လမ်းပေါ်တွင် အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် အန္တရာယ်ဖြစ်စေနိုင်သော အောက်ပါအပြုအမူများကို မပြုလုပ်ရ -

(က) မော်တော်ယာဉ်သွားလာသည့် လမ်းပေါ်တွင် လမ်းလျှောက်ခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ ဖုန်းအသုံးပြုခြင်း၊ ဈေးရောင်းခြင်း၊ ကစားခြင်း စသည်များ၊

( ခ) မော်တော်ယာဉ် သို့မဟုတ် အနေးယာဉ် စီးရန်၊ ပစ္စည်းပေးရန်၊ အလှူခံရန် စသည့် ကိစ္စရပ်များအတွက် မော်တော်ယာဉ်သွားလာသည့် လမ်းပေါ်သို့ ထွက်၍ မော်တော်ယာဉ်ကို တားခြင်း၊

(ဂ) လမ်းနံဘေးတွင် ရပ်နားသော မော်တော်ယာဉ် သို့မဟုတ် ရပ်နားရန် ဝင်နေသော မော်တော်ယာဉ်ကို မော်တော်ယာဉ်သွားလာသည့် လမ်းပေါ်သို့ထွက်၍ စောင့်ရှောက်ကြပ်မတ်ခြင်း၊

(ဃ) ရပ်နားထားသော မော်တော်ယာဉ်များအကြား သို့မဟုတ် မြင်ကွင်းကွယ်နေသောနေရာမှ မော်တော်ယာဉ်သွားလာသည့် လမ်းပေါ်သို့ ထွက်လာခြင်း၊ လမ်းဖြတ်ကူးခြင်း။

၃၃၁။ ခြေကျင်လျှောက်သူများသည် တရားဝင်ခွင့်ပြုချက်အရ အစုအဝေးဖြင့် လမ်းပေါ်၌လျှောက်လိုလျှင် လမ်း၏လက်ဝဲဘက်မှကပ်၍ ယာဉ်ကြောကိုမျက်နှာမူပြီး လျှောက်ရမည်။ ထို့ပြင် အစုအဝေး၏ ရှေ့နှင့်နောက် သင့်တင့်သောအကွာအဝေးတွင် စောင့်ကြပ်သူများထားရမည်။ အလင်းရောင်နည်းသော အချိန်တွင် စောင့်ကြပ်သူများသည် မီးအိမ်များ ကိုင်ဆောင်ထားရမည်။

၃၃၂။ ကျောင်းရှေ့တွင် ကျောင်းသူ၊ ကျောင်းသားများ လမ်းဖြတ်ကူးခြင်းကို ယာဉ်ထိန်းရဲ သို့မဟုတ် ကျောင်းမှတာဝန်ချထားသူ သို့မဟုတ် တာဝန်ပေးအပ်ခြင်းခံရသူများဖြင့် ကြပ်မတ်ထိန်းသိမ်း ရမည်။

၃၃၃။ အုပ်ထိန်းသူမပါသော အသက် ခြောက်နှစ်နှင့်အောက် ကလေးများအား လမ်းနယ်ပေါ်၌ သွားလာခြင်း မရှိစေရ။

၃၃၄။ ခြေကျင်လျှောက်သူသည် ခရီးသည်တင်ယာဉ် စီးလိုလျှင် သတ်မှတ်နေရာမှ စောင့်ဆိုင်း၍ စီးရမည်။ ဆင်းလိုလျှင်လည်း သတ်မှတ်နေရာတွင် ဆင်းရမည်။ ယင်းခရီးသည်တင်ယာဉ် ရပ်မှသာ သတိထား၍ အတက်အဆင်း ပြုရမည်။

၃၃၅။ လူသွားစင်္ကြံနှင့် လမ်းပေါ်တွင် အရံအတားများ တပ်ဆင်ထားရှိလျှင် ခြေကျင်လျှောက်သူသည် ထိုအရံအတားများ၏ အောက်မှလည်းကောင်း၊ အပေါ်မှလည်းကောင်း၊ ဖယ်ရှား၍လည်းကောင်း ဖြတ်သန်းခြင်း မပြုရ။

၃၃၆။ ခြေကျင်လျှောက်သူသည် လမ်းဖြတ်ကူးနေစဉ် သို့မဟုတ် လမ်းပေါ်တွင်လမ်းလျှောက်နေစဉ် တပ်မတော်ယာဉ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ယာဉ်၊ သူနာတင်မော်တော်ယာဉ်၊ မီးသတ်မော်တော်ယာဉ်နှင့် အခြားအရေးကြီးယာဉ်များ အချက်ပေးသံဖြင့်ဖြစ်စေ၊ အချက်ပြမီး အသုံးပြု၍ဖြစ်စေ လာနေသည်ကို ကြားသိလျှင် ထိုမော်တော်ယာဉ်များကို ဦးစားပေးလျက် လမ်းပေါ်မှအမြန် ဖယ်ပေးရမည်။

၃၃၇။ ခြေကျင်လျှောက်သူသည် စထွက်တော့မည့် မော်တော်ယာဉ်၏ ရှေ့နှင့် နောက်တွင်မရပ်ရ။

၃၃၈။ သက်ဆိုင်ရာတာဝန်ရှိသူက ဖြတ်သန်းမသွားရန် သို့မဟုတ် လမ်းမလျှောက်ရန် တားမြစ်ကြောင်း ဆိုင်းဘုတ်ဖြင့် ဖော်ပြသည့်နေရာတွင် ခြေကျင်လျှောက်သူသည် ဖော်ပြချက်အတိုင်း လိုက်နာရမည်။

၃၃၉။ ခြေကျင်လျှောက်သူသည် လူအသွားအလာ ရှုပ်ထွေးသည့် လမ်းနေရာ၊ ယာဉ်အန္တရာယ်ရှိသည့်နေရာနှင့် မော်တော်ကားလမ်းဖြတ်ကူးစဉ်တို့၌ လက်ကိုင်ဖုန်း၊ နားကြပ်(**Earphones/ Headphones/ Bluetooth**) အသုံးမပြုရ။

၃၄၀။ ဤအခန်းအရ ကျူးလွန်သည့် ပြစ်မှုအတွက် ဥပဒေပုဒ်မ ၉၆ ပါ ပြဋ္ဌာန်းချက်အရ ပြစ်ဒဏ်စီရင်ခြင်းခံရမည်။

၃၄၁။ ဦးစီးဌာနသည် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ လမ်းပေါ်၌ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးနှင့် ဦးစားပေးရေးအတွက် လိုအပ်သော အစီအမံများကို သက်ဆိုင်သည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

# အခန်း(၁၂)

## စက်ဘီးစီးသူများလိုက်နာရန် စည်းကမ်း

၃၄၂။ အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် စက်ဘီးစီးလျှင် မော်တော်ယာဉ်များနည်းတူ လမ်းစည်းကမ်းများကို လိုက်နာရမည်။ စက်ဘီးကိုမစီးဘဲ တွန်း၍သွားလာပါက ခြေကျင်လျှောက်သူများ လိုက်နာရန် စည်းကမ်းအတိုင်း လိုက်နာရမည်။ သို့ရာတွင် ခြေကျင်လျှောက်သူများကို အနှောင့်အယှက် မဖြစ်စေရ။

၃၄၃။ စက်ဘီးစီးလိုလျှင် စက်ဘီးတွင် လက်ကိုင်တန်း၊ တာယာ၊ ဘီးခွေ၊ ဘရိတ်၊ ခြေနင်းများ၊ သင့်လျော်သော အကွာအဝေးမှကြားနိုင်သော အချက်ပေးခေါင်းလောင်း ပါရှိရမည်။ တာယာများ ကောင်းမွန်ပြီး လေလုံလောက်စွာ ရှိရမည်။ စက်ဘီးအခြေအနေ ကောင်း မကောင်းကို စက်ဘီးစီးသူက စစ်ဆေးရမည်။

၃၄၄။ စက်ဘီး၏ရှေ့တွင် မီးအဖြူရောင်တစ်လုံး၊ စက်ဘီး၏နောက်တွင် ရောင်ပြန်ပြားအနီ တစ်ခုနှင့် ခြေနင်းများတွင် ရောင်ပြန်ပြားများကို တပ်ဆင်ထားရှိရမည်။ စက်ဘီး၏နောက်တွင် ရောင်ပြန်ပြား အနီအပြင် မီးအနီရောင်ကို တပ်ဆင်လိုလျှင် တပ်ဆင်နိုင်သည်။ ညအချိန်၌ မီးဖွင့်၍ စီးရမည်။

၃၄၅။ စက်ဘီးစီးသူသည် ထိုင်ခုံပေါ်တွင် ခွပြီး ခြေထောက်နှစ်ဖက်သည် သက်ဆိုင်သည့် ခြေနင်းများပေါ်တွင် နေသားတကျ တက်၍ နင်းနိုင်ရမည်။ ခြေနင်းမမီသော စက်ဘီးကိုမစီးရ။

၃၄၆။ စက်ဘီးစီးသူသည် သာမန်အားဖြင့် စက်ဘီးလက်ကိုင်တန်းကို လက်နှစ်ဖက်ဖြင့်ကိုင်၍ စီးရမည်။ လက်နှစ်ဖက်လုံးလွှတ်၍ မစီးရ။

၃၄၇။ စက်ဘီးစီးသူသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) လမ်း၏လက်ယာဘက် ကပ်၍စီးရမည်။ ရင်ပေါင်တန်းမစီးရ။

(ခ) စက်ဘီးအရှိန်လျှော့ခြင်း၊ ကွေ့ခြင်း၊ ကျော်တက်ခြင်း၊ တည့်တည့်သွားခြင်း၊ ရပ်ခြင်း စသည်တို့ကို လက်ဖြင့် ကြိုတင်အချက်ပြရမည်။

(ဂ) စက်ဘီး၏ နောက်ပစ္စည်းတင်စင်တွင် အသက် ငါးနှစ်နှင့် အထက် လူပိုတစ်ဦး တင်ဆောင်နိုင်သည်။

(ဃ) မိုးရွာနေစဉ် စက်ဘီးအား သတိထားစီးရမည်။

(င) စက်ဘီးစီးလမ်းများ သီးခြားသတ်မှတ်ထားပါက စက်ဘီးစီးသူသည် ထိုလမ်းကိုသာ အသုံးပြု ရမည်။

(စ) မောင်းနှင်သွားလာနေသော မော်တော်ယာဉ်၏ နောက်မှသော်လည်းကောင်း၊ ဘေးမှ သော်လည်းကောင်း ကပ်၍မစီးရ။

(ဆ) အခြားမော်တော်ယာဉ်ကို ကိုင်တွယ်၍ လိုက်ခြင်းမပြုရ။

(ဇ) သွားလာနေသည့် မော်တော်ယာဉ်တစ်စီးနှင့် တစ်စီးအကြား၊ ယာဉ်ကြော တစ်ခုနှင့် တစ်ခုအကြား၊ အခြားမော်တော်ယာဉ်များကို အနှောင့်အယှက်ဖြစ်အောင် မစီးရ။

(ဈ) လမ်းပေါ်၌ မိမိစက်ဘီးကို သမားရိုးကျစီးရမည်။ အဆန်းထွင်၍လည်းကောင်း၊ ယာဉ်ကြောကို မျက်နှာချင်းဆိုင်၍လည်းကောင်း မစီးရ။

(ည) လမ်းအလယ်ရှိ အလျားလိုက် မျဉ်းဖြူ မျဉ်းဝါ အမှတ်အသား၊ လမ်းပေါ်ကျွန်းနှင့် ကျွန်းအမှတ်အသားတို့ပေါ်၌ မစီးရ။

(ဋ) စက်ဘီးစီးနေစဉ် ထီးမဆောင်းရ။

(ဌ) စက်ဘီးစီးသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိစေရ။

(ဍ) စက်ဘီးစီးနေစဉ် လက်ကိုင်ဖုန်း၊ နားကြပ် (Earphones/ Headphones/ Bluetooth) အသုံးမပြုရ။

၃၄၈။ စက်ဘီးစီးသူသည် စက်ဘီး၏ နောက်ပစ္စည်းတင်စင်ပါရှိလျှင် ထိုစင်တွင် တင်ဆောင်နိုင်သည့် ပစ္စည်းအားလုံး၏ အတိုင်းအတာသည် အလျား နှစ်ပေ ( ၆၁ စင်တီမီတာ) ၊ အနံ နှစ်ပေနှင့် အမြင့် နှစ်ပေ ထက်မပိုစေရ။ စက်ဘီး၏ လက်ကိုင်တန်းရှေ့တွင် ခြင်းငယ်တစ်လုံးကို တပ်ဆင်ထားပါက ထိုခြင်းငယ်အတွင်း၌ ပစ္စည်းများ တင်ဆောင်နိုင်သည်။ ထိုခြင်းငယ်သည် လက်ကိုင်တန်းနှင့် ရှေ့မီးတို့အား အဟန့်အတား မဖြစ်စေရ။ တင်ဆောင်နိုင်သော ပစ္စည်းများ၏ အလေးချိန်သည် စက်ဘီးကို မထိန်းသိမ်းနိုင်လောက်အောင် မများစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို မတင်ရ။

၃၄၉။ စက်ဘီးစီးသူသည် ကုန်းတက်တွင် ဖြောင့်တန်းစွာ မစီးနိုင်လျှင် အခြားယာဉ်များ အနှောင့်အယှက် မဖြစ်စေရန် စက်ဘီးပေါ်မှဆင်း၍ တွန်းသွားရမည်။ ကုန်းဆင်းတွင် စက်ဘီးကို ဘရိတ်များဖြင့် ထိန်း၍ ဆင်းရမည်။ ကုန်းဆင်း၌ အရှိန်ပြင်းစွာ စီးနင်းခြင်းမပြုရ။

၃၅၀။ အများပြည်သူဆိုင်ရာနေရာတွင် စက်ဘီးများရပ်နားရန် သတ်မှတ်ထားသောနေရာ၌သာ စက်ဘီးကို ရပ်နားထားရမည်။ သတ်မှတ်ထားသည့် နေရာမရှိပါက လမ်းဘေးကပ်၍သော်လည်းကောင်း၊ ခြေကျင်လျှောက်သူများအား အနှောင့်အယှက်မဖြစ်စေဘဲ လူသွားစင်္ကြံပေါ်၌သော်လည်းကောင်း ရပ်နားထားနိုင်သည်။

၃၅၁။ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော်လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း စက်ဘီးမစီးရ။

၃၅၂။ ဦးစီးဌာနသည် စက်ဘီးစီးသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်ပါက သက်ဆိုင်သည့် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများအား အကြံပြုခြင်း၊ အစီအမံများ ရေးဆွဲခြင်း၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်နိုင်သည်။

၃၅၃။ အမြန်လမ်းကြီးပေါ်တွင် စက်ဘီးစီးနင်းသွားလာခြင်း၊ ဖြတ်သန်းခြင်း၊ နားနေခြင်း မပြုရ။

## အခန်း(၁၃)

## လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ

၃၅၄။ လမ်းညွှန်းများကို အောက်ပါအတိုင်းခွဲခြားထားသည်-

(က) အန္တရာယ်သတိပေးခြင်းလမ်းညွှန်းများ၊

( ခ) အမိန့်ပေးခြင်းလမ်းညွှန်းများ၊

(၁) ဦးစားပေးနှင့် ဦးစားရလမ်းညွှန်းများ၊

(၂) တားမြစ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းလမ်းညွှန်းများ၊

(၃) မဖြစ်မနေလိုက်နာရမည့် လမ်းညွှန်းများ၊

(၄) ထူးခြားအမိန့်ပေးလမ်းညွှန်းများ။

(ဂ) ညွှန်ပြခြင်းလမ်းညွှန်းများ၊

(၁) သတင်းအချက်အလက်၊ ပံ့ပိုးအထောက်အကူနှင့် ဝန်ဆောင်မှုဆိုင်ရာ လမ်းညွှန်းများ၊

(၂) ရောက်ရှိနေရာကိုအခြေပြု၍ ဦးတည်လမ်းကြောင်းများ သို့မဟုတ် ပေါက်ရောက်သည့် နေရာများကို ညွှန်ပြသည့်လမ်းညွှန်းများ၊

(ကက) ကြိုတင်ညွှန်ပြခြင်းလမ်းညွှန်းများ၊

( ခခ ) ဦးတည်ရာလမ်းကြောင်း၊ လမ်းနှင့် တည်နေရာပြ လမ်းညွှန်းများ၊

( ဂဂ ) တည်နေရာအတည်ပြုလမ်းညွှန်းများ၊

(ဃဃ) တည်ရှိနေပုံပြလမ်းညွှန်းများ။

(၃) သီးခြားစတုဂံပြားများ။

၃၅၅။ လမ်းအမှတ်အသားများကိုအောက်ပါအတိုင်းခွဲခြားထားသည်-

(က) အလျားလိုက်မျဉ်းအမှတ်အသားများ၊

(၁) ယာဉ်ကြောသတ်မှတ် အမှတ်အသားများ၊

(၂) လမ်း၏အခြေအနေအရ သီးသန့်ရေးဆွဲရသည့် အမှတ်အသားများ၊

(၃) လမ်းအစွန်းနယ်နိမိတ်ပြ အမှတ်အသားများ၊

(၄) မော်တော်ယာဉ်ကွေ့ရန် အမှတ်အသားများ၊

(၅) ယာဉ်အမျိုးအစားအလိုက် အရံယာဉ်ကြောပြ အမှတ်အသားများ။

(ခ) ကန့်လန့်ဖြတ်မျဉ်း အမှတ်အသားများ၊

(၁) ရပ်မျဉ်း အမှတ်အသားများ၊

(၂) လမ်းကြောင်းဦးစားပေးနေရာပြမျဉ်း အမှတ်အသားများ၊

(၃) ခြေကျင်လမ်းကူးနေရာ အမှတ်အသားများ၊

(၄) စက်ဘီး သို့မဟုတ် ဆိုင်ကယ်စီးသူများအတွက် လမ်းကူးနေရာအမှတ်အသားများ။

(ဂ) အခြားအမှတ်အသားများ၊

(၁) လမ်းပေါ်ယာဉ်ကြောပြ မြားဦးအမှတ်အသားများ၊

(၂) ဒေါင်လိုက်မျဉ်းပြိုင် အမှတ်အသားများ၊

(၃) လမ်းပေါ်ဆေးရေးစာလုံး အမှတ်အသားများ၊

(၄) ရပ်ဆိုင်းခြင်း၊ ရပ်နားခြင်း လမ်းပေါ်ဆေးရေး အမှတ်အသားများ၊

(၅) လမ်းပေါ်နှင့် နီးစပ်ရာ အဆောက်အအုံများတွင် ဆက်စပ်ရေးဆွဲရသည့် ဆေးရေး အမှတ်အသားများ၊

(၆) လမ်းပေါ်ကျွန်း အမှတ်အသားများ၊

(၇) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) အမှတ်အသားများ၊

(၈) အဖြူ၊ အနီကျား လမ်းဘေးတိုင်များ၊

(၉) ယာဉ်မောင်းသတိပေး အရှိန်လျှော့အမှတ်အသားများ။

၃၅၆။ ယာဉ်သွားလာမှုကို ကြီးကြပ်ထိန်းသိမ်းရန် အချက်ပြများကို အောက်ပါအတိုင်း ခွဲခြားထားသည်-

(က) ယာဉ်ထိန်း မီးအချက်ပြများ၊

(ခ) ခြေကျင်လမ်းအသုံးပြုသူများအတွက် မီးအချက်ပြများ၊

(ဂ) လမ်းအသုံးပြုသူများ လမ်းပေါ်တွင်သွားလာနေစဉ် အချက်ပြများ၊

(၁) မော်တော်ယာဉ်တွင် တပ်ဆင်ထားသည့် မီးများဖြင့် အချက်ပြခြင်း၊

(၂) အနေးယာဉ်များအတွက် လက်ဖြင့်အချက်ပြခြင်း။

(ဃ) ယာဉ်အသွားအလာ ကြီးကြပ်ထိန်းသိမ်းရန်တာဝန်ရှိသူ၏ အချက်ပြများ။

၃၅၇။ ဦးစီးဌာနသည် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများ၊ အချက်ပြမျ‌ားနှင့် စပ်လျဉ်း၍ အမိန့်နှင့် ညွှန်ကြားချက်ကို ထုတ်ပြန်ရမည်။

## အခန်း ( ၁၄ )

## ရန်ပုံငွေ လက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၃၅၈။ အမျိုးသားကောင်စီသည်-

(က) ဥပဒေပုဒ်မ ၆၉ အရ ထူထောင်ထားသည့် ရန်ပုံငွေကို လက်ခံရယူရေး၊ သုံးစွဲရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ညှိနှိုင်းရေးဆွဲ သတ်မှတ်ထားရမည်။

(ခ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အကြံပြုချက်များကိုရယူ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများ ရေးဆွဲရန် လမ်းညွှန်ရမည်။

၃၅၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီသည် ဥပဒေပုဒ်မ ၇၂ အရ ထူထောင်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရန်ပုံငွေတို့ကို လက်ခံရယူရေး၊ သုံးစွဲရေး၊ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများကို အမျိုးသားကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ရေးဆွဲသတ်မှတ်ထားရမည်။

၃၆၀။ ရန်ပုံငွေကို အောက်ပါကိစ္စရပ်များအတွက် သုံးစွဲနိုင်သည်-

(က) နိုင်ငံတော်အဆင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ခြင်း၊

(ခ) ကဏ္ဍအလိုက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်လျော့ပါးရေး အစီအမံများကို အကောင်အထည်ဖော်ခြင်း၊

(ဂ) ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ခြင်း၊

(ဃ) ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများ၊ စစ်ဆေးရေးလုပ်ငန်းများ၊ ဖမ်းဆီးအရေးယူရေး လုပ်ငန်းများ၊ ချီးမြှင့်ရေးလုပ်ငန်းများ၊

(င) ယာဉ်ကြောကြပ်တည်းမှု လျော့နည်းစေရေးလုပ်ငန်းများ၊

(စ) ရေတို၊ ရေရှည် လုပ်ငန်းအစီအမံများ။

၃၆၁။ အမျိုးသားကောင်စီသည် ရန်ပုံငွေနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ငွေစာရင်းများ ပြုစုခြင်းနှင့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရန် ဘဏ္ဍာရေးဆပ်ကော်မတီသို့ တာဝန်ပေးအပ်ရမည်။

၃၆၂။ အမျိုးသားကောင်စီက တာဝန်ပေးအပ်ခြင်းခံရသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် နေပြည်တော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီသည် နည်းဥပဒေ ၃၆ဂ ပါ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ ရန်ပုံငွေရရှိမှုနှင့် သုံးစွဲမှု အခြေအနေများကို အမျိုးသားကောင်စီသို့ အစီရင်ခံတင်ပြရမည်။

၃၆၃။ အမျိုးသားကောင်စီသည် နိုင်ငံအတွင်း ဆောင်ရွက်ရန်လိုအပ်သော ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စီမံချက်များ၊ အစီအစဉ်များကို အကောင်အထည်ဖော်ရန် ရန်ပုံငွေသည် လုံလောက်မှု မရှိပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ သင့်လျော်သော ရန်ပုံငွေပမာဏကို ထပ်မံခွဲဝေ သတ်မှတ် နိုင်ရေး ဝန်ကြီးဌာနကို တာဝန်ပေးအပ်လျက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြစေရမည်။

၃၆၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီသည် မိမိတို့၏ ဒေသအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ယာဉ်ကြော ကြပ်တည်းမှု လျော့နည်းစေရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရန်ပုံငွေမှ ကျခံသုံးစွဲရာတွင် လုံလောက်မှုမရှိပါက ခွဲဝေထောက်ပံ့ပေးနိုင်ရန် အမျိုးသားကောင်စီသို့ တင်ပြနိုင်သည်။

၃၆၅။ အမျိုးသားကောင်စီသည် နည်းဥပဒေ ၃၆၄ အရ တင်ပြချက်ကို စိစစ်ပြီး မိမိ၏ရန်ပုံငွေမှ သင့်လျော်သော ငွေပမာဏကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရန်ပုံငွေသို့ ခွဲဝေပေး နိုင်သည်။

၃၆၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီသည် ဥပဒေပုဒ်မ ၇၂ အရ ထူထောင်ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည်။

၃၆၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရန်ပုံငွေနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးစည်းမျဉ်းများ နှင့်အညီ ငွေစာရင်းများပြုစုခြင်းနှင့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရန် တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဝင်များ အနက်မှ သင့်လျော်သော ပုဂ္ဂိုလ်များကို ရွေးချယ်ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

( ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရန်ပုံငွေစာရင်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည်။

( ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရန်ပုံငွေ စာရင်းစစ် အစီရင်ခံစာကို အမျိုးသား ကောင်စီနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သို့ အစီရင်ခံ တင်ပြရမည်။

၃၆၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရန်ပုံငွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း အောက်ပါကိစ္စရပ်များအတွက် သုံးစွဲနိုင်သည်-

(က) နိုင်ငံတော်အဆင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ခြင်း၊

( ခ) ကဏ္ဍအလိုက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်လျော့ပါးရေး အစီအမံများကို အကောင် အထည်ဖော်ခြင်း၊

( ဂ) ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ခြင်း၊

(ဃ) ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများ၊ စစ်ဆေးရေးလုပ်ငန်းများ၊ ဖမ်းဆီး အရေးယူရေး လုပ်ငန်းများ၊ ချီးမြှင့်ရေးလုပ်ငန်းများ၊

( င) ယာဉ်ကြောကြပ်တည်းမှု လျော့နည်းစေရေးလုပ်ငန်းများ၊

( စ) ရေတို၊ ရေရှည် လုပ်ငန်းအစီအမံများ။

၃၆၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီသည် နည်းဥပဒေ ၃၆၈ ပါ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ လက်ခံရယူခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း အခြေအနေများကို အမျိုးသားကောင်စီသို့ အစီရင်ခံ တင်ပြရမည်။

၃၇၀။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာကောင်စီတို့သည် နိုင်ငံတကာအကူအညီပေးသူများနှင့် ပြည်တွင်းမှ အကူအညီပေးသူများက ကူညီထောက်ပံ့ပေးမည့် ထောက်ပံ့ရေးပစ္စည်းများကို သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အခွန်အကောက် ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်ရန် အမျိုးသားကောင်စီသို့ တင်ပြနိုင်သည်။

၃၇၁။ အမျိုးသားကောင်စီသည် နိုင်ငံတကာ အကူအညီပေးသူများနှင့် ပြည်တွင်းမှ အကူအညီပေးသူများက ကူညီထောက်ပံ့ပေးမည့် ထောက်ပံ့ရေးပစ္စည်းများကို သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အခွန်အကောက် ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပေးသင့်ကြောင်း တွေ့ရှိပါက ဆက်လက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနသို့ ညွှန်ကြားနိုင်သည်။

၃၇၂။ နည်းဥပဒေ ၃၇၁ အရ ညွှန်ကြားချက်ကို လက်ခံရရှိလျှင် သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်အကောက် ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်ရန် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်သည်။

## အခန်း(၁၅)

## အယူခံခြင်း

၃၇၃။ မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မပြုခြင်းကြောင့်ဖြစ်စေ၊ မော်တော်ယာဉ်မှတ်ပုံတင်ထားသူအမည် သို့မဟုတ် နေရပ်လိပ်စာ ပြောင်းလဲခွင့်မပြုခြင်းကြောင့်ဖြစ်စေ၊ မော်တော်ယာဉ်ကို မှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်နှင့်အညီ ပြင်ဆင်ပြီးနောက် ငြင်းပယ်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်စေခြင်းကြောင့်ဖြစ်စေ၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား သို့မဟုတ် မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ် သို့မဟုတ် အဆင့်မြင့်နည်းပညာသုံး မှတ်ပုံတင်အထောက်အထားတို့ကို မိတ္တူထုတ်ပေးရန် ငြင်းပယ်ခြင်းကြောင့်ဖြစ်စေ နစ်နာသည့် မော်တော်ယာဉ်ပိုင်ရှင်တစ်ဦးဦးသည် အယူခံဝင်ရောက်လိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရမည်။

၃၇၄။ နည်းဥပဒေ ၃၇၃ အရ အယူခံလျှောက်ထားသည့်အခါ အယူခံလျှောက်လွှာနှင့်အတူ သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိက အမိန့်ချမှတ်သည့် အကြောင်းကြားစာကို ပူးတွဲတင်ပြရမည်။ အယူခံလျှောက်လွှာတွင် အယူခံအကြောင်းပြချက်ကို ပြည့်စုံစွာဖော်ပြရမည်။

၃၇၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နည်းဥပဒေ ၃၇၃ အရ အယူခံလျှောက်လွှာကို လက်ခံရရှိသည့်အခါ-

(က) သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိကို ချေပတင်ပြရန် အကြောင်းကြားရမည်။

( ခ) သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိ၏ ချေပတင်ပြချက်နှင့် အယူခံလျှောက်ထားသူ၏ တင်ပြချက်တို့အပေါ် စိစစ်သုံးသပ်၍ ဆုံးဖြတ်ချက် ချမှတ်ရမည်။

၃၇၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် အယူခံမှုတွင် ဆုံးဖြတ်ချက်ကို အယူခံလျှောက်ထားသူနှင့် သက်ဆိုင်သည့် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိတို့ထံ အကြောင်းကြားရမည်။

၃၇၇။ နည်းဥပဒေ ၃၇၅ နည်းဥပဒေခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အယူခံဝင်ရောက်လိုပါက ဦးစီးဌာနသို့ လျှောက်ထားရမည်။

၃၇၈။ နည်းဥပဒေ ၃၇၇ အရ အယူခံလျှောက်ထားသည့်အခါ အယူခံလျှောက်လွှာနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို ပူးတွဲတင်ပြရမည်။ အယူခံလျှောက်လွှာတွင် အယူခံအကြောင်းပြချက်ကို ပြည့်စုံစွာဖော်ပြရမည်။

၃၇၉။ ဦးစီးဌာနသည် နည်းဥပဒေ ၃၇၇ အရ အယူခံလျှောက်လွှာကို လက်ခံရရှိသည့်အခါ−

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ချေပတင်ပြရန် အကြောင်းကြားရမည်။

( ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ချေပတင်ပြချက်နှင့် အယူခံလျှောက်ထားသူ၏ တင်ပြချက်တို့အပေါ် စိစစ်သုံးသပ်၍ ဆုံးဖြတ်ချက် ချမှတ်ရမည်။

၃၈၀။ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ထုတ်ပေးရန် ငြင်းပယ်ခြင်းကြောင့်ဖြစ်စေ၊ သက်တမ်းတိုးပေးရန် ငြင်းပယ်ခြင်းကြောင့်ဖြစ်စေ၊ မိတ္တူထုတ်ပေးရန် ငြင်းပယ်ခြင်းကြောင့်ဖြစ်စေ၊ ထုတ်ပေးထားသည့် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ခံရခြင်းကြောင့်ဖြစ်စေ နစ်နာသည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် အယူခံဝင်ရောက်လိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လျှောက်ထားရမည်။

၃၈၁။ နည်းဥပဒေ ၃၈၀ အရ အယူခံလျှောက်ထားသည့်အခါ အယူခံလျှောက်လွှာနှင့်အတူ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိက အမိန့်ချမှတ်သည့် အကြောင်းကြားစာကို ပူးတွဲတင်ပြရမည်။ အယူခံလျှောက်လွှာတွင် အယူခံအကြောင်းပြချက်ကို ပြည့်စုံစွာဖော်ပြရမည်။

၃၈၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နည်းဥပဒေ ၃၈၀ အရ အယူခံလျှောက်လွှာကို လက်ခံရရှိသည့်အခါ–

(က) သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိကို ချေပတင်ပြရန် အကြောင်းကြားရမည်။

( ခ) သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိ၏ ချေပတင်ပြချက်နှင့် အယူခံလျှောက်ထားသူ၏ တင်ပြချက်တို့အပေါ် စိစစ်သုံးသပ်၍ ဆုံးဖြတ်ချက် ချမှတ်ရမည်။

၃၈၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် အယူခံမှုတွင် ဆုံးဖြတ်ချက်ကို အယူခံလျှောက်ထားသူနှင့် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိတို့ထံ အကြောင်းကြားရမည်။

၃၈၄။ နည်းဥပဒေ ၃၈၂ နည်းဥပဒေခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အယူခံဝင်ရောက်လိုပါက ဦးစီးဌာနသို့ လျှောက်ထားရမည်။

၃၈၅။ နည်းဥပဒေ ၃၈၄ အရ အယူခံလျှောက်ထားသည့်အခါ အယူခံလျှောက်လွှာနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို ပူးတွဲတင်ပြရမည်။ အယူခံလျှောက်လွှာတွင် အယူခံအကြောင်းပြချက်ကို ပြည့်စုံစွာဖော်ပြရမည်။

၃၈၆။ ဦးစီးဌာနသည် နည်းဥပဒေ ၃၈၄ အရ အယူခံလျှောက်လွှာကို လက်ခံရရှိသည့်အခါ–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ချေပတင်ပြရန် အကြောင်းကြားရမည်။

( ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ချေပတင်ပြချက်နှင့် အယူခံလျှောက်ထားသူ၏ တင်ပြချက်တို့အပေါ် စိစစ်သုံးသပ်၍ ဆုံးဖြတ်ချက် ချမှတ်ရမည်။

၃၈၇။ ဦးစီးဌာနသည် နည်းဥပဒေ ၃၇၉ နည်းဥပဒေခွဲ(ခ)အရဖြစ်စေ၊ နည်းဥပဒေ ၃၈၆ နည်းဥပဒေခွဲ (ခ) အရဖြစ်စေ အယူခံမှုတွင် ချမှတ်သည့်ဆုံးဖြတ်ချက်ကို အယူခံလျှောက်ထားသူနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ထံ အကြောင်းကြားရမည်။

၃၈၈။ ဦးစီးဌာနက နည်းဥပဒေ ၃၇၉ နည်းဥပဒေခွဲ(ခ)အရ ဖြစ်စေ၊ နည်းဥပဒေ ၃၈၆ နည်းဥပဒေခွဲ (ခ)အရဖြစ်စေ ချမှတ်သည့်ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် အယူခံဝင်ရောက်လိုပါက ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၃၈၉။ အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်းခံရသူသည် လည်းကောင်း၊ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလိုင်စင် သို့မဟုတ် မော်တော်ယာဉ် မောင်းသင်တန်းကျောင်းလုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းခံရသူသည်လည်းကောင်း၊ လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ စီမံခန့်ခွဲရေးဆိုင်ရာ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရသူ သည်လည်းကောင်း အယူခံ ဝင်ရောက်လိုပါက ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၃၉၀။ နည်းဥပဒေ ၃၈၈ နှင့် နည်းဥပဒေ ၃၈၉ အရ အယူခံလျှောက်ထားသည့်အခါ အယူခံလျှောက်လွှာ နှင့်အတူ အမိန့်ချမှတ်သည့် အကြောင်းကြားစာကို ပူးတွဲတင်ပြရမည်။ အယူခံလျှောက်လွှာတွင် အယူခံအကြောင်းပြချက်ကို ပြည့်စုံစွာဖော်ပြရမည်။

၃၉၁။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၃၈၈ နှင့် နည်းဥပဒေ ၃၈၉ အရ အယူခံလျှောက်လွှာကို လက်ခံ ရရှိသည့်အခါ-

(က) ဦးစီးဌာနကို ချေပတင်ပြရန် အကြောင်းကြားရမည်။

(ခ) ဦးစီးဌာန၏ ချေပတင်ပြချက်နှင့် အယူခံလျှောက်ထားသူ၏ တင်ပြချက်တို့အပေါ် စိစစ် သုံးသပ်၍ ဆုံးဖြတ်ချက် ချမှတ်ရမည်။

၃၉၂။ အယူခံခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၁၆)

## အထွေထွေ

၃၉၃။ ဝန်ကြီးဌာနသည် နည်းပညာသုံးပို့ဆောင်ရေးစနစ် (ITS – Intelligent Transport System) အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၃၉၄။ ဦးစီးဌာနသည် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများ၊ မော်တော်ယာဉ်စစ်ဆေး ခြင်းဆိုင်ရာ လုပ်ငန်းများ၊ ယာဉ်မောင်းလိုင်စင်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အင်တာနက်ကွန်ရက် ချိတ်ဆက်ဆောင်ရွက်သည့်စနစ် (Online Networking System) ဖြင့် ဆောင်ရွက်နိုင်သည်။

၃၉၅။ အမြန်လမ်းမကြီးများနှင့် လမ်းမကြီးများကို အသုံးပြုသူသည် ဤနည်းဥပဒေများပါ သတ်မှတ်ချက်များကို သက်ဆိုင်သမျှ လိုက်နာဆောင်ရွက်ရမည်။

၃၉၆။ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများအရ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤနည်းဥပဒေများနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၉၇။ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

**(ပုံ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း**

**ပြည်ထောင်စုဝန်ကြီး**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

စာအမှတ်၊ ရထ-၂/ မလ(နည်းဥပဒေ)/ ၂၀၂၂ ( ၁၅၁ )

ရက် စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်